www.burmeseclassic.com

# ညွန်းခက်

ဖြတ်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com

# သူန်းဆစ်

## ဖြတ်ပိုင်း

စီစဉ်သူ - ဦးအောင်စိုး (မော်လမြိုင်)

ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ ညြာလမ်း၊ တာမွေမြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်(၂၀၈)၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၁၂၊ ၄နှစ်။
အတွင်းဖလင် – ကိုပေါက်
စာအုပ်ချုပ် – ကိုစိုးနိုင်နှင့်အဖွဲ့
အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၂၀၀ ကျပ်

ဖြန့်ချိရေး – ခွန်စိုးဝဉ်းကြယ်စာပေ
အမှတ် ၁၇၅-ဘီ၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၃၅၈

၈၉၅.၈၃
သွန်းဆစ်
ဖြတ်ပိုင်း / သွန်းဆစ် ။ - ရန်ကုန်
သိန်းမင်းစာပေ ၊ ၂၀၁၂ ။
၁၅၈ - စာ ၊ ၁၃ x ၂၀ စင်တီ။
(၁) ဖြတ်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com

# ဖြတ်ပိုင်း

သွန်းဆစ်

www.burmeseclassic.com

www.burmeseclassic.com

(ကောင်မလေးဟာ…)
မသိတိန်းလေးတစ်ခုပေါ့။
သူ့ကို တွက်ချက်ဖို့တော့
အပေါင်း၊ အနှုတ်၊ အမြှောက်၊ အစားတွေနဲ့
နည်းနည်းတော့ စဉ်းစားရတယ်…။ ။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

သူ့အထင် မှန်ပြီဆိုသော လင်းဝေ သိလိုက်သည်။ 'သပြေညို' ဆိုသော အအေးဆိုင်လေးအတွင်းမှာ 'ထွန်းနှစ်ထွန်း' ဆိုသည့် 'ညီညီထွန်း' နှင့် 'ဝင်းလင်းထွန်း' ကို လှမ်းမြင်ရသည်လေ။

ဆိုင်ထဲ လှမ်းဝင်လိုက်တော့ . . .

"လင်းဝေ . . . မင်းကို ဒီနေ့မလာလောက်သေးဘူးလို့တောင် ထင်ထားတာ"

လူကောင်သေးသလောက် အသံကြီးသည့် ညီညီထွန်းက လှမ်းပြောသည်။ လင်းဝေက ဘာမှပြန်မပြောဘဲ ဝိုင်းအတွင်း ဝင်ထိုင်လိုက်ပြီးမှ–

"အေးကွာ . . . အစကတော့ မလာဘူးလို့ တွေးထားတာ၊ ဒါပေမဲ့ . . . အိမ်မှာ နေရတာလည်း ပျင်းနေပြီကွာ၊ အဲဒါနဲ့ မင်းတို့ ရှိလောက်မယ် ထင်လို့ လာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရမယ်လေ"

ညီညီထွန်းက ပြောရင်း . . .

"ငါတို့နှစ်ယောက်တောင် ဒီမှာ ထိုင်နေတာ ပျင်းလာလို့ စဉ်းစားလို့ရတဲ့ အကြံတစ်ခုကို လုပ်မယ်ဆိုပြီး တိုင်ပင်နေတာ"

"ဘာအကြံလဲ"

သူ့အမေးကို ချက်ချင်း ပြန်မဖြေသေးဘဲ ညီညီထွန်းက တဟဲဟဲ ရယ်၏။ ပြီးမှ . . .

"ဖရက်ရှာလေးတွေကို လိုက်ပြီး မိတ်ဖွဲ့မလို့ကွ"

"ဪ"

ဘာအကြံများပါလိမ့် . . . ဟု တွေးလိုက်မိသော သူ့မှာ ချက်ချင်း စိတ်ဓာတ်ကျသွားရသည်။

'ဖရက်ရှာ' ဆိုတာ မည်သည့်အဓိပ္ပာယ်မှန်း တက္ကသိုလ်ကျောင်းသား ကျောင်းသူတိုင်း သိကြပါသည်။ အသစ်ကျပ်ချွတ် ကျောင်းသားကျောင်းသူလေးတွေပေါ့။ 'ပထမ' နှစ်လေးတွေဟု ထပ်ပြောလျှင် အမြင်ကတ်ကြဦးမည်။

ဝင်းလင်းထွန်းက . . .

"ဟုတ်တယ် လင်းဝေ . . . ဖရက်ရှာကောင်မလေးတွေက ဘယ်သွားလို့ သွားရမှန်း မသိဘဲ ဟိုမေး ဒီမေး ဖြစ်နေကြတာ၊ အဲဒါလေးကို လည်း လိုက်ကူညီရင်း မိတ်ဖြစ်ဆွေဖြစ် သဘောပေါ့ကွာ"

"ဪ . . . ဪ"

နှာတစ်ကြော 'ထ' ကြတော့မည်ကို သိသည်မို့ လင်းဝေ ဘာမှ ပြန်မပြောတော့ဘဲ လွယ်အိတ်ထဲမှ ဆေးပေါ့လိပ်တစ်လိပ်ကို ထုတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မီးညှိဖွာရှိုက်သောက်လိုက်တော့သည်။

ကျောင်းဖွင့်စမို့ ကျောင်းဝန်းထဲမှာ သူတို့လို အတန်းကြီးကျောင်းသား ကျောင်းသူတွေကို များများစားစား မတွေ့ရချေ။ ဒါကလည်း ပုံမှန်ပင်။

ကျောင်းဖွင့်စမှာ အတန်းကြီးတွေက ကျောင်းကို မလာတတ်ကြ။ ညီညီထွန်းတို့လို ဖရက်ရှာဆန်းစစ်တတ်သူတွေနှင့် ကိုယ့်လို ဘာရယ်မဟုတ် အပျင်းပြေ လာတတ်သူတွေပဲ ရှိသည်လေ။ ဖရက်ရှာလေးတွေကိုတော့ တဖွဲဖွဲပင် မြင်နေရ၏။

ညီညီထွန်းက ပြုံးဖြီးဖြီးနှင့် ...

"ဘယ်လိုလဲ ... လိုက်မှာလား။ ငါတို့ကတော့ ရွှေ့ချင်နေပြီ"

"ရွှေ့ကွာ ... ရွှေ့ရွှေ့ ငါ ဒီမှာပဲ ရှိနေမယ်"

"မလိုက်ဘူးဆိုပါတော့"

"ဝါသနာကို မပါတာ"

"အေး ... ဒါဆိုလည်း လိမ်လိမ်မာမာနေခဲ့ကွာ၊ မင်းဆရာနှစ်ယောက် ပြန်ရောက်တော့မှ စာတွေ့လေး သင်ယူလေ့လာပေါ့"

"ဩ"

"သွားပြီဟေ့"

"ခွေးမသားနှစ်ကောင်"

အဆဲမဆုံးခင်မှာပဲ ညီညီထွန်းနှင့် ဝင်းလင်းထွန်းတို့က ဆိုင်အပြင်ရောက်သွားကြတော့သည်။ လင်းဝေလည်း ဆေးပေါ့လိပ်သာ ဖွာရင်း ကျန်ခဲ့ရ၏။

ကိုယ့်အတွေးနှင့် ဟိုငေးဒီငေး လုပ်နေတုန်း ...



www.burmeseclassic.com

www.burmeseclassic.com



"ခစ် ... ခစ် ... ဆေးပေါ့လိပ်ကြီးနဲ့ဟယ်"

"အေးလေ ... စတိုင်ပဲ့လိုက်တာ ... အံ့ရော"

သူ့ဘေးနားမှ ဖြတ်လျှောက်သွားသော ကောင်မလေးနှစ်ယောက်က လှာနှင့် ခလုတ်တိုက်သွားခြင်းဖြစ်သည်။ သူ့ကိုကြည့်ကာ တမင်ပင် ဟီးဟီးဟားဟား လုပ်သွားကြ၏။

လင်းဝေ မည်သို့မျှ ပြန်မပြောလိုက်ပါ။ သူကလည်း သူပဲ ဖြစ်၏။ တခြားသူတွေလို စီးကရက်လေး လက်ကြားညှပ်ပြီး မရှိချေ။ ဝယ်မသောက်နိုင်၍ မသောက်ခြင်းလည်း မဟုတ်။ သူ အာတွေ့သည်က ဆေးပေါ့လိပ်။ ဘယ်သူတွေ ဘာပြောပြော ဆေးပေါ့လိပ်ကိုသာ စွဲစွဲလမ်းလမ်း ရှိခဲ့သည်သာ။ ဘေးလူတွေအမြင်ကတော့ တစ်မျိုးဖြစ်ချင် ဖြစ်နေမည်။

"ဟူး ..."

ဆေးလိပ်မီးခိုးတွေကို မှုတ်ထုတ်ရင်း လင်းဝေ ကိုယ့်အတွေးနှင့်ကိုယ် ဆက်ငြိမ်နေလိုက်သည်။

"အစ်ကို ... ကော်ဖီ မှာဦးမှာလား။ ကျွန်တော်လည်း လာမေးဖို့ လုပ်ပြီး မေ့နေလို့"

သူနှင့်ခင်သော စားပွဲထိုးကောင်လေးက မေးသည်။

"အေး, အေး ... ညီလေး၊ ထုံးစံအတိုင်း ကျကျလေးပဲ လုပ်လိုက်ကွာ၊ မှတ်မိတယ်မလား"

"သိပါတယ် အစ်ကိုရဲ့ ... စိတ်ချ"

စားပွဲထိုးလေး လှည့်ထွက်သွားစဥ်မှာပဲ သူ့လွယ်အိတ်ထဲမှ ဖုန်းက သီချင်းတစ်ပုဒ်ကို စူးစူးဝါးဝါး ထအော်လေသည်။

"+ − × ÷ % etc"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းနံပါတ်ကိုကြည့်လိုက်တော့ ရှားရှားပါးပါး တစ်ဦးတည်းသော မိန်းကလေးသူငယ်ချင်းဖြစ်သည့် နွယ်နီနီလင်းဆီမှ ဖြစ်သည်။

ဖုန်းကိုဖွင့်ကာ 'ဟယ်လို' ရုံ ရှိသေး၏။ နွယ်နီနီလင်းအသံက. .

"လင်းဝေ . . . ငါ့ဆီကို ချက်ချင်းဖုန်းပြန်ခေါ်နော် . . . ဒါပဲ"

အမောတကောအသံနှင့်ပြောရင်း ချက်ချင်း ဖုန်းချသွားသည်။ နွယ်နီနီလင်းအကြောင်းကို သိသဖြင့် လင်းဝေ စဉ်းစားသွားရသည်။ အခြားတော့မဟုတ်။ နွယ်နီနီလင်းဆိုသော ရှားရှားပါးပါး သူငယ်ချင်းမလေးက ဖုန်းအဝင်တွေကိုသာ အဓိကလက်ခံစကားပြောသည့် ချစ်တီးမလေးတစ်ယောက် ဖြစ်နေခြင်းကြောင့်ပင်။

သို့သော် အဆက်အသွယ်မရှိသည့်က ကျောင်းပိတ်ရက်ကာလ တစ်ခုလုံး ဖြစ်ခဲ့သည့်ကတစ်ကြောင်း၊ ကိုယ်ကလည်း သူ့လို ချစ်တီးမကျချင်တာတစ်ကြောင်းမို့ လင်းဝေ ဖုန်းပြန်ခေါ်လိုက်ပါသည်။

သို့သော်လည်း ယခုပင် ဖုန်းချသွားသည့် နွယ်နီနီလင်းတစ်ယောက်က ဆက်သွယ်မှုဧရိယာပြင်ပသို့ မည်သို့မည်ပုံ ချက်ချင်းရောက်ရှိသွားသည် မသိချေ။ သုံးလေးကြိမ်ခေါ်သော်လည်း ဖုန်းထဲက မိန်းမပျိုက 'ဧရိယာပြင်ပသို့' သာဟု အပ်ကြောင်းထပ်အောင် တုံ့ပြန်လာသည်မို့ လင်းဝေ စိတ်လျှော့လိုက်သည်။

စိတ်ဆိုးရင်လည်း မတတ်နိုင်ဘူး။ တွေ့မှ ပြောချင်တာပြောတော့မယ်။ ထိုအချိန်မှာပဲ မှာထားသော ကော်ဖီက ရောက်လာသည်။

"အစ်ကိုရေ . . . တောင်းပန်တယ်၊ ရေနွေးက နည်းနည်းနွေးနေလို့ ပြန်ပြီးအပူပေးနေတာနဲ့ ကြာသွားတယ်"

"အေး . . အေး . . . ရတယ် ညီလေး . . . ကိစ္စမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ်လည်း လင်းဝေအတွက် မည်သည့်ကိစ္စမျှ မရှိချေ။ 'ဇရက်ရှာ' လေးတွေလို ကိုယ်နှင့်သက်ဆိုင်သည့် စာသင်ခန်းကို အမောတကော ရှာဖွေရမည့်ကိစ္စမျိုးလည်း မရှိ။ အခြားမည်သည့်ကိစ္စမှလည်း အထွေအထူးရှိမနေပါ။ အထက်မှာဆိုခဲ့ပြီးသည့်အတိုင်း ကျောင်းပိတ်ရက်ကာလအကြာတစ်ခုအတွင်းက ပျင်းရိနေသော စိတ်တွေကို ယခုလို ကျောင်းဖွင့်စရက်တွေမှာ လာရောက်ဆေးကြောနေခြင်း ဖြစ်သည်။

သို့သော် လောလောဆယ်တော့ တစ်ယောက်တည်းဖြစ်နေ၍ ခပ်ငေါင်ငေါင် ဖြစ်နေမိ၏။ ညီညီထွန်းနှင့် ဝင်းလင်းထွန်းတို့ကလည်း တော်ရုံနှင့် ပြန်လာကြဦးမည်မဟုတ်။ နာကြောရှည်နိုင်သ၍ ခြေရှည်ကြလေဦးမည်။

ထို့ကြောင့် လင်းဝေမှာလည်း ကော်ဖီတစ်ငုံ,ငုံလိုက်၊ ဆေးပေါ့လိပ်ဖွာလိုက်သာ လုပ်နေရသည်။

ဟိုတွေး ဒီတွေးလုပ်ရင်း ရုတ်တရက် လင်းဝေမှာ . . .

"အာ့"

ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်း လင်းဝေ မသိသေး။ ထိုင်ရာကတော့ ဝုန်းခနဲ ထ,ရပ်လိုက်မိသည်။

ပထမဆုံး သတိထားမိသည်က မျက်လုံးရှေ့မှ မြင်ကွင်းဖြစ်၏။

"အမေ့ . . . ပူလိုက်တာ . . . ဘာကြီးလဲ"

အသံနှင့်အတူ ကောင်မလေးတစ်ယောက်က သူ့လက်ကို သုတ်နေသည်။

လင်းဝေ အလန့်တကြားကြည့်ရင်း ချက်ချင်းပင် သဘောပေါက်လိုက်၏။ ထိုသည်ကတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



တစ် → ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေမိစဉ်မှာ လက်ခုံပေါ်သို့ ဆေးလိပ်မီး ဖွာကျသွားသည်။

နှစ် → ထို့ကြောင့် လန့်သွားမိပြီး ဆေးလိပ်ကို လွှင့်ပစ်လိုက်သလို ဖြစ်သွား၏။

သုံး → ဆေးလိပ်က ဆိုင်ထဲဝင်လာသော ကောင်မလေးတစ်ယောက်၏လက်ပေါ်သို့ တည့်တည့်ကျသွားလေသည်။

"ဟာ"

အာမေဍိတ်ပြုလုပ်ရုံမှတစ်ပါး လင်းဝေ မည်သို့ဖြေရှင်းရမည် မသိသေး။ အဖြစ်အပျက်ကြောင့် ကြောင်အ,နေမိသည်။

ကောင်မလေး၏အကြည့်က လင်းဝေဆီသို့ စူးခနဲပင် တည့်တည့်ဆိုက်ရောက်လာ၏။

လင်းဝေလည်း ကောင်မလေးရှေ့သို့ ကပျာကယာရောက်သွားပြီး-

"ဆောရီး ... ဆောရီးပါဗျာ၊ ကျွန်တော် ခင်ဗျားကို တမင်လုပ်တာ မဟုတ်ပါဘူး၊ ကျွန်တော့်အတွေးနဲ့ ကျွန်တော် ဖြစ်နေတုန်း ... ဟို ... ဆေးလိပ်က ကျွန်တော့်လက်ပေါ် မီးဖွားကျပြီး"

မည်သို့ ဆက်ပြောရမည်ကို လင်းဝေ ကမန်းကတန်း စဉ်းစားနေခိုက် ...

"ရပါတယ်"

ကောင်မလေး၏အသံက သာသာအေးအေး။ လင်းဝေ အံ့ဩတကြီးနှင့် မျက်ခုံးပင့်ကြည့်လိုက်မိသည်။ သူ့စိတ်ထဲမှာ 'ပြဿနာတော့ဖြစ်ပြီ' ဟု ထင်မိလိုက်သော်လည်း ကောင်မလေးက ...

"မတော်တဆဖြစ်တာပဲ ... ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ကို ရုပ်သိမ်းပြီး တိုးတိတ်ညင်သာစွာ ပြောလေသည်။ လင်းဝေ ပါးစပ်အဟောင်းသား ဖြစ်သွားမိသည်။ ကောင်မလေး၏လက်ဖျံ တစ်ဖက်မှာ ဆေးလိပ်မီးဒဏ်ရာက အထင်းသားကြီး။ သို့သော် ဘာမှ မဖြစ်သလို အေးအေးဆေးဆေးပုံစံနှင့် ပြောလာသည်ကြောင့် . . .

"မဟုတ်သေးပါဘူး၊ ခင်ဗျားလက်မှာ . . ."

"ရပါတယ်၊ ဒီဒဏ်ရာလောက်က ကိစ္စမရှိပါဘူး"

"ဟာ . . . အဲလိုတော့ ဘယ်ဟုတ်မလဲ၊ ကျွန်တော် ခင်ဗျားကို"

ကောင်မလေးက သူ့ကို ဖျတ်ခနဲ ကြည့်သည်။ ဘာရယ်ကြောင့် မှန်းမသိ။ ထိုအကြည့်ကြောင့် လင်းဝေစိတ်ထဲမှာ တစ်မျိုးဖြစ်သွားရသည်။ သူမအကြည့်တို့က . . .

ကောင်မလေးက အကြည့်ကို ခပ်လေးလေးပြန်လွှဲသွားပြီး . . .

"ရပါတယ် . . . တကယ့်ကို ဘာမှမဖြစ်တာပါ"

ကောင်မလေး၏မျက်ဝန်းတွေထဲမှာ မည်သည့်ဒေါသအရိပ်အယောင်မျှ မတွေ့လိုက်ရ။ ကောင်မလေးက ဆိုင်ပေါက်ဝဆီသို့ ဖြည်းဖြည်းအေးအေး ပြန်လှည့်လျှောက်သွားသည်။

လင်းဝေ ပါးစပ်အဟောင်းသားနှင့်ပင် ကြည့်နေမိ၏။

ဆိုင်လေး၏မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ လင်းဝေ အံ့သြတကြီး ဖြစ်မိဆဲ။

စိတ်ထဲမှာတော့ ထိုကောင်မလေး၏ အသက်မရှိတော့သလို မျက်ဝန်းများက ပဟေဠိဆန်စွာ ကျန်ခဲ့လေသည်။ သူ့ရင်ထဲမှာလည်း ထူးစုံ တစ်ခုသော ခံစားချက်တို့က . . .

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

နွယ်နီနီလင်းက ခုံမှာဝင်ထိုင်ထိုင်ချင်းပဲ အလိုမကျသောအကြည့်နှင့် ကြည့်လာသည်။ ပြီး ... တစ်ဆက်တည်း နှုတ်ခမ်းကို တစ်တောင်မျှနီးပါး ကြိုးစားပန်းစား ထော်ကာ ...

"လင်းဝေ"

"ဟော"

"နင် ... ဘာလို့ ဖုန်းပြန်မဆက်တာလဲ"

လင်းဝေ ခပ်တည်တည်ဖြင့် ...

"အဲဒီနေရာမှာ ဘာရှိလဲ"

"ဟမ်"

"အဲဒီနေရာမှာ ဘာရှိလဲလို့"

"ဘယ်နေရာကို ပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင် . . . ငါ့ဆီ ဖုန်းဆက်ပြီး ရောက်သွားတဲ့နေရာလေ"

"ငါက ဘယ်နေရာ ရောက်သွားလို့လဲ၊ ကျောင်းကိုပဲ တန်းလာတာလေ"

"ဒါဆို . . . ဟိုမိန်းမ ငါ့ကို လိမ်တာပေါ့"

"ဟင် . . . ဘယ်သူလဲ၊ ဘယ်မိန်းမလဲ"

"ဖုန်းထဲက မိန်းမလေ၊ နင်က အဲဒီနေရာကို ရောက်သွားလို့တဲ့၊ ငါ့ကို ပြောင်လိမ်သွားတာ"

နွယ်နီနီလင်း ချက်ချင်း သဘောပေါက်သွား၏။

"ကောင်စုတ်လင်းဝေ . . . ဖုန်းပြန်ဆက်လို့ မရဘူးဆို ပြီးတဲ့ဟာကို"

"ဟဲ ဟဲ ဟဲ"

နွယ်နီနီလင်းက မျက်စောင်းထိုးပြီး . . .

"ဒါနဲ့ ဟိုနှစ်ကောင်ရော"

ညီညီထွန်းနှင့်ဝင်းလင်းထွန်းတို့ကို မေးခြင်းဖြစ်သည်။

"ငါ ရောက်ပြီး မကြာခင်မှာပဲ ထွက်သွားကြလေရဲ့"

"ထုံးစံအတိုင်းပဲပေါ့"

"အေး"

နွယ်နီနီလင်းက သက်ပြင်းတစ်ချက်ကို ဟန်ပါပါချရင်း . . .

"အဲဒီနှစ်ကောင်လည်း ဒါနဲ့ပဲ သေမှာပဲ"

"ဒါတော့ ခွင့်လွှတ်လိုက်လေဟာ၊ နင်တောင် ဆားပုလင်းနှင်းမေ ဖြစ်ချင်သေးတာပဲ"

နွယ်နီနီလင်းက မျက်စောင်းထိုးပြန်သည်။ ဟုတ်မှန်နေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မည်သို့မျှတော့ ပြန်မပြော။ အမှန်တကယ်မှာလည်း နွယ်နီနီလင်းက စုံထောက်ဝတ္ထု၊ စုံထောက်ဇာတ်ကားတွေကိုကြည့်ပြီး စုံထောက်ရူး ရူးနေတတ်သူဖြစ်သည်။ ဆားပုလင်းနှင်းမောင်၏ညီမ ဆားပုလင်းနှင်းမေဟု သူတို့က နာမည်ပေးထား၏။

တစ်ခါတုန်းက လင်းဝေက´...

"နွယ်နီ ...နင့်အဖေက ရွာသာကြီးစိတ်ရောဂါကုဆေးရုံမှာ ဆရာဝန်နော်"

"အေးလေ ... အဲဒါဘာဖြစ်လဲ"

အမှန်လည်း နွယ်နီနီလင်း၏အဖေက စိတ်ရောဂါကုဆရာဝန်ကြီး တစ်ယောက် ဖြစ်သည်။

"ဒါဆို နင့်အဖေကုတဲ့လူတွေက အရူးတွေပေါ့"

"ဒါပေါ့"

"ဒါတော့ မြင်ယောင်ပါတယ်"

"ဘာလဲ"

"နင့်အဖေကုတဲ့ အရူးတွေထဲမှာ အရူးတစ်မျိုး ထပ်တိုးလာဦးမယ် ဆိုတာ"

"ဟင် ... ဘာအရူးလဲ"

"စုံထောက်ရူးလေ၊ နင့်ကိုပြောတာ"

ထိုစဉ်က နွယ်နီနီလင်းတစ်ယောက် စိတ်အလွန်ဆိုးလေသည်။ သို့သော် ဘယ်လိုပြောပြော ဝါသနာကိုတော့ မစွန့်လွှတ်နိုင်ချေ။

ယခုပင်ကြည့် ...

"ဟဲ့ ... လင်းဝေ ငါ ကားစီးလာတုန်းက မသင်္ကာစရာတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့တယ်ဟ"

"ဘာလဲ"

"လူမိုက်ပုံစံ လူတစ်ယောက်ဟာ လူအရမ်းကျပ်နေတဲ့ ကြားထဲက ငါ့ဘေးနားမှာ ရပ်နေတဲ့ အမျိုးသမီးနားကို တဖြည်းဖြည်းချဉ်းကပ်လာတယ်"

"အင်း"

"သူ့မျက်လုံးတွေကလည်း ဟိုကြည့်ဒီကြည့်နဲ့ တစ်ခုခုကို ကြံစည်နေပုံမျိုး"

"အေး"

"အမျိုးသမီးက ရွှေတွေ အတော်ဆင်ထားတာဟ၊ ဆွဲကြိုးတွေရော၊ လက်ကောက်တွေရော အစုံပဲ"

"ဩော် ... ဩော်"

"အဲဒီလူလည်း အမျိုးသမီးအနောက်ကိုရောက်ရော"

"ဘာဖြစ်လဲ"

"အမျိုးသမီး ငါ့ဘက်ကပ်လာရင် သူလည်း လိုက်ကပ်တယ်၊ အမျိုးသမီး ဟိုဘက်ရွှေ့သွားရင် သူလည်း လိုက်ရွှေ့တယ်"

"အဲ"

"အဲဒါပြစ်မှုတစ်ခုကို ကျူးလွန်တော့မယ်လို့ ငါ့စိတ်ထဲ ထင်နေတယ်"

"ထားပါတော့ ... အဲဒါနဲ့ ဘာဆက်ဖြစ်လဲ"

"ကျောင်းနားရောက်လာလို့ ငါ ဆင်းခဲ့လိုက်ရလို့ပေါ့၊ ဆိုလိုချင်တာ တော့ ခါးပိုက်နှိုက်လား ဘာလား ... တစ်ခုခုပဲ"

www.burmeseclassic.com



"ငါတော့ အဲလိုမထင်ဘူး"

"နင်က ဘယ်လိုထင်လို့လဲ"

"နင့်ဘေးက အမျိုးသမီးက တော်တော် ဘော်ဒီတောင့်တယ် မလား"

"အေး . . . နင် ဘယ်လိုသိလဲ"

"ဒါဆို သေချာပြီ၊ အဲဒီလူ စိတ်ဝင်စားတာ ရွှေတွေ၊ ငွေတွေ မဟုတ်ဘူး၊ အဲဒီလူက ခါးပိုက်နှိုက်လည်း မဟုတ်ဘူး"

"ဟင် . . . ဒါဆို ဘာလဲ"

"တောက်တဲ့"

"ဟင်"

"တိုင်မှာမကပ်ဘဲ အမျိုးသမီးတွေရဲ့နောက်ကိုမှ လိုက်ကပ်တတ်တဲ့ တောက်တဲ့"

နွယ်နီနီလင်း ငြိမ်သွားသည်။ ခဏကြာမှ မကျေမချမ်းအသံနှင့်–

"အဲလိုမှန်းသိရင် စောစောကပဲ ကြိုးနဲ့တုပ်ပြီး ခေါ်လာပါတယ်၊ အခုလို တောက်တဲ့တွေ ဈေးကောင်းရနေတဲ့အချိန်မှာ အဲလို တောက်တဲ့မျိုးဆိုရင်တော့ တော်တော်ဈေးကောင်းရမှာ"

လင်းဝေ ရယ်ချင်သွားမိသည်။

"အဲလို ငါးပေကျော်တဲ့ တောက်တဲ့မျိုးတွေကတော့ နင် ရောင်းလို့ရမှာ မဟုတ်ဘူး၊ ရဲစခန်း ပို့လို့ပဲရမှာ"

"အေး . . . ဟုတ်တယ်၊ နင်ပြောတာ မှန်တယ်"

နွယ်နီနီလင်းနှင့်အတူ လင်းဝေ လိုက်ရယ်မိသည်။

"ဟိုတောက်တဲ့နှစ်ကောင်လည်း ဘယ်မှာ လိုက်ကပ်ဖို့ ချောင်းနေ



www.burmeseclassic.com

www.burmeseclassic.com



လည်း မသိဘူး”

ပြောရင်း နွယ်နီနီလင်းက အသံတစ်မျိုး ပြောင်းသွားကာ ...

“ဟဲ့ လင်းဝေ ... ဟိုမှာကြည့်လိုက်စမ်း”

“ဘာလဲဟ”

နွယ်နီနီလင်း လက်ညှိုးညွှန်ရာဆီ လိုက်ကြည့်ရင်း လင်းဝေ အကြည့်တို့ ငြိမ်သွားမိသည်။ ဟင် ... ဒါ မနက်က ကောင်မလေးပဲ။

ကောင်မလေးက စာရွက်တစ်ရွက်ကို အစိတ်စိတ်အမြွှာမြွှာ ဆွဲဖြဲကာ လွှင့်ပစ်နေခြင်း ဖြစ်သည်။ ကင်န်တင်းနှင့် မလှမ်းမကမ်း မြက်ခင်းပြင်တစ်နေရာမှာ စာရွက်အပိုင်းအစလေးတွေက ဟိုတစ်စ ဒီတစ်စ လွှင့်ဝဲကျသွား၏။

လင်းဝေကြည့်နေမိစဉ်မှာပဲ ကောင်မလေး၏အကြည့်က သူ့ထံ လွှင့်ခနဲ ရောက်ရှိလာပေသည်။ အကြည့်နှစ်ခု ဆုံသွားချိန်မှာ ...

“အာ့”

လင်းဝေ ဘယ်ဘက်ရင်အုံတစ်ဖက်မှာ စူးခနဲ ပူလောင်သွား၏။

“ကောင်းတယ် ... မီးပွားကျပြီမလား၊ အဲဒီဆေးပေါ့လိပ်ကို သောက်ချင်ဦး”

ဆေးပေါ့လိပ်ကိုက်လက်စကြီး ဖြစ်နေ၍ နွယ်နီနီလင်းကို မတုံ့ပြန်နိုင်အား။ မီးပွားကျသွားသည့်နေရာကိုသာ လက်နှင့် အရင်သပ်ရသည်။ ဆေးပေါ့လိပ်ကို ပါးစပ်မှ ချွတ်ပြီး အရှေ့က ပြာခွက်ထဲ ထိုးထည့်လိုက်၏။

ငုံ့ကြည့်တော့ အင်္ကျီရင်ဘတ်က အပေါက်က အတော်ကြီး၏။ အခြားမည်သည့်နေရာတွေကိုရော မီးပွားကျသွားသေးလဲဆိုတာ လိုက်ကြည့်ရသေးသည်။ မတော် ... ခက်ကုန်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် လုံခြုံစိတ်ချရတော့မှ ခေါင်းကို ပြန်ထောင်ရသည်။

"ဟင် ... ဟိုကောင်မလေးရော"

"ဘယ်ကောင်မလေးလဲ"

"ခုနက စာရွက်ဖြန့်နေတဲ့ ကောင်မလေးလေ"

"သွားတာဖြင့် ကြာပြီ"

"ဟာ ... ဘယ်ဘက်ထွက်သွားတာလဲ"

သူ့အသံကြောင့် နွယ်နီနီလင်းက မျက်မှောင်ကြုတ်ကြည့်သည်။ သူကလည်း ကိုယ့်ကိုယ်ကိုယ်ပင် မည်သို့ဖြစ်၍ဖြစ်မှန်း မသိလိုက်ဘဲ အမောတကော ဖြစ်သွားသည်ကိုး။

"ဟဲ ... ဟဲ ... ဟဲ ... ဟဲ"

လင်းဝေ ရှက်ရယ်ရယ်လိုက်မိသည်။ နွယ်နီနီလင်းက သူ့မျက်နှာကို သေသေချာချာပင် စေ့စေ့စူးစူးကြည့်လာပြီး ...

"တစ်ခုခုတော့ တစ်ခုခုပဲ၊ သွေးရိုးသားရိုး မဖြစ်နိုင်ဘူး"

"ဟဲ ဟဲ ... နင်ကလည်း ဘာသွေးရိုးသားရိုး မဖြစ်နိုင်ရမှာလဲ"

အမှန်တော့ ကိုယ့်ဟာကိုယ် မလုံမလဲဖြစ်သွားခြင်း ဖြစ်သည်။ နွယ်နီနီလင်း ဆက်ပြောသည့်စကားက လင်းဝေထင်သလို မဟုတ်ချေ။ ခင်းက ဆားပုလင်းနှင့်မေသံနှင့် ...

"လင်းဝေ ... ခုနက ကောင်မလေး ဖြန့်သွားတဲ့စာရွက်တွေကို သွားကောက်စမ်းဟာ"

"ဟင် ... နင်က ဘာလုပ်မလို့လဲ"

"ပြန်မေးမနေနဲ့ ... ငါသွားကောက်ဆို သွားကောက်၊ အဲဒီစာ ဘာစာလဲဆိုတာ သိအောင်လုပ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... နင်ကလဲ"

မကျေမနပ်သံဖြင့် ပြန်ပြောလိုက်သော်လည်း လင်းဝေ ထိုစာရွက် အပိုင်းအစလေးတွေကို သွားကောက်လိုက်ပါသည်။ ရင်ဘတ်ပေါ်ကို တည့် တည့်ကျလာသည့် မီးပွားလေးနှင့် ပတ်သက်နေမည့် အကြောင်းအရာကို ကိုယ်တိုင်လည်း စိတ်ဝင်စားနေပြီကိုး။

"စာရွက်တစ်ရွက်နဲ့ ကော်ဗူးထုတ်၊ ဒီအပိုင်းတွေကို အစီအစဉ် တကျ ပြန်ကပ်ရမယ်"

နွယ်နီနီလင်း၏အသံနှင့်အတူ လင်းဝေလည်း စာရွက်အပိုင်းအစ လေးတွေနှင့် အလုပ်ရှုပ်သွားရလေသည်။ ဆေးပေါ့လိပ်ဖွာရန်ကိုလည်း သတိမရတော့။

ဆေးလိပ်မီးပွားထက် ပို၍ပူလောင်သည့် မီးပွားတစ်စက သူ့ရင် ဘတ်ပေါ် ထပ်ကျလာဦးမည်ဟု ... ထိုစဉ်က ထင်မထားမိသည်မှာ လင်းဝေ ၏အပြစ်လည်း မဟုတ်ချေ။

လူဆိုသည်မှာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးသည်ဟုဆိုသော် လည်း ကိုယ်တိုင်မသိလိုက်သည့် လုပ်ဆောင်ချက်များနှင့်သာ ပျော် မွေ့တတ်သောသတ္တဝါတစ်မျိုးပဲ မဟုတ်ပါလား။

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ညီညီထွန်းနှင့် ဝင်းလင်းထွန်းတို့နေသော အဆောင်က ကျောင်း အနီးဝန်းကျင် ရပ်ကွက်တစ်ခုအတွင်းမှာပဲ ဖြစ်သည်။ သူတို့နှစ်ယောက်က နယ်မှလာကာ ကျောင်းလာတတ်ကြသည့် အဆောင်နေ ကျောင်းသားတွေ ဖြစ်၏။

ကျောင်းမှအပြန် သူတို့နေသည့် 'ရှုဝံ' ဆိုသော အဆောင်ရှေ့မှ 'ခုနစ်စင်ကြယ်' ဆိုသော ဆိုင်လေးအတွင်းမှာ အားလုံးဝိုင်းထိုင်ဖြစ်ကြသည်။ ထုံးစံအတိုင်း လတ်တလောကိစ္စကိုပဲ ပြောဖြစ်ကြ၏။

ညီညီထွန်းက စာရွက်ကို လက်နှစ်ဖက်နှင့်ကိုင်ကာ တဆဆလုပ် ရင်း . . .

"အင်း"

တည့်တည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အွန်း"

တစောင်းကြည့်သည်။

"ဟင်း"

ဖောက်ထိုးကိုင်ကာ ကြည့်သည်။

စိတ်ကျေနပ်အောင် အမျိုးမျိုးအဖုံဖုံ လှည့်ပတ်ကြည့်ရှုပြီးမှ ...

"ဘာတွေလဲကွာ၊ ဒါတွေကိုကြည့်ပြီး ဘယ်လိုနားလည်အောင် ဖတ်ရမှာလဲ"

စိတ်ရှုပ်သလို အသံအဆုံးမှာ ဝင်းလင်းထွန်းက စာရွက်ကို ဖျတ်ခနဲ ဆွဲယူသွားပြီး အောက်ကလိအာဟု ခေါ်သောအသံနှင့် ...

"မင်းလို မူးစာတုံးဦးနှောက်က ဘာနားလည်မှာလဲ၊ ငါပဲ ကြည့်မယ်"

"ဘာကွ၊ ဟောကောင် ဝင်းလင်းထွန်း ... မင်းကရော ဘာနားလည်လို့လဲ၊ ပိန်းတိန်းတိန်းဦးနှောက်နဲ့ ကျုပ်မပြည့်တဲ့ ခွေးအမြီးတိုကောင် ကများ။ ကြည့်ကြည့် ... ကြည့်လေ ... အခု မင်း ဘာနားလည်လဲ"

နှစ်ယောက်သား စကားအရာဖြင့် ငြိကြသည်။ အမှန်လည်း နောက်ပိုးထရမည့်ကိစ္စဆိုလျှင် သင့်မြတ်ကြသလောက် ဤသည့်ကိစ္စဆိုလျှင် သမှုဟာအသွင် မရှိကြချေ။

ဝင်းလင်းထွန်းက စာရွက်ကိုကြည့်ကာ အတန်ကြာ ငြိမ်သွားပြီးမှ–

"ငါ တစ်ခုတော့သိတယ်"

"ဘာလဲ"

"ဒါ မြန်မာစာတွေ ရေးထားတာ"

"မင်းအမေ ကိုးတော်မှုပဲ၊ ဒါကတော့ မင်းပြောမှလားကွ၊ နွားခေါင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ လင်းတခေါင်းချုပ် ဖုတ်ပြိတ္တာရဲ့၊ ဝက်ဘီလူးနဲ့ ကြွက်သရဲစပ်ကျတဲ့ ခွေးကုလားအုပ်ကောင်ရဲ့"

ညီညီထွန်းဆီမှ မည်သို့မည်ပုံ တီထွင်ကြံဆထားသည်မသိသော ဆဲနည်းဝေါဟာရတွေ အတွဲလိုက် ထွက်ကျလာလေသည်။

နွယ်နီနီလင်းက ဆားပုလင်းနှင်းမေစတိုင်ဖြင့် ဝင်ပြီး ...

"ဟဲ့ ... တော်ကြစမ်း၊ အဲဒါက လောလောဆယ် စာရွက်အပိုင်းလေးတွေ မပျောက်အောင်လို့ အလျဉ်းသင့်သလို ကပ်ထားတာ၊ ပြီးမှ တစ်ခုချင်းစီကို အသေအချာ ပြန်ဆက်ပြီး အဲဒီစာ ဘာစာလဲဆိုတာ ဖော်ထုတ်ရမှာ"

ညီညီထွန်းက ...

"နင့်စာက အဲလိုပြန်ဆက်လို့ရော ရဦးမှာလား၊ ဒီလောက် အပိုင်းပိုင်း ပြတ်နေတဲ့ဟာ"

"ဒါကတော့ စိတ်ရှည်ရမှာပေါ့"

"ငါကတော့ မရှည်နိုင်ပါဘူး"

ဝင်းလင်းထွန်းက အောက်ကလီအာအသံနှင့် ဝင်ပြောပြန်သည်။ လင်းဝေကတော့ ထိုင်ကြည့်နေရုံမှလွဲ၍ မည်သို့မျှ ဝင်မပြောမိသေးချေ။

"အဟမ်း ... ဟမ်း"

ချောင်းဟန့်သံကြောင့် သူတို့အားလုံး လှည့်ကြည့်မိကြသည်။ ဤ 'ခုနစ်စဉ်ကြယ်' ဆိုင်လေး၏ပိုင်ရှင်ဖြစ်သော ဦးအောင်စိုးကို ဘေးပိုင်းမှာ ထိုင်လျက်သား တွေ့ရ၏။

"ဪ ... ဦးစိုး"

"အေး ... လင်းဝေ၊ မင်းမလည်း ပျောက်ချက်သား ကောင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ၊ ကျောင်းပြန်ဖွင့်မှပဲ တွေ့ရတော့တယ်''

''ဟုတ်တယ် ဦးစိုးရေ ... ဒီလိုပါပဲ''

လင်းဝေက ညီညီထွန်းတို့ဆီ မကြာခဏ လာတတ်သဖြင့် ဤဆိုင်ပိုင်ရှင် ဦးအောင်စိုးနှင့် ရင်းနှီးသည်။

ဦးအောင်စိုးက လူငယ်တွေကို ချစ်သည်။ ပြီး ... လူငယ်တွေကိစ္စတွေဆိုလျှင် စိတ်ဝင်စား၏။ ရှင်းရှင်းပြောရလျှင် စပ်စုတတ်သည်ပေါ့။ ပြီးလျှင် သူ့စိတ်ထဲ ထင်ရာအကြံဉာဏ်တွေလည်း ပေးတတ်သေး၏။

ယခုလည်း ...

''မင်းတို့စကားတွေကို ငါ ကြားပါတယ်၊ ပြစမ်း ... အဲဒီစာရွက်''

စာရွက်ကို သူ့ဘာသာသူ ယူကြည့်သည်။ ခဏမျှ ကြည့်၍ အပြီးမှာ ခေါင်းတဆတ်ဆတ်ညိတ်ရင်း (ဗီဒီယိုတွေထဲက စုံထောက်တွေလို အိုက်တင်လုပ်ထားကာ)

''လွယ်တော့ မလွယ်ဘူး၊ ဒါပေမဲ့ ... ခက်တယ်လို့လည်း ပြောမရဘူး''

နွယ်နီနီလင်း၏ခေါင်းက နဂိုထောင်နေသည့်ထက် ပိုထောင်သွားသည်။ သူမက ဤဆိုင်သို့ ယခုမှ တစ်ကြိမ်သာ ရောက်ဖူးခြင်း ဖြစ်သော်လည်း ဦးအောင်စိုးစကားကြောင့် 'ဝါသနာတူချင်းတွေ့ပြီ' ဟု (ဦးအောင်စိုးအကြောင်းကို မသိသဖြင့်) အားတက်သွားခြင်း ဖြစ်နိုင်သည်။

ဦးအောင်စိုးက ...

''ဘယ်စာကိုပဲဖော်ဖော် ... စိတ်ရှည်ရှည်ထားပြီး ဖော်တတ်ဖို့ပဲ လိုတယ်ကွ၊ ဥပမာကွာ ... အဲ ... လင်းဝေ ... ခဏ''

ဦးအောင်စိုးက ဘောလ်ပင်နှင့် စာရွက်တစ်ရွက်ယောင်းသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ရသည်။ ဦးအောင်စိုးက ထိုစာရွက်ပေါ်မှာ စာတစ်ကြောင်း ချရေးတယ်။

ပြီး ... အားလုံးကို မချိုးမခန့်ပုံစံနှင့် ကြည့်ကာ ...

"ဒီစာကြောင်းရဲ့အဓိပ္ပာယ်ကို မင်းတို့ ဖော်ကြည့်စမ်း"

လင်းဝေတို့အားလုံး စာရွက်ကို ငုံ့ကြည့်လိုက်ကြသည်။ စာရွက်ပေါ်မှ စာသားက အောက်ပါအတိုင်းဖြစ်သည်။

စာညာထိတစ်ရှိလုံးသောခြားသူရေးဖတ်၍တော်ထားမှ ...

"ဟင်"

"ဘာကြီးလဲ"

ညီညီထွန်းနှင့်ဝင်းလင်းထွန်းတို့နှစ်ယောက် စာရွက်ကို ခေတ္တမျှသာ ငုံ့ကြည့်ကြပြီးနောက် ...

"တော်ပြီ ... ခေါင်းစားတယ်"

ခေါင်းတယမ်းယမ်းလုပ်ကာ မျက်နှာကိုယ်စီ လွှဲသွားကြလေသည်။ နွယ်နီနီလင်းကတော့ ဧရာမအမှုကြီးတစ်ခုကို ဖော်ထုတ်နေသည့်အလား မျက်မှောင်နှစ်ဖက်ကို အစွမ်းကုန် တွန့်ကွေးရင်း ကြည့်နေလေသည်။ ကြည့်ရုံပင် အားမရသေးဘဲ (လင်းဝေ၏စာအုပ်ထဲမှ ဗလာစာရွက်တစ်ရွက်ကို ပိုင်စိုးပိုင်နင်းဖြဲယူကာ လင်းဝေ၏ဘောလ်ပင်နှင့်ပဲ) ထိုစကားလုံးတွေကို အမျိုးမျိုးတွဲစပ်ကြည့်နေပြန်သည်။

သူမဘာသာ တစ်ယောက်တည်း ခေါင်းညိတ်ခေါင်းခါလုပ်ရင်း–

"လင်းဝေ"

"ဟေ"

"နင်ကလည်း ဘာမှအားကိုးမရဘူး၊ နည်းနည်းကူပြီး စဉ်းစားစမ်း



www.burmeseclassic.com

www.burmeseclassic.com



ပါဟ၊ ဒါ ... ဟိုစာကိုဖော်နိုင်ဖို့ အထောက်အကူတစ်ရပ်ဖြစ်နိုင်တယ်"

လင်းဝေကတော့ မထင်ရေးချ မထင်ပါ။

ဦးအောင်စိုးက 'ဖြစ်ရမယ်လေ' ဆိုသည့်သဘောနှင့် တဟဲဟဲ ရယ်ရင်း ...

"ဟဲ ဟဲ ... ဟဲ ဟဲ ... နည်းသိရင်တော့ ဒါက အလွယ်လေးပါ၊ ဘယ်လောက်မှ ခက်တဲ့ကိစ္စ မဟုတ်ဘူး"

လင်းဝေက ...

"ဟုတ်တယ်နော် ဦးစိုး ... နည်းသိရင်တော့ ဒါက လွယ်လွယ် လေးပဲ"

"ဟင် ... မင်းက သိလို့လား"

လင်းဝေက ဦးအောင်စိုးလိုပင် မခိုးမခန့် ရယ်လိုက်ရင်း ...

"သိတာပေါ့ ဦးစိုးရဲ့၊ အဲဒီစာကြောင်းရဲ့အဓိပ္ပာယ်က '**စာတစ်လုံး ခြား ရေးရှိထား ဉာဏ်ရှိသောသူ ... ဖတ်တော်မူ**' တဲ့၊ အဲဒီအဓိပ္ပာယ် အတိုင်းပဲ တစ်လုံးကျော်စီ ဖတ်ရတာလေ"

"အဲ"

ဦးအောင်စိုး 'အဲ' သွားသည်။ ပါးစပ်ကြီး 'ဟ' သွားပြီးမှ သက် ပြင်းတစ်ချက်ချကာ ခေါင်းမညိတ်ချင်, ညိတ်ချင် ညိတ်၏။ သူလုပ်နေကျ ဆရာစားအကွက်လေးကို မလုပ်လိုက်ရသဖြင့် စိတ်ဓာတ် ညှိုးငယ်မှောင်ရီ သွားပုံလည်းရ၏။

နွယ်နီလင်းက စာကြောင်းကို လင်းဝေပြောသည့်အတိုင်း ဖတ် ကြည့်ကာ ...

"လင်းဝေ ... နင်က ဘယ်ဆိုးလို့လဲ၊ ငါတောင် မစဉ်းစားမိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ"

လင်းဝေ ရယ်၍သာ နေလိုက်သည်။ နွယ်နီနီလင်းက ဆက်၍–

"ဟိုစာကိုရော ဘယ်လိုဖော်ဖို့ နင် စဉ်းစားထားမိလဲ"

အမှန်တော့ ဘယ်လိုမှ ဖော်ဖို့ စိတ်ကူးမရှိတော့ပါ။ ဦးအောင်စိုး ရေးပြသည့် စာကြောင်းကို တစ်လုံးခြားစီ ကျော်ဖတ်၍ ရသည့်ကိစ္စမျိုးလည်း မဟုတ်။ စာရွက်အပိုင်းအစလေးတွေက အများကြီး။ တချို့ အပိုင်းလေးတွေမှာမှ စာလုံးသုံးလေးလုံး အများဆုံး တွေ့ရသည်။ ပြီး ... ဖြဲသည့်သူက စာလုံးတွေကို ကွင်းရှောင်ပြီး ဖြဲခြင်းလည်းမဟုတ်သဖြင့် နဂိုအတိုင်း ဖြစ်ရန် ပြန်ဆက်ဖို့က မည်သို့မျှ မဖြစ်နိုင်တော့ချေ။

စာရွက်အပိုင်းလေးတွေဖြစ်ရန် ဖန်တီးသူလေး၏ဒေါသပြင်းအားကိုပဲ လင်းဝေ တွေးနေမိသည်။ သူမက ဘာကိစ္စကြောင့် ...

ဝင်းလင်းထွန်းက 'အဲဒီစာရွက်ကတော့ ဘယ်လိုမှ ပြန်ဆက်လို့ ရမှာမဟုတ်ဘူး' ဟု နွယ်နီနီလင်းကို လှည့်ပြောရင်း ...

"လင်းဝေ ... ငါ တစ်ခုပြောမယ်"

"ဘာလဲ"

"နွယ်နီနီလင်းကတော့ သူ့ဝါသနာအရ ဒီစာကို စိတ်ဝင်စားတာ ထားပါတော့၊ အဲဒါကို မင်းကပါ စိတ်ဝင်တစားနဲ့ လုပ်ခဲ့တာတော့ နည်းနည်း ထူးဆန်းတယ်"

"အဲဒါက ဘာသဘောမှမဟုတ်ပါဘူး"

"ဒါဆို ဘာလဲ"

"အဲဒါက ... အဲ"

လင်းဝေ ဆက်ပြောမည့်စကားက တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်



www.burmeseclassic.com

www.burmeseclassic.com



သွားရသည်။ နွယ်နီနီလင်းက လင်းဝေအကြည့်ရောက်သွားရာဆီ လိုက်ကြည့်ပြီး ...

"ဒါတို့ပြောတဲ့ ကောင်မလေးဆိုတာ အဲဒီကောင်မလေးပဲ"

နွယ်နီနီလင်း လက်ညှိုးညွှန်ရာဆီသို့ ညီညီထွန်းနှင့် ဝင်းလင်းထွန်းတို့ လိုက်ကြည့်ကြသည်။

လမ်းပေါ်မှာ ကောင်မလေးသုံးယောက် ယှဉ်တွဲလျှောက်လာ၏။

"ဒါပြောတာ အလယ်ကကောင်မလေး"

နွယ်နီနီလင်း၏စကားနှင့်အတူ ထိုကောင်မလေး၏အကြည့်တို့က သူတို့ထိုင်နေသည့် ဆိုင်လေးဆီ လွင့်ခနဲ တစ်ချက်ရောက်ရှိလာသည်။ ဘာကြောင့်မှန်းမသိ လင်းဝေစိတ်ထဲ တစ်မျိုးဖြစ်သွားရသည်။ သူမတို့က တစ်ချက်သာကြည့်ရင်း မျက်နှာကိုယ်စီ ပြန်လွှဲကာ ဆက်လျှောက်သွားကြ၏။

ညီညီထွန်းက မျက်နှာကို ဖျတ်ခနဲပြန်လှည့်ကာ ...

"အဲဒါ ခြူးခြူးပဲ"

"ဘာ ... ရှူးရှူး ... ဟုတ်လား"

"ခြူးခြူးလို့ ပြောတာကွ၊ သူ့နာမည် အပြည့်အစုံက ခြူးမြတ်နွယ်တဲ့"

"ခြူးမြတ်နွယ်"

လင်းဝေ နှုတ်ခမ်းလှုပ်ပြီး တီးတိုးရွတ်ဆိုမိသွားသည်။

ဝင်းလင်းထွန်းက သူ့ကို အကြည့်တစ်မျိုးဖြင့် ကြည့်လာပြီး ...

"ဒါ မေးပြီ ... မင်း စိတ်ဝင်စားတာ စာကိုလား၊ အဲဒီ ခြူးခြူးကိုလား"

"ဟဲဟဲ ... မင်းကလဲ"



www.burmeseclassic.com

www.burmeseclassic.com



နွယ်နီနီလင်းက သဘောပေါက်သွားပုံနှင့် မျက်စောင်းထိုးလေသည်။

လင်းဝေ ရယ်၍သာ နေလိုက်သည်။ သူ့ရယ်သံအဆုံးမှာ ညီညီထွန်းက . . .

"ငါ သဘောပေါက်ပြီ လင်းဝေ၊ သူက ဒီလမ်းထဲက မိန်းကလေးဆောင်တစ်ဆောင်မှာနေတာ၊ မေဂျာက မြန်မာစာ၊ အရမ်းလှသလောက် ယောက်ျားလေးတိုင်းလိုလို သူ့ကို ကြိုက်ကြတယ်၊ ဒါပေမဲ့ သူက ဘယ်ယောက်ျားလေးကိုမှ အရေးပေးတာ မတွေ့သေးဘူး"

"ဟဲ ဟဲ ဟဲ . . . ဒီလိုလား"

"သိပ်ဝမ်းသာမနေနဲ့ဦး လင်းဝေ၊ အဲဒါက အကြောင်းရှိတယ်၊ သူ့ကို ကြိုက်တဲ့ ယောက်ျားလေး တော်တော်များများကလည်း သူ့အနား ကပ်ရဲကြဘူး၊ အဲဒါ ဘာကြောင့်လဲ သိလား"

"ဘာလဲ . . . မင်းပြောမှ ငါ သိရမှာပေါ့"

ညီညီထွန်းက စကားကို ဆက်မပြောသေးဘဲ ချီတုံချတုံ လုပ်နေချိန်မှာ ဝင်းလင်းထွန်းက . . .

"ဘာကြောင့်လဲလို့ ပြောရရင် သူ့အနားကိုရောက်ဖို့ ကြိုးစားတဲ့ယောက်ျားလေးတိုင်း အန္တရာယ်တစ်ခုမဟုတ် တစ်ခုနဲ့ ကြုံရလို့ပဲ၊ သူ အရေးပေးတဲ့ အတိုင်းအတာကိုလိုက်ပြီး အသေးစား ထိခိုက်မှုလေးတွေကအစ, အဲဒီထက်ပိုပြီး ဒုက္ခိတအခြေအနေထိ ဖြစ်သွားတတ်ကြလို့ပဲ၊ အဲဒီအကြောင်းအရင်းကိုလည်း ဘယ်သူမှ မသိကြဘူး"

လင်းဝေ ငြိမ်သွားမိသည်။ ညီညီထွန်း၏စကားအတိုင်းအတာကိုစဉ်းစားရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတာ တကယ်လား"

"ငါက မင်းကို ဘာကိစ္စ လိမ်ရမှာလဲ၊ အဲဒါကြောင့် သူ့ကို နာမည် ပေးထားတာတောင် ရှိတယ်"

"ဘာလဲ ... ဘာနာမည်လဲ"

"မဥ္ဇူသက ... တဲ့"

လင်းဝေ မျက်ခုံးပင့်လိုက်မိသည်။ မဥ္ဇူသကဆိုတော့ နတ်ပန်း ပေါ့။ နတ်ဘီလူးတွေ ဝိုင်းရံစောင့်ကြပ်တဲ့ အာသာဝတီနွယ်လေးပေါ့။

ဘယ်လောက်ဆိုးတဲ့ နတ်ဘီလူးတွေက သူမကို စောင့်ကြပ်ထား ပါလိမ့်။

ဘာရယ်ကြောင့်မှန်းမသိ ... လင်းဝေ အပြုံးတစ်ခုကို ပြုံးလိုက်မိ လေသည်။

▲▲▲

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

အိပ်ရာမှ နိုးနိုးချင်း လင်းဝေ ပထမဆုံး လုပ်လိုက်မိသည့် အလုပ်က ရင်ဘတ်ပေါ်ကျသွားသည့် မီးပွားလေး (သို့မဟုတ်) မျှော်သကာဟု အမည်ပေးခြင်းခံထားရသည့် 'ခြူးမြတ်နွယ်' ဆိုသော ကောင်မလေးကို သတိရလိုက်ခြင်း ဖြစ်သည်။

(မည်သူမျှ မတွေ့သည့်တိုင်) တစ်ယောက်တည်း မလုံမလဲနှင့် တိုးဖွဖွ ပြုံးလိုက်ရင်း အောက်ထပ်သို့ ဆင်းခဲ့လိုက်သည်။

လမ်းလျှောက်ပြန်လာပြီးစ, ဖြစ်မည်ထင်သော ဖေဖော သူ့ကို မြင်သည်နှင့် . . .

"အောင်မာ . . . ဒီနေ့တော့ ဘယ်သူမှ မနှိုးရဘဲ စောစောစီးစီး ဆင်းလာပါလား"

လင်းဝေ ရယ်ကျဲကျဲသာ လုပ်လိုက်သည်။ မနက်ခင်း အဆာပြေ

www.burmeseclassic.com

www.burmeseclassic.com



စားရန်အတွက် ပြင်ဆင်နေသော မေမေက မျက်နှာထားတစ်မျိုးဖြင့် ...

"မနိုးရတော့လည်း အချိန်ကုန်သက်သာတာပေါ့၊ ရှင်ပြောမယ့် ကိစ္စကိုလည်း မေ့နေဦးမယ်"

"မမေ့ပါဘူးကွာ"

ဖေဖေက ပြောရင်း သူ့ကိုကြည့်သည်။ သူ့ကို တစ်ခုခုပြောစရာ ရှိမှန်းတော့ လင်းဝေ သိလိုက်သည်။ သို့သော် ဖေဖေက ဘာမှမပြောဘဲ ကော်ဖီနှင့်မုန့်ကို ငုံ့စားနေ၏။

အတော်ကြာသည့်တိုင် ဘာမှပြောမလာသည်မို့ လင်းဝေလည်း ရေချိုးခန်းသို့သာ ဝင်လိုက်သည်။ ဖေဖေ ပြောစရာရှိရင် နောက်မှပြောတော့ ပဲ။ လောလောဆယ်တော့ ရေမိုးချိုး ကိုယ်လက်သန့်စင်ခြင်းကိစ္စကို အရင် လုပ်လိုက်သည်။

ရေချိုးပြီး၍ ပြန်ထွက်လာတော့ ဖေဖေက ထမင်းစားခန်းထဲမှာ ရှိသေးသည်။ သူ့ကိုလှမ်းပြီး ...

"သား ... အဝတ်အစားလဲပြီးရင် ပြန်ဆင်းခဲ့၊ ဖေဖေ ပြောစရာ ရှိလို့"

"ဟုတ်ကဲ့ ဖေဖေ"

ဖေဖေပြောသလိုပဲ အဝတ်အစားလဲပြီးသည်နှင့် အောက်သို့ ပြန် ဆင်းခဲ့သည်။ အမှန်တော့ ဖေဖေ မပြောလည်း ဆင်းရမှာပဲဖြစ်၏။ ဗိုက် ဆာနေပြီကိုး။ စားစရာရှိတာ စားရဦးမည်လေ။

လင်းဝေ စားသောက်ပြီးသည်အထိ ဖေဖေက ဘာစကားမှ မပြော ဘဲ စောင့်နေသည်။ ထို့ကြောင့် လင်းဝေကပဲ စကားစလိုက်၏။

"ဖေဖေ ... ဘာပြောစရာရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ဖေဖေက ဘာမှမပြောသေးဘဲ အသံတစ်ချက် အရင်ပြုသည်။ လင်းဝေ မျက်ခုံးပင့်လိုက်မိသည်။ စိတ်ထဲမှာလည်း 'ဗီဒီယိုဝတ္ထုတွေထဲက လို ငါ့ကို မိန်းမပေးစားချင်လို့ စကားစ, ရှာနေတာလား မသိဘူး' ဟု ပြောင်ချော်ချော်အတွေးဖြစ်သွားမိ၏။

သို့သော် ဖေဖေက ဖိုင်တွဲတစ်ခုကိုသာ သူ့ဆီ လှမ်းပေးရင်း–

"နားထောင်"

"ဟုတ်ကဲ့ ဖေဖေ"

"ဖေဖေ အခုပဲ ကုမ္ပဏီက အရေးတကြီးကိစ္စနဲ့ လေယာဉ်ကွင်း ဆင်းရမယ်၊ ဖေဖေတို့ MD က ဖေဖေ့ကို တာဝန်ပေးထားတာ"

"ဟုတ်"

"အဲဒီမှာ နိုင်ငံခြားဧည့်သည်တွေ ပါလာမယ့် လေယာဉ်နှစ်စီးကို ဖေဖေ စောင့်ရမှာ၊ တစ်စီးက ဒီမနက်ပေမယ့် နောက်တစ်စီးက နေ့လယ် မှ ရောက်မှာ"

"ဟုတ်ကဲ့ ဖေဖေ"

"အဲဒီကိစ္စနဲ့ ဖေဖေ ဒီနေ့တစ်နေ့လုံး ဘယ်လိုမှ အားမှာမဟုတ် ဘူး။ နိုင်ငံခြားဧည့်သည်တွေ နေဖို့ထိုင်ဖို့ စီစဉ်ထားတာကိုလည်း အဆင် ပြေ့မပြေ ဖေဖေ လိုက်ကြည့်ပေးရဦးမယ်ဆိုတော့"

"ဟုတ် ... ဖေဖေ အဲဒီတော့"

ဖေဖေက စကားကိုရပ်ကာ သူ့ကို ကြည့်လိုက်ရင်း ...

"အဲဒီဖိုင်ကိုယူပြီး ဖေဖေ့တပည့်တစ်ယောက်ဆီ သား သွားပေး ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလေးများ ဖေဖေရယ် ... စောစောကတည်းက ပြောလိုက်ရင်ပြီးတာကို"

ဖေဖေက လေသံတင်းတင်းစွက်လျက် ...

"မပြီးလို့ပေါ့ကွ၊ ဒီဖိုင်က အရမ်းအရေးကြီးတဲ့ ဖိုင်၊ အဲဒီအထဲက အချက်အလက်တွေက ဖေဖေ့ အသက်တမျှ အရေးကြီးတယ်၊ အဲဒါကြောင့် ဒီလို ပြောနေရတာပေါ့"

"ဟုတ်ကဲ့ပါ ဖေဖေ၊ သား မသိလို့ပါ"

ဖေဖေ့ပုံစံက အမှန်တကယ်ပင် လေးနက်နေသည်မို့ လင်းအေးငြိမ်နေလိုက်သည်။ ဖေဖေက သက်ပြင်းတစ်ချက်ချရင်း ...

"အဲဒီထဲက စာရွက်စာတမ်းတွေကို မနက်ဖြန်ကျရင် MD ဆီ ဖေဖေ တင်ပြရမှာ၊ ဒါပေမဲ့ အဲဒီအချက်အလက်တွေကို ပြန်စစ်ဖို့ ဖေဖေ့မှာ အချိန်မရတော့ဘူး၊ ဒါကြောင့် ဖေဖေ ယုံကြည်စိတ်ချတဲ့ တပည့်တစ်ယောက်ကို စစ်ခိုင်းမလို့"

"သူ့ကို လာယူခိုင်းရင်ကော ... ဖေဖေ"

"မဖြစ်ဘူး သား၊ ကိုယ့်လက်အောက်ငယ်သားပေမယ့် ဖေဖေ လေးစားရမယ်၊ ပြီးတော့ ဒီကိစ္စက သူနဲ့ ဘာမှဆိုင်တာမဟုတ်ဘူး၊ ဖေဖေ့ ကိစ္စကို သူ့ကို အကူအညီတောင်းရတဲ့သဘောပဲ၊ ပြီးတော့ သူက ကုမ္ပဏီက ခွင့်ရက်ရှည်ယူထားတာဆိုတော့ ဖေဖေ ပိုပြီး အားနာရတယ်၊ သူလည်း သူ့ကိစ္စနဲ့သူ ခွင့်ယူထားတာဆိုတော့"

"ကျွန်တော် နားလည်ပါပြီ ဖေဖေ၊ ဖေဖေခိုင်းတဲ့အတိုင်း သေသေချာချာ လုပ်မှာပါ"

ဖေဖေက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အေး ... သူ့ကိုတော့ ဖေဖေ ဖုန်းကြိုဆက်ပြီးသားပါ၊ သားပဲ မေ့လွဲစေနဲ့"

"စိတ်ချပါ ဖေဖေ"

"ရော့ ... ဒီမှာ သူ့လိပ်စာ"

"သူ့နာမည်ကရော ဖေဖေ"

"ခင်မျိုးပပ ... တဲ့၊ အဲ ... ဖိုင်တွဲပေးပြီးရင်တော့ သား အိမ်ကိုရောက်အောင်တော့ ပြန်လာနော်"

"ဗျာ ... ဘာဖြစ်လို့လဲ ဖေဖေ"

ဖေဖေ့မျက်နှာက ပြုံးစိစိဖြစ်သွားကာ ...

"ခင်မျိုးပပက လင်အရမ်းလိုချင်နေတဲ့ အပျိုကြီးကွ၊ ဖေဖေ့သားကို သဘောကျပြီး ပြန်မလွှတ်ဘဲထားမှာစိုးလို့"

"ဟာ ... ဖေဖေကလဲ"

ဖေဖေက သူ့ကိုကြည့်ကာ တဟားဟား ရယ်လေသည်။

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

လိပ်စာအတိုင်းရောက်ဖို့ လင်းဝေ အတော်ကြိုးစားလိုက်ရသည်။ လာတုန်းကတော့ ထိုဒုက္ခကို မတွေးမိ။ လိပ်စာအရ ရောက်လာတော့ လူနေထူထပ်ပြီး ရှုပ်ထွေးပွေလီသော ရပ်ကွက်တစ်ခုဖြစ်နေသည်။

ဟိုမေး ဒီမေးနှင့် လူလည်း အတော်ခြေတိုနေပြီ။ ပါးစပ်ပါ ရွာရောက်ဟုဆိုသော်လည်း ရှာနေသည့်အိမ်ကို တော်တော်နှင့်မတွေ့။ ဆင်ခြေဖုံးဆန်ဆန် ရပ်ကွက်တစ်ခုဖြစ်နေ၍လည်း အိမ်နံပါတ်တွေက ကပေါက်တိ ကပေါက်ချာ။

မေးသမျှလည်း တစ်ခုမှ အဆင်မပြေချေ။

ဖြတ်သွားဖြတ်လာ ကောင်မလေးတစ်ယောက်အား ...

"ဒီမှာ ဒီမှာ"

"ဘာလဲ"

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လင်းဝေက လိပ်စာလေး ထုတ်ပြရင်း ...

"ဒီလိပ်စာလေးများ သိမလားလို့"

"ဘာလိပ်စာလဲ၊ ဒီနားမှာ ဘယ်အိမ်မှ လိပ်စာမရောင်းဘူး။ လိပ်လည်း မမွေးဘူး"

"ဗျာ ... ကျွန်တော်ပြောတာက ဒီအိမ်နံပါတ် ဘယ်နားလောက်မှာ ရှိလဲဆိုတာ သိရင် တဆိတ်လောက် လမ်းညွှန်ဖို့ ပြောတာပါ"

"လမ်းညွှန်ရမယ် ... ဟုတ်လား"

"ဟုတ်ပါတယ်"

"ရှုပ်ရှုပ်ယှက်ယှက်တော်၊ မသိဘူး ... သိလည်း မပြောဘူး"

"ခင်ဗျာ"

လင်းဝေ ကြောင်သွားမိသည်။ ဘယ်လိုကြီးပါလိမ့် ... ဟုလည်း တွေးမိသွား၏။

ထိုကောင်မလေးကတော့ သူ့ကို မသက်သာလိုကြည့်ရင်း သူ့လမ်းသူ ဆက်လျှောက်သွားသည်။

လင်းဝေ ခေါင်းယမ်းရင်း ကိုယ့်ကိုယ့်ကိုယ် ငုံ့ကြည့်လိုက်သည်။ သူလည်း သူခိုးဂျပိုးတစ်ယောက်လို ဝတ်မလာပါ။ တန်ဖိုးကြီးမဟုတ်သည့်တိုင် အတော်အသင့်ဈေးရှိသော ဘောင်းဘီနှင့် ရင်ဘတ်မှာ 'Police' စာတမ်းပါသောအင်္ကျီကို သန့်သန့်ထည်ထည်ဝတ်ထားခြင်းသာ ဖြစ်သည်။ အလှအပအနေဖြင့် နေကာမျက်မှန်တစ်လက်ကိုပါ တပ်ထားပါသေးသည်။ ဒါကိုပင် ဘာဖြစ်သည်မသိ။

"ဘာမှန်းလည်း မသိဘူး"

ရှေ့ဆက်လျှောက်တော့မှ လင်းဝေ သဘောပေါက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်တစ်ဆိုင်အတွင်းရှိ ရှုံးစုရှုံးစုဖြစ်နေသော လူတစ်စုက (တစ်စုံတစ်ခုကို တိုးတိုးကြိတ်ကြိတ် ရောင်းချဝယ်ယူနေသည့်ဟု ထင်ရသော လူတစ်စုက) သူ့ကို လှမ်းကြည့်ကာ လှုပ်လှုပ်ရွရွဖြစ်နေကြသည်။

လင်းဝေ သိလိုက်ပါသည်။ ကိန်းဂဏန်းနှင့် ငွေကြေးအလဲအလှယ်လုပ်နေကြခြင်းဖြစ်သည်။ ရှင်းရှင်းပြောရလျှင် နှစ်လုံးထီရောင်းနေခြင်း ဖြစ်သည်။

သူကလည်း 'Police' စာတမ်းပါ အင်္ကျီကို ဝတ်ထားသဖြင့် သို့လောသို့လောတွေ ဖြစ်သွားကြပုံရသည်။ မသိချင်ယောင်ဆောင်ပြီး လင်းဝေဆက်လျှောက်ခဲ့လိုက်သည်။

ဟိုအိမ်ကြည့်၊ ဒီအိမ်ကြည့်နှင့် လင်းဝေ လည်ပင်းညောင်းလာရ၏။ ထိုအိမ်တွေထဲမှ လူများကလည်း သူ့ကို ကွက်ကြည့်ကွက်ကြည့် ပြန်လုပ်ကြသည်။ ဘာကြောင့်မှန်းမသိ လင်းဝေစိတ်တွေ တိုလာရသည်။ ခြေထောက်လည်း ညောင်းလှပြီ။

နောက်ဆုံး ... ကွမ်းယာဆိုင်တစ်ဆိုင်ထဲဝင်ကာ ...

"အစ်ကိုကြီး"

"ဟေ"

ကွမ်းယာရောင်းသောသူက သူ့ကို မော့မကြည့်ဘဲ ကွမ်းရွက်တွေကို စီထပ်ရင်း လှမ်းထူးသည်။ သီချင်းတညည်းညည်း လုပ်နေ၏။

လင်းဝေက ...

"အစ်ကိုကြီး ... ကျွန်တော် မေးစရာနည်းနည်းရှိလို့"

"အေး ... မေးလေ၊ ဘာမေးမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိပ်စာကို အစ်ကိုကြီး သိလား"

"ဘယ်လိပ်စာလဲ"

"ဒီမှာလေ အစ်ကိုကြီး ... ကျွန်တော် ပြနေတယ်"

လင်းဝေ လေသံမာသွားရှာလားမသိ။ ကွမ်းယာသည်က သီချင်း ညည်းနေရာမှ ခေါင်းကို ဆတ်ခနဲမော့ကြည့်လာသည်။ ပြီးမှ လင်းဝေလက် ထဲမှာ ကိုင်ထားသော စာရွက်ကို လှမ်းကြည့်ပြီး ချက်ချင်းဆိုသလိုပဲ ...

"အေး ... သိတယ်"

"ဟာ ... ဟုတ်ပြီ အစ်ကိုကြီး ... ကျွန်တော့်ကို လမ်းညွှန်ပါဦး"

လင်းဝေ ဝမ်းသာသွားရသည်။ ကွမ်းယာသည်က လက်ညှိုးထိုး ရင်း ...

"ဒီလမ်းကွေ့ ညာဘက်ထိပ်က အိမ်ပဲလေ၊ တစ်ထပ်တိုက်ကလေး ခြံစည်းရိုးနောက်မှာ ပုဏ္ဏရိက်ပင်တန်းတွေနဲ့"

"ကျေး ... ကျေးဇူးပါပဲ အစ်ကိုကြီး၊ ကျွန်တော် ရှာနေတာ ကြာပြီဗျ"

"အေး ... အေး"

ကွမ်းယာသည်က သူ့ကို တစ်မျိုးကြည့်လာပြီး ...

"မင်းပုံစံကြည့်ရတာ ဒီရပ်ကွက်ထဲ မရောက်ဖူးတဲ့ပုံပဲ၊ အေးအေး ... ဘာပဲဖြစ်ဖြစ် သေသေချာချာ ဂရုစိုက်သွားဦး၊ အဲဒီခြံထဲက 'ဘိုတောက်' က တော်တော်ဆိုးတယ်ကွ၊ လူစိမ်းလူကျက် ရှောင်တာမဟုတ်ဘူး။ သူ့ မျက်စိနောက်ရင် မင်း ဆေးရုံရောက်သွားလိမ့်မယ်"

မြတ်စွာဘုရား ... ဟု လင်းဝေ 'တ' လိုက်မိသည်။ 'ဘိုတောက်' ဆိုပါလား။ မည်သည့်ခွေးအမျိုးအစားလဲတော့ လင်းဝေ မမေးမိချေ။



www.burmeseclassic.com

www.burmeseclassic.com


ခွေးဆိုလျှင် သူက ငယ်ငယ်ကတည်းကပဲ အသည်းတုန်အောင် ကြောက်တတ်သည်။ ယုတ်စွအဆုံး ခွေးရုပ်မြင်လျှင်ပင် ငယ်ငယ်က ငိုဇာ၏။

"အစ် … အစ်ကိုကြီး … သူက တော်တော်ဆိုးလားဟင်"

"တစ်ခါတစ်ခါ ဆင်မှန်ယိုသလိုပဲကွာ"

"ဒုက္ခပါပဲ … ဘယ်လိုလုပ်ရမလဲ"

လင်းဝေ ခေါင်းကြီးမိရင်း … (ကြားဖူးနားဝတွေအတိုင်း)

"အစ်ကိုကြီး … သူက ထန်းလျက် ကြိုက်လား"

"အေး … ထန်းလျက်ကတော့ အတော်ကြိုက်တယ်ကွ၊ ဘယ်သူကျွေးကျွေး စားတာပဲ"

"ဒါ … ဒါဆို ကျွန်တော့်ကို ထန်းလျက် နည်းနည်းလောက် ရောင်း"

"အစ်ကို့ဆီမှာတော့ မရှိဘူးကွာ၊ ရှေ့ကဆိုင်မှာ ဝယ်၊ အစ်ကိုက ကွမ်းယာ, ဆေးလိပ်ပဲ ရောင်းတာ"

လင်းဝေ အားနာသွားမိသည်။ ဟုတ်လည်း ဟုတ်၏။ ကွမ်းယာဆိုင်မှာ ထန်းလျက် ဝယ်မိသည်ကိုး။ အားနာလက်စနှင့် ကွမ်းယာအဆိမ့် တစ်ရာဖိုးတော့ ဝယ်လိုက်ရ၏။ ပြီးမှ ကွမ်းယာသည် ညွှန်ပြသောဆိုင်မှ ထန်းလျက်တစ်ဆဝယ်သား သွားဝယ်လိုက်သည်။

မကြာခင်မှာတော့ …

ကွမ်းယာသည် ညွှန်လိုက်သည့် အိမ်ရှေ့သို့ လင်းဝေ မရဲတရဲနှင့် ရောက်သွားရသည်။ ခြံတံခါးက သော့မခတ်ဘဲ စေ့ရုံသာ စေ့ထား၏။ သို့သော် ဒီအတိုင်း လှမ်းဝင်၍ မဖြစ်သေး။ ခြံထဲမှာ အန္တရာယ် ရှိသည်လေ။

အိမ်ကလည်း ခြံနှင့် အတော်လှမ်း၏။ လှမ်းအော်လိုက်ရကောင်း



www.burmeseclassic.com

www.burmeseclassic.com



မယ်လားဟု တွေးရင်း လင်းဝေ ရပ်နေမိသည်။ ခဏကြာမှ ဆုံးဖြတ်ချက် တစ်ခုကို ချကာ . . .

"အိမ်ရှင်တို့ . . . အိမ်ရှင်တို့"

အတော်ကြာသည်အထိ အထဲမှ လှုပ်ရှားမှု တစ်စုံတစ်ရာ မတွေ့ရ။ မည်သို့လုပ်ရမည်ကို တွေးနေမိစဉ်မှာပဲ . . .

"အဲ"

ပုဏ္ဏရိက်ပင်တန်းအနောက်မှ ပန်းချုံတစ်ခု လှုပ်ယမ်းသွားသည်ကို လင်းဝေ မြင်လိုက်သည်။ ဒါတော့ . . . သေချာပြီဟု တွေးလိုက်ရင်း–

"ဖုတ် . . . ဖုတ်"

ထန်းလျက်ခဲ သုံးလေးခဲကို ပန်းချုံဘေး လှမ်းပစ်လိုက်သည်။ အခြေအနေကို စောင့်ကြည့်လိုက်၏။ ခွေးက ထွက်မလာသေး။

စိတ်ကိုတင်းကာ နောက်ထပ် ထန်းလျက်သုံးလေးခဲကို လှမ်းပစ်လိုက်ပြီး . . .

"ဘိုတောက် . . . ဘိုတောက် . . . အို့ . . . အို့ . . . အို့ . . . အို့"

ပန်းချုံက ရိပ်ခနဲ ထပ်လှုပ်လာသည်။

"ဘိုတောက် . . . ဘိုတောက် . . . အို့ . . . အို့"

ခွေးက အခြေအနေကို ကြည့်နေပုံရသည်။ နောက်ထပ် ထန်းလျက် သုံးလေးခဲကို ပန်းခြုံဆီသို့ လှမ်းပစ်လိုက်ရင်း . . .

"လာပါဟ . . . ဘိုတောက်ဆိုတဲ့ ခွေးကြီးရ"

သူ့စကားအဆုံးမှာပဲ ပန်းချုံက ဖြုန်းခနဲ လှုပ်ယမ်းသွားကာ –

"ဘယ်ကောင်လဲကွ . . . ထန်းလျက်တွေနဲ့ လှမ်းပစ်နေတာ"

ပန်းချုံနောက်ကွယ်မှနေ၍ လူကြီးတစ်ယောက် တူးရွင်းကိုင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းကို ကိုင်လျက် ထွက်လာသည်။ ပုံစံက အနည်းငယ် ရိဝေနေပုံရ၏။ အနည်းငယ် ယိုင်နေသော ခြေလှမ်းတို့ဖြင့် လျှောက်လာကာ ခြံဟံခါးကို ခပ်ကြမ်းကြမ်း တွန်းဖွင့်ရင်း ...

"ဟော့ကောင် ... မင်း ငါ့အကြောင်း သိချင်လို့ ရန်လာစ,တာလား ... ပြောစမ်း"

ဒေါသတကြီးအသံကြောင့် လင်းဝေ လန့်သွားမိကာ ...

"ဟာ အဘ ... ကျွန်တော် အဘကို ရန်စတာ မဟုတ်ပါဘူး"

"ဒါဆို မင်း ဘာလုပ်နေတာလဲ"

"ဒီခြံထဲက ဘိုတောက်ဆိုတဲ့ ခွေးကို ခေါ်နေတာပါ"

"ဘာကွ၊ ဟော့ကောင် ... မင်း မိုက်ရိုင်းလှချည်လား။ တူးရွင်းစာ မိသွားချင်လို့လား"

သူ့အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲကာ တူးရွင်းနှင့် ရွယ်သည်။ လင်းဝေ မျက်လုံးအပြူးသားဖြင့် ...

"ခွေးကို ခေါ်တာပဲ အဘရယ် ... ကျွန်တော် ဘာမှား ..."

"ဟော့ကောင် ... ဘိုတောက်ဆိုတာ ငါကွ"

"ဗျာ"

သွားပြီ။ လုံးဝ လွဲပြီ။ အသက်နှင့်ကိုယ်တော့ အိုးစားကွဲတော့မည် ထင်သည်။

လူကြီးက တူးရွင်းကို ထပ်မြှောက်ကာ ...

"ငါ့ကို ခွေးနဲ့နှိုင်းပြီး ဘလိုင်းကြီး ရန်စတဲ့မင်းကို ဘိုတောက် ဘာကောင်လဲဆိုတာ သိအောင်ပြရဦးမယ်။ မင်းကို ခွေးရူးကိုက်သလို သတ်ပစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



လင်းဝေ မျက်စိများပင် ပြာဝေချင်သွားသည်။ လူကြီးလက်မှ ရှုန်းရင်း ...

"အဘ ... အဘ မှားမယ်နော်၊ ကျွန်တော်ပြောတာ အရင်နား ထောင်"

"မထောင်ဘူးကွာ၊ မင်းကို"

"အမယ်လေး ... ဘာဖြစ်နေကြတာလဲ၊ အစ်ကိုကြီး လွှတ်ကွန် မယ်နော်"

ထိုအော်သံကြောင့် လင်းဝေ အသက်နှင့်ကိုယ် အိုးစားကွဲမသွား ခြင်းဖြစ်သည်။ ကယ်တင်ရှင်အမျိုးသမီးက အိမ်ထဲမှနေ၍ အပြေးအလွှား ထွက်လာကာ ဦးဘိုတောက်ကို ဝင်ဆွဲ၏။

"ဒီကောင် ငါ့ကို ခွေးနဲ့နှိုင်းပြီး ရန်စနေတာ"

"မဟုတ်ရပါဘူး အဘရယ်၊ ကျွန်တော် အမှတ်မှားသွားမိလို့ပါ"

အမျိုးသမီးက ဦးဘိုတောက်ကို အနိုင်နိုင်ဆွဲရင်း ...

"မင်းက ဘယ်သူလဲ"

"ကျွန်တော်က"

လင်းဝေက ယခုဖြစ်ပုံကိုရော၊ သူလာခဲ့သည့်ကိစ္စကိုပါ ကမန်း ကတန်း ရှင်းပြလိုက်သည်။ စကားအဆုံး မကြာခင်မှာပဲ အမျိုးသမီး ခေါ် ဆောင်ရာအတိုင်း လင်းဝေ အိမ်ထဲသို့ ရောက်သွားပါသည်။ ဦးဘိုတောက် ကတော့ ခြံထဲမှာ 'တောက်' တခတ်ခတ်နှင့် ကျန်ခဲ့၏။

▲



www.burmeseclassic.com

www.burmeseclassic.com



ညီညီထွန်းနှင့် ဝင်းလင်းထွန်းတို့က တဟားဟားရယ်ကြရင်း ...

"မင်းကတော့ တကယ့်ကောင်ပဲ လင်းဝေ၊ ခွေးနဲ့လူနဲ့ပဲ မှားရတယ်လို့"

လင်းဝေ ရှက်ရယ်,ရယ်လိုက်ပြီး ...

"ငါလည်း အမှတ်မှားသွားမိတာကိုးကွ၊ ပြီးတော့ ... နာမည်က ဘိုတောက်ဆိုတော့ ..."

"အဲဒါနဲ့ ဘာဆက်ဖြစ်လဲ"

"ဘာပြဿနာမှတော့ ကြီးကြီးကျယ်ကျယ် ဆက်မဖြစ်ပါဘူး"

"အဲဒီဘိုတောက်ဆိုတဲ့လူကြီးကရော ... ဘာလဲ"

"ငါသွားတွေ့ရတဲ့ အဲဒီ ဒေါ်ခင်မျိုးပပဆိုတဲ့ အမျိုးသမီးကြီးရဲ့ အစ်ကိုကွာ၊ တစ်ချိန်တုန်းက စစ်သားလူထွက်ကြီးပေါ့"

"အင်း ... မင်းကို မင်းအဖေခိုင်းလိုက်တဲ့ကိစ္စကရော အဆင်ပြေရဲ့လား၊ မင်းအဖေ ပြောလိုက်သလို အဲဒီအမျိုးသမီးက"

လင်းဝေ ရယ်လိုက်မိကာ ...

"ဟုတ်,မဟုတ်တော့ မသိဘူးကွာ၊ ငါ့အဖေ နောက်လိုက်တယ်လို့ပဲ ငါ ထင်တာပဲ၊ အဲဒီအမျိုးသမီးနဲ့ စကားပြောရတာ အကုန်အဆင်ပြေပါတယ်၊ အဲ ... နည်းနည်းထူးဆန်းတာ ဖြစ်လာရတာတော့ အဲဒီအိမ်မှာ တွေ့ရတဲ့ ကောင်မလေးတစ်ယောက်ကြောင့်ကွ"

ဝင်းလင်းထွန်းက ချက်ချင်း ...

"သိပြီ ... အဲဒီကောင်မလေးက အရမ်းလှတယ်မလား"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို . . . မင်းညစ္စာက ဘာလဲ"

သူ့ကိုလည်း ဘာမှမလုပ်ရဘဲ လင်းဝင်းထွန်း မကျေမနပ်ဖြစ်သွားသည်။

ညီညီထွန်းကလည်း စိတ်ဝင်စားနေလျက်က စိတ်မဝင်စားသလိုလေသံမျိုးနှင့် . . .

"ကောင်မလေးတစ်ယောက်ကို တွေ့တာပဲကွာ၊ အဲဒါ ဘာထူးဆန်းလို့လဲ"

လင်းဝေ သက်ပြင်းတစ်ချက် ချလိုက်မိပြီး . . .

"ထူးဆန်းတယ်ကွ၊ အဲဒီကောင်မလေးက ငါ့ကိုပဲ ကြည့်ကြည့်နေတာ၊ ငါ့စိတ်ထဲမှာ တစ်မျိုးဖြစ်လာရတာပေါ့"

"ဘယ်လိုတစ်မျိုးလဲ၊ ငါတို့ကို မှန်မှန်ပြောစမ်း"

သူလည်း တစ်ခွန်းမှ မလိမ်နေပါသေးဘဲ ညီညီထွန်း လှမ်းဟောက်သည်။

"အေးပါ . . . ငါလည်း မှန်မှန်ပြောနေတာပဲကိုး၊ သူ ငါ့ကို ဘာကြောင့် အဲလို ကြည့်နေတာလဲကို ငါ မသိသေးဘူး၊ ငါ ပြန်မယ်လုပ်တော့မှ"

"ဘာဖြစ်လဲ"

"ဘာဖြစ်လဲဆိုတော့"

▲



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကလည်း ကြိုတင်ဖုန်းဆက်ထားသဖြင့် ဒေါ်ခင်မျိုးပပနှင့် စကားပြောဆိုရတာ အားလုံးအဆင်ပြေပါသည်။ ဖေဖေပြောသလို ဒေါ်ခင်မျိုးပပက လင်းဝေကို ပြန်မလွှတ်ဘဲ မထားပါ။

အာလာပ သလ္လာပတွေ ပြောနေတုန်း ...

"အန်တီလေး ... ဒီမှာ အအေး"

"ဪ ... အေး အေး ... အန်တီလေးတောင် မေ့နေတယ် ဆုလှိုင်ရေ၊ ဒီမှာ အားနာစရာကြီးဖြစ်ကုန်ပြီ၊ သား လင်းဝေ ... အအေးသောက်ဦးနော်"

အိမ်အတွင်းမှ ကောင်မလေးတစ်ယောက် ထွက်လာကာ အအေးလာချပေးခြင်း ဖြစ်သည်။ ဒေါ်ခင်မျိုးပပက တဟင်းဟင်းရယ်ရင်း လောကွက်လုပ်၏။

အအေးလာချပေးသော 'ဆုလှိုင်' ဆိုသည့် ကောင်မလေးက ထိုင်ခုံတစ်ခုံပေါ်မှာ ထိုင်လိုက်ပြီး သူ့ကို ခပ်တွေတွေ စိုက်ကြည့်နေ၏။ ပထမတော့ လင်းဝေစိတ်ထဲ ဘာသိဘာသာ နေမိသေးသည်။ သို့သော် အတော်ကြာသည်အထိ ထိုသို့ ကြည့်နေရ၍ လင်းဝေစိတ်ထဲ တစ်မျိုးတစ်မည်ဖြစ်လာရသည်။

'ဒီကောင်မလေး ... ဘာလဲဟ' ဟု တွေးရင်း အတွေးအမျိုးမျိုး ဖြစ်သွားရ၏။

ဒေါ်ခင်မျိုးပပနှင့် နှုတ်ဆက်ပြီးအပြန် ခြံဝအရောက်မှာ ဆုလှိုင်ဆိုသည့် ကောင်မလေးက ဟိုကြည့်ဒီကြည့်ဖြင့် အနားရောက်လာပြီး ...

"ဒီမှာ ... ရှင့်ကို ပြောစရာရှိလို့"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မသူငယ်ချင်းက ရှင့်ကို တွေ့ချင်နေတယ်"

"ဗျာ ... ဘယ်က ခင်ဗျားသူငယ်ချင်းလဲ"

လင်းဝေ အမှန်ပင် အူကြောင်ကြောင်ဖြစ်သွားရသည်။ ယခုမှ တွေ့ဖူးသည့် ဆုလှိုင်ဆိုသည့် ကောင်မလေး၏ပြောစကားကို မည်သို့ နားလည်ရမည်မသိချေ။

"ဘာလဲဗျ"

"ဘာလဲဗျ ... လုပ်မနေနဲ့ ရှင်လုပ်ခဲ့တဲ့ကိစ္စကို ရှင် သိမှာပေါ့"

"ဘာကိစ္စပါလိမ့်"

"ရှင် ... ကျွန်မသူငယ်ချင်းဖြုံသွားတဲ့ စာရွက်အပိုင်းတွေကို လိုက်ကောက်သွားတာလေ၊ သူက ဘယ်သူမှန်းမသိပေမယ့် ကျွန်မကတော့ ရှင်ယူသွားတာကို မြင်လိုက်တယ်၊ ကျွန်မတို့ နောက်တစ်ခေါက်ပြန်လာတော့ ရှင် အဲဒီအနားမှာ မရှိတော့ဘူး၊ သူက သူ့စာကို ယူသွားတဲ့ လူကို အရမ်းတွေ့ချင်နေတာ"

"အဲ"

မည်သူဖြစ်နိုင်ပါဦးမည်လဲ။ လင်းဝေ ချက်ချင်း သိလိုက်ပါသည်။ စိတ်ထဲ လှုပ်ရှားသွားရင်း ...

"မင်းပြောတာ ... ခြူး"

"ရှင်က နာမည်တောင် သိနေတာပဲ၊ ဟုတ်တယ် ... ကျွန်မပြောတာ ခြူးမြတ်နွယ်ဆိုတဲ့ ခြူးခြူးကို ပြောတာ"

လင်းဝေ ပါးစပ်အဟောင်းသားဖြစ်မိကာ ...

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

စကားအဆုံးမှာ ညီညီထွန်းက . . .

"အဲဒါ ကိုယ့်ရှူး ကိုယ်ပတ်တာပဲ"

ဝင်းလင်းထွန်းကလည်း အားကျမခံ . . .

"ကိုယ့်ရှူး ကိုယ်ပတ်ရဲ့ ဘယ်ကမလဲ၊ ဒီကိစ္စက ပြဿနာ အကြီး ကြီးဖြစ်နိုင်တဲ့သဘောမှာရှိတယ်၊ အမှန်က ဟိုစုံထောက်ရှူးမ နှယ်နီနီလင်းက စ,တာ၊ တကယ်တော့ နှယ်နီနီလင်း 'ရှူး' က မင်းကို ပတ်သွားတာ၊ သူ့ ရှူး ကိုယ့်ပတ်ပေါ့ကွာ"

"မင်းတို့ကလဲ"

"ဘာလဲ . . . မဟုတ်လို့လား"

"ဟုတ်တော့ ဟုတ်တာပေါ့ကွာ"

"ဟုတ်တယ်ပဲ ထားလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ထားပါတယ်"

ဝင်းလင်းထွန်း၏ 'ဥပမာ' အတိုင်း ထားလိုက်ရသည်။

ညီညီထွန်းနှင့် ဝင်းလင်းထွန်းက ခေါင်းတညိတ်ညိတ်လုပ်ကာ သူ့ကို ကြည့်ရင်း ...

"ဒါ ... ဒီကောင် ဆင်ကန်းတောတိုး လုပ်လို့ဖြစ်ရတာ"

"အေး ... တစ်ဖက်ကတော့ ဆင်ကျိုးစားရာ ဆိတ်မခံသာ ဖြစ်သွားနိုင်တာပဲ"

"ဆင်ဖိုးထက် ချွန်းဖိုးကြီးရင်တော့ မလွယ်ဘူး"

"ဘာပဲဖြစ်ဖြစ် ဆင်သေကို ဆိတ်သားရေနဲ့ ဖုံးလို့တော့ မရဘူးသေ"

"အခုကိစ္စက ဆင်ခေါင်းထက် ဆိတ်ခေါင်းကြီးသွားတာကွ"

"အေး ... ဆင်မှာတော့ ကျင်ငယ်၊ ယင်မှာတော့ ပင်လယ် ဆိုသလိုပေါ့"

"ဘာပဲပြောပြော ... ဆင်ဇွေရန်ရှောင်လုပ်တတ်ဖို့တော့ လိုတယ်"

"ဆင်ခြေဆင်လက်နဲ့ ဆင်ကြဲ ကြဲမလို့လား"

"ဆင်သွားလမ်းဖြစ်သေးတာပဲ"

"ဆင်သွားရာ ကျားချောင်းတတ်တယ်နော်"

"ဆင်စွယ်မှန်က ပိုးမစားဘူးကွ"

"ဆင်ပြောင်ကြီး အမြီးကျမှတစ်မှာစိုးလို့ ပြောတာ"

"အို ... ထွက်ပြီး ဆင်စွယ် ပြန်မဝင်ဘူးလေကွာ"

"ဆင်ခေါင်း ခွေးချီမှ ခက်မယ်"

*ဘာတွေမှန်းလည်း မသိချေ။ ဆင်နှင့်ပတ်သက်သော စကားပုံ*



www.burmeseclassic.com

www.burmeseclassic.com



တွေ့မှန်းတော့ သိသည်။ ကိုယ့်အကြောင်းပြောနေရင်း ဘယ်လိုလုပ် ထို စကားပုံတွေဆီ ရောက်သွားကြသည်မသိ။

ထိုအချိန်မှာပဲ နွယ်နီနီလင်းတစ်ယောက် 'ဆင်မယဉ်သာ' မဟုတ်သော မြန်နှုန်းဖြင့် ခြေလှမ်းတွေနှင့် ရောက်လာလေသည်။ ရောက်ရောက်ချင်းပဲ သူ့အနား ကပျာကယာ ဝင်ထိုင်ကာ ...

"လင်းဝေ ... ငါ့ကို တစ်ခုကူညီ"

"ဘာလဲ"

"ငါ့နောက်မှာ အန္တရာယ်ပါလာလို့"

"ဟင်"

ဒီစုံထောက်မ လုပ်လိုက်လျှင် အထိတ်တလန့်တွေချည်း။

"ဘာလဲဟ ... ပြောလေ"

"အခု ကင်န်တင်းထဲကို ဝင်လာတဲ့လူ ငါ့နောက်လိုက်လာလို့"

လင်းဝေ လှမ်းကြည့်လိုက်တော့ နွယ်နီနီလင်းပြောသည့် လူကို ထီးထီးကြီး တွေ့လိုက်ရသည်။ ယောကျ်ားတစ်ယောက်ဖြစ်နေ၍ 'ထီးထီးကြီး' ဟု သုံးနှုန်းလိုက်သည်မဟုတ်။ အမှန်တကယ်ကို ထီးထီးကြီးဖြစ်နေ၍ ဖြစ်သည်။

"အဲဒါကြီးလား"

"အေး ... ငါ့နောက်ကို လိုက်နေတာ ဒီနေ့ပါဆို သုံးရက်ရှိပြီ ဒီနေ့ ကျောင်းထဲထိတောင် လိုက်လာတာ"

နွယ်နီနီလင်းက ပြောရင်း ကြက်သီးထလာဟန်နှင့် ပခုံးတွန့်ပြ၏။ သူ ကြောက်မည်ဆိုလည်း ကြောက်ချင်စရာပင်။ ထိုလူ့ပုံစံက ဆင်တစ်ကောင်လို ထွားကြိုင်းဆူဖြိုးလွန်းလှသည်။ 'အမြင်မှတော်' ဆင်တော်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ခလောက်' ဖြစ်ရသည်က ထိုလူဝတ်ဆင်ထားသော အဝတ်အစားဒီဇိုင်း ဖြစ်၏။ ကွာတားဘောင်းဘီနှင့် တီရှပ်တစ်ထည်ကို ဝတ်ဆင်ထားသော်လည်း ဆင်ကို ကျပ်စည်းထားသလို ဖြစ်နေသည်။

ညီညီထွန်းက 'ခွီး'ခနဲ ထရယ်ရင်း ...

"နှယ်နီ ... နင်တော့ ပွတာပဲ"

"ဘာ"

"တစ်သက်စာ သုံးမကုန်နိုင်တဲ့ ခန္ဓာကိုယ်ကြီးလေ ... စိတ်ကူးမလွဲနဲ့"

"သေလိုက်၊ နင့်ညီမနဲ့ ပေးစားလိုက်ပါလား"

"နင် ဆင်စီးပြီး မြင်းရံတာ ငါမြင်ချင်လို့ပါ"

"အောင်မာ"

"နင် ဆင်ဖြူတော်မှီပြီး ကြံစုပ်တာကိုလည်း ငါတို့ တွေ့ရတာပေါ့"

"မသာကောင် ... သေလိုက်ပါလား"

ဆင်နှင့် ပတ်သက်သည့် စကားပုံတွေထဲကကို မထွက်နိုင်သေးချေ။ လင်းဝေက ...

"ကဲ ... ကဲ ... ပြောဟာ ငါက ဘယ်လိုကူညီရမှာလဲ"

"အင်း"

နှယ်နီနီလင်း တစ်ချက်လှမ်းကြည့်၏။ ထိုဆင်လိုလို လူလိုလို လူဆင်ကြီးက စားပွဲတစ်ဝိုင်းမှာ အကျအနထိုင်ကာ သူတို့ကို လှမ်းကြည့်နေသည်။

နှယ်နီနီလင်းက မျက်လုံးထောင့်ကပ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ငါ သမီးရည်းစားပုံစံမျိုး လုပ်ရအောင်"

"ဟင် ... ဘာ"

"နင်ကလည်း သဘောမပေါက်ဘူးလား။ ဒါမှ တစ်ခါတည်း ကိစ္စပြတ်မှာ"

ဆင်ဖိုးထက် ချွန်းဖိုးကြီးတော့မည်ကို နွယ်နီနီလင်း တွေးမိဟန်မတူ။ နွယ်နီနီလင်းကိုလည်း ကိုယ်က ချွန်းနှင့် မအုပ်ချင်ပါ။

ထို့ကြောင့် ...

"တခြားဟာ စဉ်းစားပါလားဟာ ... ဒါမျိုးတော့ ငါ ရှက်တယ်ဟ"

"အောင်မာ ... နင်ကများ"

နွယ်နီနီလင်းက သူ့ကို လက်သီးဆုပ်ဖြင့် ရွယ်သည့်ဟန်သာဖြစ်ပြီး တကယ်တမ်းတော့ မထု။

လင်းဝေက ...

"ဟာ ... နွယ်နီ နင့်နှုတ်ခမ်းက ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ"

"မျက်နှာနည်းနည်းမော့စမ်း၊ အင်း ... ပြီးတော့ နှုတ်ခမ်းနည်းနည်း ဟလိုက်"

နွယ်နီနီလင်းက သူပြောသည့်အတိုင်း လိုက်လုပ်သည်။ လင်းဝေသူ့မျက်နှာအနီးသို့ ကပ်ကာ ခေါင်းလေးမော့၊ နှုတ်ခမ်းလေး ဟ,ထားသော နွယ်နီနီလင်းအား ...

"အခုနေ ငါ နင့်ကို နမ်းလိုက်ရင် နင် ဘယ်လိုဖြစ်သွားမလဲ"

"ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



နွယ်နီနီလင်း ရှက်ပြီး သူ့ပခုံးကို လှမ်းကိုက်တော့သည်။

"လွှတ်ပါဟ ... နာနေပြီ"

"ရွှတ်ဖူး"

မလွှတ်ဘူးဟု ပြောခြင်းဖြစ်သည်။ လင်းဝေက ...

"ငါက နင် သရုပ်ဆောင်နေမှာစိုးလို့ ပြောလိုက်တာဟ၊ အခု ချမ်းကြည့်လိုက်စမ်း ... နင့်ဆင်ကြီး မရှိတော့ဘူး ... ထွက်သွားပြီ"

နွယ်နီနီလင်းက သူ့ပခုံးကိုလွှတ်ကာ လှမ်းကြည့်သည်။ ပြီးမှ သက်ပြင်းတစ်ချက်ချကာ ပြန်လှည့်လာပြီး ခုနက ကိစ္စက သူနှင့် ဘာမှမဆိုင် သလိုပုံစံနှင့် ...(သူ့ကို နည်းနည်းလေးမျှပင် ကျေးဇူးမတင်ဘဲ) ...

"ငါလာတုန်းက နင်တို့ ဘာတွေဖြစ်နေကြတာလဲ၊ နင်တို့ပုံစံတွေ ကြည့်ပြီး တစ်ခုခုတော့ တစ်ခုခုပဲဆိုတာ ကောက်ချက်ချလို့ရတယ်"

လေသံက ရောက်စနှင့် လုံးဝတခြားစီ။ အမူအရာကလည်း ချက် ချင်းပင် ပြောင်းသွား၏။ သူ့ကိုယ်သူပဲ စကော့တလန်ယာဒ် (Scotland Yard) က စုံထောက်မကြီးလိုလို။ လင်းဝေ ကျွဲမြီးတိုသွားသည်။

"ဒီလိုဟာ"

လင်းဝင်းထွန်းက စကားလက်ဆင့်ကမ်းသည်။ နွယ်နီနီလင်းက ခေါင်းတညိတ်ညိတ်လုပ်ကာ နားထောင်ပြီး ...

"ဒါဆို အဲဒီစာထဲက ကိစ္စတွေက တော်ရုံမဟုတ်နိုင်ဘူး၊ ဒါကြောင့် ဒီ ခြူးခြူးဆိုတဲ့ ကောင်မလေးက လင်းဝေကို တွေ့ချင်နေတာ"

ဆင်တစ်ကောင်လုံးတွေ့မှ ဆင်ခြေရာခံနေပြန်သေးသည်။ မှတ် ဆောင် ထားရဦးမည်။

နွယ်နီနီလင်းမျက်နှာက သူ့ဘက်လှည့်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"လင်းဝေ ... နင် ဘယ်လိုလုပ်မှာလဲ"

"ဘယ်လိုမှမလုပ်ဘူး၊ တွေ့မှ မတွေ့သေးတဲ့ဟာ"

"ဒီပုံအတိုင်းဆိုရင်တော့ မကြာခင် တွေ့မှာပဲလေ၊ အဲဒါကြောင့် နင် ဘယ်လိုစဉ်းစားထားလဲလို့ ပြောတာ"

"ဘယ်လိုမှ မစဉ်းစားဘူး၊ ဆင်သေစီးတဲ့ ကျီးမိုက်လိုပဲ ရောက်ရာ ပေါက်ရာပေါ့"

"ဟင် ... အဲဒါ ဘာအဓိပ္ပာယ်လဲ"

"ဘာအဓိပ္ပာယ်မှမဟုတ်ဘူး"

ရှင်းမပြချင်တော့ချေ။ လက်မှ နာရီကို တစ်ချက်ကြည့်ပြီး ထ ရပ်လိုက်တော့ ...

"အဲဒါက ဘယ်သွားမလို့လဲ"

"ဘယ်မှမဟုတ်ဘူး၊ ဟိုတစ်နေ့က တွေ့ခဲ့တဲ့ ဆုလှိုင်ဆိုတဲ့ ကောင် မလေးက ဒီနေ့တွေ့ရအောင်ဆိုပြီး ချိန်းထားလို့"

"ဟင် ... သူက ဘာလုပ်မလို့လဲ"

"သူကတော့ ဘာလုပ်မှာလဲ၊ သူ့သူငယ်ချင်း ချိုးချိုးဆိုတဲ့ ကောင် မလေးက ငါ့ကို တွေ့ချင်လို့ပေါ့"

"အဲဒါကို မင်းက သွားမယ် ... ဟုတ်လား"

"အေး ... သွားချင်လို့ သွားတာကွာ၊ ဘာမှဆက်မမေးနဲ့၊ သိချင် ရင် ပြန်လာတဲ့အထိ စောင့်ကြတော့ .. ဒါပဲ"

စကားအဆုံးမှာပဲ လင်းဝေ ခြေလှမ်းတို့က ကျောင်းဝင်းတစ်နေ ရာဆီ ဦးတည်လျက် ...

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဆိုင်လေးက လူသူရှင်းလင်း၍နေသည်။ တစ်ယောက် နှစ်ယောက်စ, ထိုင်နေသူများကလွဲပြီး အသံဗလံ တိတ်တိတ်ဆိတ်ဆိတ်။

လင်းဝေ ရှေ့မှာထိုင်နေသော ကောင်မလေးက ...

"ရှင်က ကတိတည်သားပဲ၊ ကျွန်မက ရှင်မလာလောက်တော့ဘူး လို့တောင် ထင်နေတာ"

လင်းဝေ ဘာရယ်မဟုတ် ရယ်လိုက်မိပြီး ...

"လာမယ်လို့ ကတိပေးထားပြီးမှ လာဖြစ်အောင်တော့ လာရတာပေါ့ဗျာ၊ နည်းနည်းနောက်ကျသွားတာကိုတော့ ခွင့်လွှတ်ပါ၊ ကျွန်တော့်မှာ ဖြေရှင်းစရာကိစ္စတစ်ခု ပေါ်လာလို့"

သူ့ရှေ့မှ ကောင်မလေး (ဆုလှိုင်ဆိုသောကောင်မလေး)က ပြုံးသည်။ ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ရှင် နောက်ကျရတဲ့အကြောင်းကိုလည်း သိသွားပဲ။ ကျွန်မတို့ ရှင်ထိုင်နေတဲ့ ကင်န်တင်းထဲ ရောက်ခဲ့ပါသေးတယ်၊ ရှင်က ရှင့်ကောင်မလေး စိတ်ဆိုးနေတာကို ချော့နေရတဲ့ပုံပဲ၊ အဲဒါကြောင့် ရှင့်ကို လာမတွေ့ဘဲ ကျွန်မတို့ ပြန်သွားတာ"

"ဗျာ"

လင်းဝေ အာမေဍိတ်ဖြစ်သွားရသည်။ ဒါဆို ကင်န်တင်းထဲကို သူမတို့ ရောက်လာခဲ့ကြသေးသည်ပေါ့။ အံ့ဩမှုနှင့်အတူ တစ်ဆက်တည်း

"ဟို ... အဲဒါက ကျွန်တော့်ကောင်မလေး မဟုတ်ပါဘူး၊ ကျွန်တော့်မှာ ဘယ်ရည်းစားမှလည်း မရှိဘူး၊ အဲဒါကလေ"

"ဟင်း ဟင်း ... ဘာပဲဖြစ်ဖြစ် အဲဒီကိစ္စကို ထားလိုက်ပါ၊ ခြူးခြူး ကိစ္စနဲ့လည်း ပတ်သက်နေတာမှ မဟုတ်တာ"

လင်းဝေ ပါးစပ်ပိတ်သွားရသည်။ သို့သော် မဟုတ်တာကို မဟုတ်ကြောင်းလည်း ပြောချင်နေမိ၏။ ယခုအချိန်မှာ မည်သည့်ကိစ္စကိုမျှ အထင်မှားမခံချင်သည့်စိတ်က ဘာကြောင့်မှန်းမသိ ဖြစ်နေသည်။

လင်းဝေ အတွေးဝေသွားမိစဉ်မှာပဲ ...

"ဟော ... ဟိုမှာ ခြူးခြူးတို့ လာပြီ"

လင်းဝေ လှမ်းကြည့်ရင်း တစ်ကိုယ်လုံးမှာရှိသော သွေးစီးကြောင်းတွေ ပြောင်းပြန်လည်ပတ်သွားသည်ဟု ကိုယ့်ကိုယ်ကိုယ် ထင်လိုက်သည်။

လေမှာလွင့်ပါသွားသည့် လဲမှို့စ,လေးအလား အလှတရားတစ်ခု အပေါ် သူမျောလွင့်သွားမိ၏။

ခြူးမြတ်သွယ် (ခေါ်) ခြူးခြူးက သူတို့ထိုင်နေသည့် ဝိုင်းဆီသို့ တစ်လှမ်းချင်း လျှောက်ကာ လာနေသည်။ သူမဘေးမှာ သူငယ်ချင်းကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးတစ်ယောက်လည်း ပါလာ၏။

ဝိုင်းမှာ ဝင်ထိုင်ကြသည်။

လောကကြီးတစ်ခုလုံး ခေတ္တမျှ တိတ်ဆိတ်သွားသည်ဟု လင်းဝေ ထင်လိုက်မိ၏။

ခြူးခြူးက သူ့ကို ခေတ္တမျှစိုက်ကြည့်နေပြီးမှ ...

"ရှင့်နာမည်က လင်းဝေနော်"

"ဗျာ"

"ပြီးတော့ ... မြန်မာစာမေဂျာက"

"အဲ ... ဟုတ်ပါတယ်"

"သိပ်လည်း အံ့ဩမနေပါနဲ့။ ရှင့်အကြောင်းကို ဆုလှိုင်အဒေါ်ဆီက တစ်ဆင့် သိရလို့ ပြန်ပြောကြည့်တာပါ"

အတွေးကြပ်သလို ဖြစ်သလို ဖြစ်သွားမိပြီးမှ လင်းဝေခေါင်းထဲ ရှင်းခနဲ ဖြစ်သွားသည်။ ဟုတ်သည်ပဲ။ ဖေဖေခိုင်းသည့်ကိစ္စအတွက် ဒေါ်ခင် မျိုးပပဆီ သွားတော့ ထိုဆုလှိုင်ဆိုသည့် ကောင်မလေးနှင့် တွေ့သည်လေ။ ဒါဆို ဒေါ်ခင်မျိုးပပက ဆုလှိုင်၏အဒေါ်ပဲပေါ့။

"ရှင့်ကို ကျွန်မ ဘာကြောင့် တွေ့ချင်နေလဲဆိုတာ ရှင် သိရဲ့လား"

လင်းဝေ ခေါင်းညိတ်ပြလိုက်သည်။ ခြူးခြူးက သူ့မျက်နှာကို စိုက်ကြည့်လျက် ...

"ကျွန်မစာကို ရှင် ဘာကြောင့် ကောက်ယူသွားလဲဆိုတာကိုရော ကျွန်မ မေးသင့်တယ်မလား"

လင်းဝေ ထပ်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"ရှင့်ဆီမှာလည်း ဆင်ခြေဆင်လက်တွေ လုံလုံလောက်လောက်



www.burmeseclassic.com

www.burmeseclassic.com



ပါလာပုံပဲ"

ဒီတစ်ခါတော့ လင်းဝေ ခေါင်းညိတ်ရမလို၊ ခေါင်းခါရမလို ဖြစ်သွားရသည်။

ခြူးခြူးက သက်ပြင်းတစ်ချက် ချဟန်ပြုပြီး . . .

"ရှင့်ကို အများတစ်ခု ကျူးလွန်တယ်ဆိုပြီး ပြောလို့တော့ မရပါဘူး။ ဒါပေမဲ့ကျွန်မ ကျေနပ်အောင် ရှင် ဖြေရှင်းမှဖြစ်မယ်"

လင်းဝေက လွယ်အိတ်ထဲမှာ အသင့်ယူဆောင်လာသော စာကို ထုတ်လိုက်သည်။ စားပွဲပေါ် လှမ်းတင်လိုက်ရင်း . . .

"ဒါ . . . ခြူးခြူးရဲ့စာပါ"

ခြူးခြူးက စာကို ယူကြည့်ပြီး . . .

"အဓိပ္ပာယ်ဖော်နိုင်အောင် ကြိုးစားထားတာပဲ၊ စာရွက်ပေါ်မှာ တောင် ကော်နဲ့ တကူးတက ကပ်ထားတာဆိုတော့ ရှင့်အနေနဲ့ တော်တော် စိတ်ဝင်စားနေပုံရတယ်၊ ဒီစာကို အဓိပ္ပာယ်ဖော်ရတဲ့အကြောင်းက ဘာများ ပါလိမ့်"

ခြူးခြူး၏အကြည့်က သူ့ဆီ စေ့စေ့စူးစူးရောက်ရှိလာသည်။ ထို မျက်ဝန်းတွေကိုကြည့်ရင်း လင်းဝေရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိ၏။ သူမ၏ အကြည့်တွေက မြွေဟောက်တစ်ကောင် ပါးပျဉ်းထောင်မိုးနေသည့်ပမာ။

"ကျွန်မ မေးနေတယ်လေ"

ခြူးခြူး၏အသံက မြွေတစ်ကောင်လိုပင် တွန့်လူးပြီး နားထဲဝင် လာသည်။ လင်းဝေ အသက်တစ်ချက် ရှိုက်လိုက်မိသည်။ ပြီးမှ . . .

"ကျွန်တော် ပြောပြမှာပါ၊ ဒါပေမဲ့ . . . ကျွန်တော့်စကားကို ခြူး ခြူး လက်ခံပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



ချူးချူးက တစ်ချက်ပြုံးသည်။ သို့သော် အပြုံးက အေးစက်စက်။ သူမစကားသံကလည်း အေးစက်စွာ။

"ကျွန်မ လက်ခံ,မခံဆိုတာက ကျွန်မဘာသာသာပဲ ဆုံးဖြတ်မှာပါ။ အမှန်းမသိဘဲနဲ့ ကျွန်မဘက်က လက်ခံတယ်လို့ပြောရင် ကျွန်မ ညံ့ရာကျသွားမှာပေါ့။ ဒီတော့ ရှင့်ဘက်ကလည်း ရှင့်အလုပ် ရှင်လုပ်၊ ကျွန်မဘက်ကလည်း ကျွန်မအလုပ် ကျွန်မ,လုပ်မယ်လေ၊ ကျွန်မ,ပြောချင်တာကို ရှင်သဘောပေါက်ရဲ့လား"

လင်းဝေ လေပူတစ်ချက်ကို တိုးသက်စွာပင် မှုတ်ထုတ်လိုက်သည်။ ချူးချူးဆိုသော ကော်ငမလေးသည် တကယ်မလွယ်ပါလား။

လင်းဝေ အသက်တစ်ချက်ကို ထပ်ရှိုက်လိုက်ရင်း . . .

"ချူးချူး မြင်တယ်နော်"

"ဘာကိုလဲ"

"အဲဒီစာက ဘာအဓိပ္ပာယ်မှ မပေါ်သေးဟုဆိုတာကိုပေါ့"

"အင်း . . . ဒါတော့ ဟုတ်ပါတယ်"

ချူးချူးက (သူမ ဖြဲဆုတ်ထားခဲ့သည့် စာရွက်အပိုင်းတွေကို အစီအစဉ်မကျစွာ တွဲစပ်ထားသည့် စာရွက်ကိုကြည့်ပြီး) ခေါင်းညိတ်သည်။

လင်းဝေက . . .

"ကျွန်တော် ချူးချူးစာကို ကောက်ယူခဲ့တာက အကြောင်းနှစ်ခုရှိတယ်"

"ဘာများလဲ ပြောပါဦး"

"ပထမတစ်ချက်က ကျွန်တော့်သူငယ်ချင်းကြောင့်၊ ရှင်းရှင်းပြောရင် စုံထောက်ရူး,ရူးနေတဲ့ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

"ချိုးချိုး . . . အဲဒီစာကို ဖြင့်နေတဲ့အချိန်မှာ ကျွန်တော့်သူငယ်ချင်းက မြင်သွားပြီး"

လင်းဝေက နွယ်နီနီလင်းအကြောင်းကို ပြောပြလိုက်သည်။ ချိုးချိုးက ငြိမ်သက်စွာပင် နားထောင်ပြီး သူ့ကို စေ့စေ့ကြည့်လျက်ပင် . . .

"ဒုတိယအချက်က ဘာလဲ"

"ကျွန်တော် ချိုးချိုးကို စိတ်ဝင်စားသွားလို့"

"ရှင်"

ချိုးချိုးမျက်ဝန်းလေးများ ဝိုင်းစက်သွားသည်။ လင်းဝေက ကပျာကယာပဲ . . . (ကပျာကယာပုံစံကို တမင်လုပ်ရင်း)

"ချိုးချိုး မှတ်မိမလား မသိဘူး၊ ကင်န်တင်းထဲမှာ ကျွန်တော့် ဆေးလိပ်ကြောင့် ချိုးချိုးလက်မှာ အပူလောင်သွားတာလေ"

"ဟင်"

ချိုးချိုးက အာမေဋိတ်ပြုရင်း တွေခနဲဖြစ်သွားပြီးမှ . . .

"ဪ"

"ချိုးချိုး မှတ်မိပြီလား"

သူမမျက်ဝန်းများဆီမှာ အရိပ်အယောင်တချို့ ဖျော့ဆိုင်လွှပ်ခတ် သွားသည်။

"အဲဒီတုန်းက ဘာပြဿနာမှမလုပ်ဘဲ ပြန်လှည့်ထွက်သွားတဲ့ ချိုးချိုးကို ကျွန်တော် အံ့ဩမိပြီး မှတ်မှတ်ရရဖြစ်သွားတာ၊ အဲဒါကြောင့် အဲဒီစာကိစ္စကလည်း ကျွန်တော့်စိတ်ထဲ ဘာရယ်မဟုတ် စိတ်ဝင်စားသွားပြီး"

လင်းဝေစကားကို ရုတ်တရက် ရပ်လိုက်သည်။ ချိုးချိုးက သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်နေသဲ။

အတန်ကြာမှ ခြူးခြူးက မသဲမကွဲအသံတစ်ချက်ပြုရင်း ...

"ရှင်ပြောတာ အမှန်တွေဖြစ်ကောင်း ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်မက ရှင့်စကားတွေကို ဘယ်ပေတံနဲ့ တိုင်းတာရမလဲ"

"ခြူးခြူးဆိုလိုချင်တာ"

"ရိုးသားချင်ယောင်ဆောင်တဲ့ အပြုအမူတွေနောက်မှာ အကြံအစည်ဆိုတာ အမြဲပါလာတတ်တယ်လေ"

လင်းဝေ ခါးမတ်သွားသည်။ ဒီစကားကို မည်သည့်အဓိပ္ပာယ်နှင့် သူမ ဆိုလိုလိုက်သည်လဲ။

ခြူးခြူးက သူမ၏မျက်တောင်ရှည်ကြီးများကို တဖျပ်ဖျပ်ခတ်သည်။ ပြီးမှ ... သူ့မျက်နှာကို စိုက်ကြည့်လာကာ ...

"ကျွန်မကို စိတ်မဝင်စားနဲ့"

"ဗျာ"

"ဘာအကြောင်းကြောင့်ဖြစ်ဖြစ် ကျွန်မကို စိတ်မဝင်စားတာက ရှင့်အတွက် အကောင်းဆုံးပဲ"

ခြူးခြူးက ပြောရင်း မတ်တတ်ထရပ်သည်။ သူမဘေးမှ သူငယ်ချင်းမနှစ်ယောက်ကလည်း တိုင်ပင်ထားသလို ထရပ်ကြသည်။

လင်းဝေက (ရုတ်တရက် အသိမဲ့သလိုဖြစ်သွားရင်း)

"ကျွန်တော် ခြူးခြူးကို စိတ်ဝင်စားမိတာ ဘာအပြစ်ရှိလို့လဲ"

ခြူးခြူး၏ခန္ဓာကိုယ်က ဆတ်ခနဲ တုန်သွားသည်ဟု လင်းဝေ ထင်လိုက်သည်။

"အပြစ် ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ခြူးခြူး၏မျက်နှာပြင်မှာ အပြုံးတစ်ခု ထင်ဟပ်လာသည်။ ထိုအပြုံးကို လင်းဝေ မဝေခွဲတတ်။ သို့သော် ဓားသွားတစ်လက်ပမာ အေးအေးစိမ့်စိမ့် ရှိလှသည်။

"အပြစ်ဆိုတာကို ရှင် ဘယ်လို လက်ခံထားလဲ၊ ကျွန်မအတွေးကတော့ 'အပြစ်ဆိုတာ ကိုယ်တိုင်သိလို့ လုပ်မိတာထက် မသိဘဲ ချစ်မိတဲ့အပြစ်က တစ်ခါတစ်ရံ ပိုကြီးတတ်တယ်' ဆိုတာပဲ"

လင်းဝေ ကြောင်အ,ကာ ကြည့်နေမိသည်။ ခြူးခြူးနှင့် သူမ၏ သူငယ်ချင်းနှစ်ယောက်ကတော့ ဆိုင်ထဲမှ ထွက်သွားကြပြီဖြစ်သည်။

ခြူးခြူး၏စကားတွေကို သူ နားမလည်နိုင်စွာ ကျန်ခဲ့ရ၏။

ခြူးခြူးသည် မည်သို့သော မိန်းကလေးမျိုးပါလဲ ...

လင်းဝေ မသိပါ။

သူသိသည်က ...

ပဟေဠိဆန်သော ထိုကောင်မလေးကို (ဘယ်လိုအကြောင်းပြချက်မှ မရှိဘဲ) သူ ချစ်သွားမိပြီဆိုတာပဲ ဖြစ်သည်။

▲▲▲

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

လင်းဝေစကားတွေက လိုရင်းတိုရှင်းပဲ ဖြစ်သည်။ ထိုရှင်းရှင်းလေးကိုပဲ ရှုပ်နေကြ၏။

ညီညီထွန်းက ...

"သူက အဲဒီစကားတွေထက်ပိုပြီး ဘာမှထပ်မပြောဘူးပေါ့ ... ဟုတ်လား။ အဲဒါ မထူးဆန်းဘူးလား။ မင်းကို ခေါ်တွေ့ပြီးတော့မှ ဒီလောက်လေးနဲ့ ပြီးသွားတယ်ဆိုတာ"

ဝင်းလင်းထွန်းကလည်း ခေါင်းတညိတ်ညိတ်လုပ်ကာ ...

"ဟုတ်တယ်၊ ငါကတော့ မင်းနဲ့သူ ပြဿနာကောင်းကောင်းတက်ပြီလို့ တွေးထားမိတာ၊ အခုကျတော့ ဘယ်လိုပြောရမှန်းမသိဘူး။ တော်ပြီ ... ခေါင်းစားတယ်"

နွယ်နီနီလင်းကတော့ အမှုကြီးတစ်ခုကို ဖော်ထုတ်နေသည့် စုံ

www.burmeseclassic.com

www.burmeseclassic.com



ထောက်ကြီးအလား မျက်မှောင်နှစ်ခုကို အစွမ်းကုန် တွန့်ကွေးကာ စဉ်းစားခန်း ဖွင့်နေလေသည်။

လင်းဝေက သောက်လက်စ ဆေးပေါ့လိပ်ကို ကိုင်ကာ ...

"နွယ်နီ ... ရော့"

"ဘာလဲ"

"ရေခဲတောင် ဂလေစီယာ စီးကရက်တော့ မဟုတ်ဘူးပေါ့ဟာ၊ ဒါပေမဲ့ နင့်အတွေးတွေ ပိုပြီးကောင်းလာမလားလို့"

နွယ်နီနီလင်းနှုတ်ခမ်းက ချက်ချင်းပင် တစ်တောင်နီးပါးမျှ ရှူထော်လာသည်။

"လင်းဝေ ... ငါက နင့်ကိစ္စကို စဉ်းစားပေးနေတာနော်၊ တော်ပြီ ... ငါ စိတ်ဆိုးတယ်"

ဆားပုလင်းနှင်းမမ စိတ်ကောက်သွားလေသည်။ လင်းဝေက ...

"ငါက နင် ဦးနှောက်ခြောက်မှာစိုးလို့ ပြောတာပါဟာ၊ ကာယကံရှင် ငါတောင် ဘာမှမစဉ်းစားတာ၊ နင်တို့လည်း အလကားသက်သက် ခေါင်းရှုပ်မခံပါနဲ့"

"ပြီးရော"

နွယ်နီနီလင်းက ခပ်ဆတ်ဆတ်ပြန်ပြောသည်။ နဂိုကတည်းက ခေါင်းရှုပ်မခံချင်သော ညီညီထွန်းနှင့် ဝင်းလင်းထွန်းတို့ကတော့ သူတို့အာရုံနှင့် သူတို့။

"ဘာတွေခေါင်းရှုပ်နေကြတာလဲကွ ... ငါ့လည်း ပြောကြပါဦး"

အသံနှင့်အတူ အနားရောက်လာသူက ဦးအောင်စိုးဖြစ်သည်။ ဤနေရာမှာ ပြောစရာတစ်ခု ကျန်ခဲ့၏။ သူတို့ထိုင်နေသည့်နေရာက



www.burmeseclassic.com

www.burmeseclassic.com



ညီညီထွန်းတို့ အခဆောင်ရှေ့မှ 'ခုနစ်စင်ကြယ်' ဆိုသောဆိုင်ထဲမှာ ဆိုတာပင်။

ဦးအောင်စိုးက သူတို့ဝိုင်းမှာ ဝင်ထိုင်ရင်း ...

"ဘယ်ပဟေဠိတွေကို အဖြေညှိနေကြပြန်ပြီလဲကွ"

"ဘာမှမဟုတ်ပါဘူး ဦးစိုးရယ် ... ဒီလိုပါပဲ၊ ဒါနဲ့ ဦးစိုးကို စောစောက မတွေ့မိပါဘူး"

လင်းဝေစကားအဆုံးမှာ ဦးအောင်စိုးက ...

"အေးကွ ... ငါက အခုမှ အိမ်ကလာတာ၊ ငါ့သမီး အငယ်မကို မွေးနေ့ပွဲ လုပ်ပေးနေလို့၊ အဲဒါနဲ့ ပတ်သက်ပြီး မင်းတို့ကို ပြောစရာရှိသေးတယ်"

ပြောရင်း ဦးအောင်စိုးက တဟဲဟဲရယ်၏။ ဘာလဲတော့မသိ။ သူ့သမီးမွေးနေ့နှင့် ကိုယ်တွေကလည်း ဘာမှဆိုင်သည်မဟုတ်။ ကျွန် မွေးနေ့ပွဲမဖိတ်ဘဲ လက်ဆောင်တောင်းတော့မည်လား မသိချေ။

"ဒီလိုကွ ... ငါ့သမီးမွေးနေ့ပွဲက ထူးထူးဆန်းဆန်းလေး ဖြစ်သွားသို့ မင်းတို့ သေသေချာချာ နားထောင်နော်"

တားလို့လည်းရမည့်ပုံစံမဟုတ်၍ နားထောင်ကြရသည်။

"မွေးနေ့မှာ ကျွေးတာကတော့ ကော်ဖီနဲ့မုန့်ပါပဲကွာ၊ သမီးက သူ့သူငယ်ချင်းတွေကိုပဲ ဖိတ်တာဆိုပေမယ့် လူနည်းနည်းများတယ်"

"ဟုတ်ကဲ့ ဦးစိုး"

( "အဲဒီမှာ ဘာတွေ့ရလဲဆိုတော့ ဧည့်သည်တွေရဲ့ ခြောက်ပုံတစ်ပုံ က ကော်ဖီပဲ သောက်တယ်ကွ၊ လေးပုံတစ်ပုံကတော့ မုန့်ပဲစားတယ်" )

လင်းဝေ သဘောပေါက်သွားသည်။ ဦးအောင်စိုးက အခုနေထဲမှာ ပဟေဠိလာဖွက်နေခြင်းဖြစ်၏။ သူကလည်း တစ်မျိုး။ မကြီးငယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... ညည်းသည်တွေရဲ့ ထက်ဝက်တိတိကတော့ မုန့်ရော ကော်ဖီရော စားတယ်ကွ၊ ဗိုက်ပြည့်လို့ဆိုပြီး ဘာမှမစားဘဲနေတာက နှစ်ယောက်ရှိတယ်"

"အဲဒါ စုစုပေါင်း ဘယ်နှစ်ယောက်လဲဆိုတာ ကျွန်တော်တို့က ဖြေရမှာပေါ့၊ ဟုတ်လား"

ဦးအောင်စိုးက တဟဲဟဲလုပ်၏။ နွယ်နီနီလင်းက ဦးအောင်စိုး၏ မေးခွန်းဆုံးသည်နှင့် မျက်မှောင်နှစ်ခုကို အစွမ်းကုန်တွန့်ကွေးကာ သဲကြီးမဲကြီး တွက်ချက်နေတော့သည်။

ခေါင်းစားမခံချင်ကြသော ညီညီထွန်းနှင့် ဝင်းလင်းထွန်းတို့ကတော့ ဦးအောင်စိုး၏မေးခွန်းကို မကြားလိုက်သလို ပုံစံတွေ လုပ်ထားကြလေသည်။

"ဘယ်လိုလဲ လင်းဝေ ... ဟိုတစ်ခါကလို အဖြေချက်ချင်း မပေးနိုင်တော့ဘူးလား"

ဦးအောင်စိုးက ခနဲ့တဲ့တဲ့လေသံဖြင့် ပြောလာသည်။ လင်းဝေကလည်း ...

"အဖြေမပေးနိုင်ဘူးဆိုတာ မရှိပါဘူး ဦးစိုးရဲ့၊ ဦးစိုးရဲ့မေးခွန်းက သိပ်စဉ်းစားနေစရာတောင် မလိုလိုက်ပါဘူး"

ဦးအောင်စိုးက မယုံနိုင်ဟန်နှင့် ...

"ဒါဖြင့် ... မင်းက အဖြေသိပြီဆိုပါတော့၊ ကဲ ... ဒါဆို ဖြေစမ်းပါဦးကွာ၊ ငါ့သမီးမွေးနေ့ကိုလာတဲ့လူ ဘယ်နှစ်ယောက် ... အဲ"

သူ့ကို အားကောင်းမောင်းသံလေသံနှင့် ပြောနေသော ဦးအောင်စိုးတစ်ယောက် ရုတ်တရက် စကားရပ်သွားပြီး ...

"နေဦးကွ၊ လှမ်းမြင်တုန်း သတိရတုန်းလေး မှာစရာရှိတာ မှာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဦးမယ်"

ထိုင်ရာမှထကာ ဆိုင်ပြင်သို့ သုတ်ခနဲ ထွက်သွားလေသည်။ ဘာများ အရေးကြီးသွားသည်မသိ။

နွယ်နီနီလင်းက ဆိုင်ပြင်သို့ လှမ်းကြည့်ရင်း ...

"ဟဲ့ လင်းဝေ ... ဦးအောင်စိုး ဘယ်သူနဲ့ စကားပြောနေလဲဆို တာ ကြည့်လိုက်စမ်း"

သူက လမ်းဘက်ကို ကျောပေးထိုင်နေမိသဖြင့် ကျွန်းဘားမယ်ရွေ သို့ ခါးလေးလိမ်ကာ လှည့်ကြည့်လိုက်သည်။

"ဟင် ... ခြူးခြူး"

ဟုတ်ပါသည်။ ဦးအောင်စိုးက ခြူးခြူးနှင့် စကားပြောဆိုနေခြင်း ဖြစ်သည်။

လင်းဝေ ကြည့်နေစဉ်မှာပဲ ဦးအောင်စိုးက စကားပြောဆိုပြီးသည့် အခါနှင့် ပြန်လှည့်လျှောက်လာသည်။

ခြူးခြူး၏အကြည့်တို့က ဆိုင်အတွင်းထဲသို့ ဝေ့ဝဲလာပြီး လင်းဝေ ထိုင်းလေးဆီ ရောက်ရှိလာ၏။ ဖျတ်ခနဲဆိုရုံမျှသာဖြစ်ပြီး ချက်ချင်း မျက်နှာ လွှဲသွားကာ လမ်းကို ဆက်လျှောက်သွားသည်။

ဦးအောင်စိုးဝိုင်းထဲ ပြန်ဝင်ထိုင်လိုက်တော့ လင်းဝေက မသိမသာ လေစမ်းလိုက်သည်။ (ဦးအောင်စိုး၏မေးစေ့ကို လက်နှင့်စမ်းလိုက်ခြင်း မဟုတ် ဘဲ မေးမြန်းသည်ကို ဆိုလိုပါသည်။)

"ဘာတွေအရေးတကြီးဖြစ်သွားတာလဲ ဦးစိုးရဲ့ ... ကမန်းကတန်း နဲ့"

"အေးကွာ ... ဘာမှတော့ မဟုတ်ပါဘူး ... စာကိစ္စပါ"

www.burmeseclassic.com

www.burmeseclassic.com



"စာ"

"အေး ... အဆောင်ကို အဲဒီကောင်မလေးနာမည်နဲ့ စာရောက်လာလို့ကွ၊ ဘာတဲ ... ချိုးမြတ်နွယ်ဆိုလားပဲ၊ သူ့ဆီကို စာတွေမကြာခဏလာတတ်တယ်၊ ငါ့မိန်းမကလည်း ... အဲဒီကိစ္စတွေဆို သတိမေ့တတ်လွန်းလို့ ငါကပဲ ကြားက ဝင်သတိပေးတာ"

"ဦးစိုးပြောတဲ့ အဆောင်ဆိုတာက"

"ငါဖွင့်ထားတဲ့အဆောင်လေကွာ ... မင်းကလဲ"

လင်းဝေ မျက်ခုံးပင့်မိရင်း ညီညီထွန်းတို့ကို ကြည့်လိုက်သည်။ ညီညီထွန်းက အနည်းငယ်ထူးဆန်းသွားရသောပုံစံနှင့် ...

"ဒါဆို အဲဒီ 'တော်ဝင်နှင်းဆီ' ဆိုတဲ့အဆောင်က"

"ငါ့အဆောင်လေကွာ"

"ဒါဆို အဲဒီအဆောင်မှာ အဆောင်မှူးလုပ်နေတဲ့ အန်တီကြီးက"

"အဲဒါ ငါ့မိန်းမပေါ့ကွ"

ဦးအောင်စိုးက ပြောရင်း ...

"အံ့သြရောကွာ၊ ငါ့ကို အဲဒီအဆောင်ပိုင်ရှင်မှန်း မင်းတို့ မသိကြဘူးလား"

ညီညီထွန်းနှင့်ဝင်းလင်းထွန်းတို့ ခေါင်းခါကြသည်။ ဦးအောင်စိုးက သဘောကျဟန်နှင့် ရယ်လျက် ...

"ဖြစ်ရမယ်၊ အေးလေ ... ငါကလည်း မနက်ဆို အစောကြီးဆိုင်လာဖွင့်ပြီး ညမိုးချုပ်မှ ပြန်ဖြစ်တာကိုး၊ မင်းတို့ သတိမထားမိတာဖြစ်နိုင်တာပေါ့"

"ဟီး ဟီး ... ဟုတ်တယ်၊ ကျွန်တော်တို့ ဦးစိုးကို လုံးဝသတိ



www.burmeseclassic.com

www.burmeseclassic.com



မထားမိဘူး"

"အဆောင်ထဲက ကောင်မလေးတွေကိုပဲ ... ဟီး ဟီး"

"အဲဒါတွေ ခဏထားစမ်းပါဦး"

လင်းဝေက စကားဝင်ဖြတ်လိုက်ရင်း ...

"ညီညီထွန်း"

"ဟေ ... ဘာလဲ"

"ဒီနေ့ ကြာသပတေးနေ့နော်"

"အေးလေ ... အဲဒါ ဘာဖြစ်လဲ"

"မနက်ဖြန်ကစပြီး မင်းတို့အဆောင်မှာ ငါလာနေမလို့"

ဝင်းလင်းထွန်းက မျက်လုံးပြူးနှင့် ...

"ဟင် ... မင်းက ဘာလုပ်ဖို့ လာနေမှာလဲ၊ အဆောင်မှာ အခန်းလွတ်လည်း ရှိတော့တာမဟုတ်ဘူး"

"မင်းတို့နှစ်ယောက် အခန်းမှာပဲ ကြည့်ကျက်နေမယ်၊ အဆောင်ရှင် ကိုမျိုးဦးကို ငါ့ဘာသာ ကြည့်ပြောလိုက်မယ်"

နွယ်နီနီလင်းက သူ့စိတ်ကူးကို ရိပ်မိဟန်နှင့် လှမ်းကြည့်သည်။ လင်းဝေက မသိချင်ယောင်ဆောင်နေလိုက်သည်။ ဦးအောင်စိုးက ဝမ်းသာအားရနှင့် ...

"လင်းဝေ ဒီမှာလာနေမယ်ဆိုရင်တော့ ကောင်းတယ်ဟေ့၊ ငါတို့ ဉာဏ်စမ်းလေးတွေ အပြန်အလှန်မေးလို့ရတာပေါ့"

ပြောရင်း သတိရသွားပုံဖြင့် ...

"ခုနက ငါမေးတဲ့မေးခွန်းကို ဖြေဦး လင်းဝေ၊ အဖြေက ဘာလဲ"

လင်းဝေ ကိုယ့်အတွေးနှင့်ကိုယ် ပြုံးရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီသောက်တာ ၄ ယောက်၊ မုန့်စားတာ ၆ ယောက်၊ ကော်ဖီရော မုန့်ရောက ၁၂ ယောက်၊ ဘာမှမစားတာက ၂ ယောက်ဆိုတော့ အားလုံး ၂၄ ယောက်"

"ဟား ဟား ... တော်တယ်ဟေ့ လင်းဝေ၊ အဲလောက် အဖြေမြန်မြန်ထွက်မယ်လို့တောင် ထင်မထားမိဘူး"

ဦးအောင်စိုးက ချီးကျူးလေသည်။ ပြီး ... သူ့သမီးမွေးနေ့အထိမ်းအမှတ်ဟုဆိုကာ လင်းဝေတို့ပိုင်းကို ပိုက်ဆံမယူချေ။

"ဒါ နောက်ထပ် ပဟေဠိလေးတွေ ရှာထားဦးမယ် ... ကြားလား"

လင်းဝေစိတ်ထဲမှာတော့ ခြူးမြတ်နွယ် (ခေါ်) ခြူးခြူးဆိုသည့် ပဟေဠိပုစ္ဆာလေးကိုသာ တွေးနေမိလေသည်။

▲▲▲

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ညသည် မမှောင်ပါ။ လရောင်ဖြင့် လင်းကျင်းလျက် ရှိသည်။ လရောင်က သူတို့ထိုင်နေသည့် ဝရန်တာသို့ ထိုးစိုက်ကျဆင်းနေပါ၏။

အဆောင်မှူးဖြစ်သူ ကိုမျိုးဦး နှုတ်ဆက်ပြန်သွားသည်နှင့် ညီညီထွန်းက . . .

"လင်းဝေ"

"အေး . . . ပြော"

"မပြောခင် မေးစရာရှိသေးတယ်"

"မေး"

ညီညီထွန်းက ဘာမှမပြောသေးဘဲ သူ့ခါးကြားထဲမှာထိုးထားသော ပုလင်းပြားလေးတစ်ပြားကို အရင်ထုတ်သည်။ လင်းဝင်းထွန်းဓါတ်စုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရာ ကျူးရင့်သံကိုလည်း ကြားလိုက်ရ၏။

လင်းဝေ လရောင်ဖြူဖြူကို ကြည့်ငေးနေမိသည်။ လရောင်၏ အသွေးအသားများက သူ့ခန္ဓာကိုယ်ထဲ ဝင်ရောက်သွားသလို အေးမြစိမ့်သက်မှုကို ခံစားနေရသည်။

ဒီနေ့ပဲ အဆောင်နေ ကျောင်းသားအဖြစ်သို့ လင်းဝေ ပြောင်းလဲလိုက်ခြင်းဖြစ်သည်။ ညီညီထွန်းတို့နေသော အဆောင်သို့ ပြောင်းလာခြင်းဖြစ်၏။

အိမ်နှင့်တော့ စကားနည်းနည်း ပြောဆိုလာခဲ့ရသေးသည်။ ဤအဆောင်ရှင် (အဆောင်မှူးလည်းဖြစ်သော) ကိုမျိုးဦးနှင့်တော့ ယခင်ကပဲ ရင်းနှီးခင်မင်သည်မို့ လင်းဝေအတွက် အဆင်ပြေပါသည်။

လရောင်လှုံကာ အတွေးညှို့နေမိသော လင်းဝေကို . . .

"ငါပြောတာ ကြားရဲ့လား လင်းဝေ"

"ဟင် . . . ဘာလဲ"

"ငါ မင်းကို မေးစရာရှိတယ်ဆိုတာလေ"

"အေး . . . မေးလေ . . . ငါ နားထောင်နေသားပဲ မင်းတို့တာသာ မင်းတို့ကိစ္စကို အာရုံရောက်သွားပြီးတော့"

ညီညီထွန်းက တစ်ချက်ရယ်ရင်း သူ့လက်ထဲမှ ပုလင်းပြားလေးကို ဝင်းလင်းထွန်းဆီ လှမ်းပေးသည်။ ပြီးမှ . . .

"ခြူးမြတ်နွယ်ကို မင်း ဘယ်လောက်တောင် စိတ်ဝင်စားသွားလို့လဲ လင်းဝေ"

"ဩော်"

ဝင်းလင်းထွန်းက သူ့ကို လှမ်းကြည့်သည်။ ပြီးတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ငါတို့ပြောရမယ့် အာမေဋိတ်ကွ၊ မင်းပြောရမယ့်အဖြေကို သာ ပြော"

လင်းဝေက . . .

"မင်းတို့က ဘယ်လိုထင်လဲ"

"မင်း သူ့ကို စိတ်ဝင်စားတဲ့ပုံစံက အတိုင်းအတာတစ်ခုထက် ပို သွဲ့"

"ဘယ်လိုအတိုင်းအတာလဲ"

"ဒါတော့ မသိဘူး။ ငါတို့စိတ်ထဲ တွေးမိတာကိုပြောတာ"

"ဘယ်လိုတွေးမိလို့လဲ"

"ပြန်မမေးနဲ့ကွာ၊ ငါတို့မေးတာကိုပဲပြော"

လင်းဝေ ပြုံးလိုက်မိသည်။ လရောင်ဖြင့် လင်းရှင်းဖြူလွှနေသော အခေဆာင်ခြံဝန်းထဲသို့ လှမ်းကြည့်လိုက်ရင်း . . .

"မင်းတို့ ကြုံဖူးလား"

"ဘာလဲ"

"ငါ ကလေးဘဝတုန်းက ပွဲဈေးတန်းတွေရောက်ရင် လိုချင်တဲ့ အရုပ်လေးတွေဆို မိဘတွေကို မရမက ပူဆာတတ်တယ်"

"အင်း"

"အဲဒီ အရုပ်တို့မရခဲ့ဘူးဆိုရင် ရက်တော်တော်ကြာ စိတ်ထဲမှာ အသသနဲ့ ဖြစ်နေတာပဲ"

"အင်း"

"တစ်ရက် . . . ပွဲတော်တစ်ခုမှာ ငါ အရမ်းလိုချင်သွားတဲ့ အရုပ် အလေးတစ်ရုပ်ကို သွားတွေ့တယ်၊ ဒါပေမဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ . . . ဘာဖြစ်လဲ"

"အဲဒီအရုပ်ကို ငါ မရလိုက်ဘူး၊ ငါ့မိဘတွေ ဝယ်ပေးမယ့်အချိန်မှာပဲ တခြားတစ်ယောက်လက်ထဲ ပါသွားတယ်"

"ငါတို့ ငယ်ငယ်တုန်းကလည်း ကြုံဖူးတာပဲ"

"ငါကတော့ အဲဒီအရုပ်ကလေးကို စွဲလမ်းလွန်းလို့လားမသိဘူး တစ်လလောက်ထိ နေမကောင်းဖြစ်သွားတယ်"

"ဟင်"

ညိုညိုထွန်းနှင့်ဝင်းလင်းထွန်းတို့ မျက်ခုံးပင့်သွားကြသည်။ လင်းဝေက . . .

"ငါ ခြူးမြတ်နွယ်အပေါ်မှာထားတဲ့သဘောထားက ကလေးဘဝတုန်းကလို အဲဒီအဖြစ်အပျက်ထက် အဆပေါင်းများစွာ သာတယ်လို့ ပြောချင်တာ"

စကားအဆုံးမှာ သက်ပြင်းချသံတွေ ထွက်လာသည်။ လင်းဝေလရောင်ဖြူဖြူကို ဆက်ငေးနေမိသည်။ ညိုညိုထွန်းက လည်ချောင်းရှင်းသံ တစ်ချက်ပြုပြီး . . .

"လင်းဝေ . . . ငါတို့ မင်းကို ပြောထားတာကိုတော့ မှတ်မိတယ် နော်"

လင်းဝေ တစ်ချက်ရယ်လိုက်ကာ . . .

"အင်း . . . သိတယ်၊ သူ့ကို ချဉ်းကပ်တဲ့ ယောက်ျားလေးတိုင်းမှာ အန္တရာယ်တစ်ခုမဟုတ်တစ်ခု ကြုံရတယ်ဆိုတာ မဟုတ်လား။ မင်းတို့က အဲဒါကို မျက်မြင်ကိုယ်တွေ့ကြုံဖူးလို့လား၊ မြင်ဖူးတယ်ဆိုရင်တောင် သူ့ကို စိတ်ဝင်စားလို့ အဲဒီလိုဖြစ်ရတာလို့ သေချာပေါက်ပြောနိုင်လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲ . . . အဲဒါတော့"

ညီညီထွန်းက ပုလင်းပြားလေးကို ကိုင်မြှောက်မည်ပြုပြီးမှ ငြိမ်သွားသည်။ လင်းဝေက ဆက်ပြီး . . .

"နောက်ထပ်ပြောစရာလည်း ရှိသေးတယ်၊ ဦးအောင်စိုးပြောစကား အရ ခြူးခြူးဆီကို စာတွေ မကြာခဏ လာတယ်ဆိုတာ"

"ဟင် . . . အဲဒါက"

"ငါ့ဆီမှာ အခုထိရှိနေသေးတဲ့စာနဲ့ ပတ်သက်မယ်လို့ ထင်မိလား"

ညီညီထွန်းက လက်ထဲမှ ပုလင်းပြားကို ဘေးချလိုက်ရင်း . . .

"မပြောတတ်ဘူး လင်းဝေ၊ မင်းပြောမှ ငါလည်း တွေးမိတာ၊ မင်းစိတ်ထဲ ဘယ်လိုထင်လို့လဲ"

စကားအဆုံးမှာ ဝင်းလင်းထွန်းကလည်း သူ့ကို ကြည့်လာသည်။

လင်းဝေ ခေတ္တမျှ ငြိမ်နေပြီးမှ . . .

"ပဟေဠိပါပဲကွာ"

သက်ပြင်းတစ်ချက်ကို တိုးသဲ့စွာ ချလိုက်သည်။

အပြင်မှာ လရောင်က လင်းရှင်းစွာ ဖြူလွှနေဆဲ . . .။

▲▲▲

www.burmeseclassic.com

www.burmeseclassic.com

တိမ်ညိုကို ခိုစီးလို့
နတ်ဘီလူးတာ စစ်ရေးပြင်တယ်။

ဆိုင်းသံ ဗုံသံတွေပေမယ့်
ဒါဟာ ပွဲတော်တစ်ခု မဟုတ်ပေဘူး။

အနက်ရောင် တံကြမ္ဘာတ
အငြိုးဓားတစ်လက်လက်ကို ကိုင်ခဲ့ပြီး

ဖြူစင်သူတွေရဲ့ နှလုံးသားတွေကြားကို
ထိုးစိုက်…
　　　ခွဲချဖို့…
　　　　　　　အသင့်ရှိနေလေရဲ့…

www.burmeseclassic.com

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၀)

ပြတင်းပေါက်မှ လှမ်းမြင်နေရသော ကောင်းကင်ပြင်က တံလျှပ်ပ အနေသည်ဟု ခြူးမြတ်နွယ် ထင်မိသည်။ စိတ်ရှုပ်ထွေးစွာ ခေါင်းကို ယမ်းမိပြီး သက်ပြင်းတစ်ချက် လေးပင်စွာ ချမိ၏။

"နင် အရမ်းစိတ်ညစ်နေလား ခြူးခြူး"

အခန်းဖော် ဇင်မာမြင့်က လှမ်းမေးသည်။ ခြူးမြတ်နွယ် ဘာမှ ပြန်မပြောဘဲ ပြတင်းပေါက်မှ အရင်ခွာလိုက်သည်။ ခုတင်ပေါ် ထိုင်လိုက်ပြီး ဆံပင်တွေကို စိတ်ရှိလက်ရှိ ထိုးဖွမွှေနှောက်လိုက်၏။

"ခြူးခြူးရယ်"

သူမအဖြစ်ကို စာနာစွာ ဇင်မာမြင့်က ညည်းတွားသည်။ ထို့နောက် ဇင်မာမြင့်အကြည့်တို့က ခြူးခြူး၏စာကြည့်စားပွဲပေါ်မှ လုံးချေထားသော စာတစ်စောင်ဆီ ရောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ချူးမြတ်နွယ်အကြည့်က သူမစားပွဲဆီ ရောက်သွားသည်။ ထိုစားပွဲပေါ်မှာ သူမ လုံးချေထားသော စာတစ်စောင် ရှိသည်။ ထိုစာကိုကြည့်ရင်း ချူးမြတ်နွယ်စိတ်ထဲမှာ မြွေတစ်ကောင်လို မြင်ယောင်လာမိသည်။

ထိုစာသည် မြွေတစ်ကောင် … အဆိပ်ပြင်းပြီး ကိုယ့်အဆိပ်ကိုယ်မိကာ ရှူးသွပ်နေသည့် မြွေဟောက်တစ်ကောင်၏ရှေ့ပြေးနတ်ဆိုးတစ်ကောင်။

ထိုစာထဲမှ စကားလုံးတွေက မြွေဟောက်တစ်ကောင်၏အစွယ်တွေ။

ချူးမြတ်နွယ် ခေါင်းကို ခါယမ်းလိုက်သည်။

ဟင့်အင်း …

မဟုတ်ဘူး … မဟုတ်စေရဘူး …

ငါဟာ နင့်ရဲ့သားကောင် မဖြစ်စေရဘူး။ ဘယ်တုန်းကမှလည်း နင့်ရဲ့သားကောင် မဖြစ်ခဲ့ဘူး။

သူမ အံကြိတ်ထားမိသည်။

ငါ့ဘဝဟာ နင် ခြယ်လှယ်စရာမဟုတ်ဘူး ရဲထက်။

ချူးမြတ်နွယ်ခေါင်းထဲမှာ စကားလုံးတွေ တုန်ခါသွားသည်။

"ချူးချူး … ချူးချူး"

"ဟင်"

ဇင်မာမြင့်က သူမမျက်နှာကို စိုက်ကြည့်လျက် …

"ဘာတွေပဲဖြစ်ဖြစ် နင့်အနားက ငါတို့ ခွဲမသွားပါဘူး ချူးချူး။ နင် သတ္တိရှိဖို့ပဲ လိုတယ်၊ အဲဒါတော့ ကတိပေး"

ချူးမြတ်နွယ် နှုတ်ခမ်းတင်းတင်းစေ့ထားလျက်က ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇင်မာမြင့် သက်ပြင်းသဲ့သဲ့ချလိုက်ရင်း ...

"နင် သူ့ကို ကြောက်နေတာလား ချူးချူး"

ချူးမြတ်နွယ်မျက်နှာက ဆတ်ခနဲ ပင့်မော့လာသည်။ ခေါင်းကို ဘယ်ညာယမ်းခါပြီး ...

"မကြောက်ဘူး၊ ဟင့်အင်း ... ငါ သူ့ကို ဘာကြောင့် ကြောက်ရမှာလဲ"

သူမ၏အသံက စကားနှင့်ဆန့်ကျင်စွာ တုန်လှုပ်နေသည်။ ဇင်မာမြင့်က ချူးမြတ်နွယ်အနားမှာ ဝင်ထိုင်လိုက်ကာ ပခုံးတစ်ဖက်ကို သိုင်းဖက်လိုက်ရင်း ...

"ဒါဆို ... နင် ဘာဖြစ်နေတာလဲ ချူးချူး"

"ဟင့်အင်း ... ငါ မသိဘူး"

ချူးမြတ်နွယ်က ဇင်မာမြင့်၏လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး

"ငါမသိဘူး ဇင်မာ၊ ငါ့ကိုယ်ငါ ဘာဖြစ်နေလဲဆိုတာ ငါမသိဘူး ငါ ... ငါ ... သူရောက်လာမှာကို ကြောက်နေမိတာလား"

"စိတ်ကို အေးအေးထားစမ်းပါ ချူးချူးရယ်"

"ဟင့်အင်း၊ ဘယ်လိုမှ မအေးနိုင်ဘူးဆိုတာ ငါ့ကိုယ်ငါ သိတယ် ဇင်မာ၊ စာထဲကအတိုင်းဆိုရင် သူ တကယ်ရောက်လာတော့မယ့်ပုံပဲ"

"နင့်အနားမှာ ငါနဲ့ဆုလှိုင် အမြဲရှိနေမှာပါ ချူးချူးရယ်၊ သူ နင့်ကို ဘာမှလုပ်လို့ မရစေရပါဘူး"

"ဒါ ... ဒါဆို ... သူရောက်လာရင် ငါ ဘယ်လိုလုပ်ရမလဲဟင်"

ဇင်မာမြင့် နှုတ်ဆွံ့သွားသည်။ စကားသံအစား သက်ပြင်းချသံသာ အစားထိုးထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ဇင်မာ ... ငါ ကြိုးစားမှာပါ"

စားပွဲပေါ်ရှိ လုံးချေထားသောစာရွက်ကို သူမ ရဲရဲတင်းတင်းပင် ဖြန့်ကြည့်လိုက်သည်။

"ခြူးခြူးရေ ... ဟဲ့ ... ခြူးခြူး"

"ဘာဖြစ်လာတာလဲ ဆုလှိုင်ရဲ့ ... အလန့်တကြားနဲ့"

အခန်းထဲ ကမန်းကတန်းဝင်လာသော ဆုလှိုင်ကို ဇင်မာမြင့် လှမ်းမေးလိုက်သည်။

"ဘာလဲ ... ပြောလေ"

ဆုလှိုင်က ...

"ဘာမှမဟုတ်ပါဘူးဟာ၊ အောက်ထပ်မှာ ဧည့်သည်ရောက်နေလို့"

"ဧည့်သည် ဟုတ်လား၊ ဘယ်သူ့ဧည့်သည်လဲ"

"ခြူးခြူးဆီကိုလာတာ"

"ဟင် ... ဘယ်သူလဲ"

"ဟို ... လင်းဝေဆိုတဲ့တစ်ယောက်"

"ဩော်"

ဇင်မာမြင့်က ခြူးမြတ်နွယ်ဆီ လှည့်ကြည့်လိုက်သည်။ ခြူးမြတ်နွယ်၏မျက်ဝန်းများထဲမှာ အရိပ်တစ်ခု ဖျတ်ခနဲ လှုပ်ရှားသွား၏။

"ပြီး ... ပြီးတော့"

"ဘာလဲ ... ဘယ်သူပါသေးလို့လဲ"

ဆုလှိုင်က ဇင်မာမြင့်အမေးကို ချီတုံချတုံလုပ်နေပြီးမှ ...

"ဟို ... ဟိုလေ၊ ခြူးခြူးကို အမြဲလိုက်စကားပြောတဲ့ ချော်သန်းလွင်ဆိုတဲ့ လူ၊ သူ ... သူ"



www.burmeseclassic.com

www.burmeseclassic.com



"သူပါ ရောက်နေတာလား။ နှင့်ပုံစံက ဘယ်လိုဖြစ်နေတာလဲ"

"အဲဒီလူ ဒီနေ့မနက်ပဲ ကားတိုက်ခံရလို့ အရေးပေါ်ရောက်သွားတယ်တဲ့"

"ဟင်"

ခြူးမြတ်နွယ် တုန်လှုပ်စွာ ရေရွတ်လိုက်မိသည်။

သူမအတွက် မရိုးနိုင်သည့် သတင်းဆိုးတစ်ခုကို ထပ်ကြားရပြန်လေပြီ။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

'တော်ဝင်နှင်းဆီ' အဆောင်၏ ညှော်ခန်းအတွင်းမှာ လင်းဝေ ငြိမ်သက်စွာပင် ထိုင်နေပါသည်။ ညှော်ခန်းအတွင်းမှာ သူမှလွဲ၍ တခြားမည်သည့် ညှော်သည်မှုမရှိ။

လင်းဝေက သူ့အကြည့်တွေကို ညှော်ခန်းထောင့်မှာရှိသော လှေကားဆီသို့သာ ပို့လွှတ်ထားပါသည်။ ချစ်သူသည် ထိုလှေကားထစ်များကို တစ်ထစ်ချင်း နင်း၍ ဆင်းလာပေလိမ့်မည်။

နံရံကပ်နာရီကြီးဆီမှ တချောက်ချောက်အသံကို ကြားနေရ၏။ သူ တိတ်ဆိတ်စွာပဲ စောင့်နေပါသည်။

"ဟော"

ထိုခဏမှာပဲ သူမ ဆင်းလာပါသည်။ သူမ လှမ်းလျှောက်လာပုံက တည်ငြိမ်သည်ထက်ပို၍ အိပ်မက်ဆန်နေသလိုပင်။

ဒေါ်ခင်ကြည်ကြည်ရ

www.burmeseclassic.com

www.burmeseclassic.com


သူ့ရှေ့ကခုံမှာ သူမ ညင်သာစွာ ဝင်ထိုင်သည်။ သူမဆီမှ ထွက်လာမည့်အမေးစကားကို လင်းဝေ မျှော်လင့်ထားသော်လည်း သူမ နှုတ်ခမ်းတို့က လှုပ်ရှားမလာချေ။

သူ့ကိုကြည့်နေသည့် သူမအကြည့်တို့ကလည်း သူ့ကိုကြည့်နေခြင်းမဟုတ်သလို လင်းဝေ ခံစားလိုက်ရသည်။

"ခြူးခြူး"

လင်းဝေ တိုးသက်စွာ ခေါ်ငင်လိုက်သည်။

"..."

သူမ နှုတ်ခမ်းတို့က ဖွင့်ဟမလာ။ အရိပ်တချို့ ခုန်ပေါက်သွားသောအကြည့်တို့ဖြင့်သာ တုံ့ပြန်လာသည်။

"ကျွန်တော် ဘာကြောင့်ရောက်လာရသလဲဆိုတာ မမေးတော့ဘူးလား"

သူမမျက်ဝန်းများထဲမှာ အရိပ်တချို့ ထပ်မံခုန်ပေါက်သွားသည်။ နှုတ်ခမ်းအစုံက ခပ်ဖြည်းဖြည်း ဖွင့်ဟလာပြီး ...

"ဟင့်အင်း"

သူ အံ့ဩသွားသည်။ ချက်ချင်းဆိုသလို ...

"ဘာကြောင့်လဲ"

"ကျွန်မ သိနေတဲ့ကိစ္စတစ်ခုကို ဘာကြောင့် အချိန်ကုန်ခံပြီး မေးနေတော့မှာလဲ၊ ရှင်လည်း ပါးစပ်အညောင်းခံပြီး ပြောနေစရာမလိုတော့ဘူးပေါ့"

သူ နှုတ်ဆွံ့သွားမိသည်။ တွေးလာခဲ့သောစကားလုံးတွေ ပျောက်ဆုံးသွားသလို ခံစားလိုက်ရ၏။ ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်တော့်စိတ်ထဲမှာ ဘာရှိလဲဆိုတာ ခြူးခြူးသိတယ်ပေါ့"

"အဟင်း"

သူမက အသက်မပါသလို တစ်ချက်ရယ်သည်။

"ဦးနှောက်ဉာဏ်မမီတဲ့ မိန်းကလေးတချို့ကလွဲရင် ရှင့်မေးခွန်းကို 'ဟုတ်တယ်' လို့ မိန်းကလေးတိုင်း ဖြေကြမှာပဲ"

"..."

"ကိုယ့်အနားရောက်လာတဲ့ ယောကျ်ားတစ်ယောက်ရဲ့စိတ်ကို 'မသိဘူး' လို့ ဖြေခဲ့ရင် အဲဒီစကားဟာ လိမ်တာ ... ဒါမှမဟုတ် အဲဒီ မိန်းကလေးဟာ ရူးနေတာပဲ ဖြစ်ရမယ်"

ခြူးမြတ်နွယ်သည် သူ ထင်ထားသည်ထက်ပို၍ ထူးဆန်းသော မိန်းကလေးတစ်ယောက်ဆိုတာ လင်းဝေ သိလိုက်သည်။

သူ ဘာဆက်လုပ်ရမည်လဲ? ဒါဆို ခြူးခြူးဘက်က သဘောထား ကရော ... လို့ ပြောလိုက်ရမည်လား?။

ဟင့်အင်း ... ဒါလည်း မကောင်းသေး။

လင်းဝေ စဉ်းစားလိုက်သည်။ စက္ကန့်အတော်ကြာ စဉ်းစားလိုက် ပြီးမှ ...

"ချစ်တယ်ဆိုတဲ့စကားဟာ ဘယ်အချိန်မှာ ပြောဖို့ အသင့်ဆုံး လည်း ခြူးခြူး"

သူမက ရဲဝံ့စွာပင် ...

"ချစ်တယ်ဆိုတဲ့စကားကို ချစ်နေတဲ့အချိန်မှာ ပြောဖို့အသင့်ဆုံး ပါပဲ။ မုန်းနေတဲ့အချိန်မှာ အဲဒီစကားဟာ မြောင်းထဲ လွှင့်ပစ်ရုံသာ အသုံးဝင်တော့တာပဲ"

"ကျွန်တော် ခြူးခြူးကိုချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ အမူအရာက မည်သို့မျှ ပြောင်းမသွားချေ။ 'ကျွန်မ ပြောပြီး ပြီလေ ... ရှင့်စိတ်ကို ကျွန်မ သိပြီးသား'' ဆိုသော သဘောမျိုးလား။

လင်းဝေ မသိ။ မဝေခွဲတတ်။

မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသော သူမမျက်ဝန်းများကြောင့် သာ သူ အနေရ အထိုင်ရခက်လာသည်။ ကြမ်းပိုးကိုက်သလို ဆူးစူးသလို သူ လှုပ်လှုပ်ရွရွလုပ်လိုက်ပြီး ...

"ကျွန်တော့်ကို မယုံလို့လား"

သူ့စကားကို မဖြေ။ သူ အံ့သြသွားရသည့် စကားတစ်ခွန်းကိုသာ သူမ ပြောလာသည်။

"ရှင် ကျွန်မကိုချစ်တာ ကျွန်မကိုယ်ကျွန်မ အပြစ်ရှိသလို ခံစားရ တယ်"

"ဗျာ"

"ဟုတ်တယ်၊ အဲဒီတော့ ရှင် ကျွန်မကို မချစ်ဖို့ ကျွန်မ တောင်း ပန်ချင်တယ်"

လင်းဝေစိတ်ထဲ ရှုးချင်သလို ကြောင်ချင်သလို ဖြစ်သွားမိသည်။ သူမစကားတွေက သာမန်အနေအထားထက် အနည်းငယ်ကျော်လွန်နေ သည်ဟု အထိတ်တလန့် တွေးမိ၏။

"ရှင် ကျွန်မကို ရူးနေတယ်လို့ မထင်မိဘူးလား"

"ဟင် ... အဲ ... မ ... မထင်ပါဘူး"

"ဟင်း ... ဟင်း ... ဟင်း"

သူမ ရုတ်တရက် ရယ်လေသည်။ ထိုရယ်သံထဲမှာ တစ်စုံတစ်ခု အပေါ် နာကျင်မှု ပါဝင်နေသည်ဟု လင်းဝေ ထင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြူးမြတ်နွယ်က အရယ်ရပ်လိုက်ပြီးမှ ...

"ကျွန်မတောင်းဆိုတာကို ရှင် လိုက်လျောပေးနိုင်မလား"

ရုတ်တရက်အတွင်းမှာ လင်းဝေ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ သို့သော် ခဏအတွင်းမှာပဲ သူပြောရမည့်စကားကို တွေ့ရှိသွားပြီး

"မဖြစ်နိုင်ဘူး ခြူးခြူး။ အကြောင်းပြချက်မရှိဘဲ ဖြစ်လာတဲ့ ခံစားချက်ကို ကျွန်တော်က ဘယ်လိုပြောင်းလဲနိုင်မှာလဲ၊ ကျွန်တော် ခြူးခြူးကို ချစ်တယ်၊ ဒါ ... ကျွန်တော့်စိတ်ထဲက မပြောင်းလဲတဲ့ အမှန်တရားတစ်ခုပဲ"

"အဲဒီအမှန်တရားကြောင့် ရှင် တစ်ခုခုကြုံလာရမယ်ဆိုရင်ရော ဥပမာ"

ခြူးမြတ်နွယ်၏စကားသံက အနည်းငယ် တုံ့ဆိုင်းသွား၏။

လင်းဝေ ကျိတ်ပြုံးလိုက်ရင်း ...

"ကျွန်တော်က 'မျက်ကန်းတစ္ဆေမကြောက်' ပါ ခြူးခြူး"

ခြူးမြတ်နွယ်၏မျက်လုံးထောင့်စွန်းမှာ အရိပ်တချို့ ခုန်သွားသည်။ လင်းဝေက ဘောင်းဘီအိတ်ကပ်ကိုနှိုက်၍ ...

"ဒါ ... ခြူးခြူးကျန်ခဲ့တဲ့ စာပါ၊ အဲဒီနေ့က ကျွန်တော့်ဆီမှာပဲ ကျန်ခဲ့တယ်"

ခြူးမြတ်နွယ်က စာကို မကောင်းဆိုးဝါးတစ်ကောင်လို ကြည့်သည်။

"ကျွန်မ မလိုချင်လို့ တမင်ချန်ထားခဲ့တာပါ၊ အဲဒီ 'စာ' ဆိုတဲ့ အရာတွေကို ကျွန်မ ခါးသီးနေတာ ကြာပြီ"

လင်းဝေ ပြုံးရင်း ...

"ကျွန်တော့်ကို 'မချစ်နဲ့' လို့ ခြူးခြူးပြောတဲ့အကြောင်းကရော



www.burmeseclassic.com

www.burmeseclassic.com



ဒီစာတွေနဲ့ ဆိုင်လား"

သူမအကြည့်တွေထဲမှ အံ့ဩရိပ်တချို့ ဖြစ်သွားသည်။ ချက်ချင်း အကြည့်လွှဲသွားပြီး ...

"ရှင် ပြန်ပါတော့"

"ဗျာ"

"ရှင် ပြန်ပါတော့ ... လို့ တောင်းဆိုတာပါ၊ နှင်ထုတ်တာ မဟုတ်ပါဘူး၊ ဒီတစ်ခါ ကျွန်မ တောင်းဆိုချက်ကိုတော့ ရှင်လိုက်လျော ပေးနိုင်မယ်လို့ ထင်တယ်"

လင်းဝေ သက်ပြင်းတစ်ချက် ချလိုက်သည်။ ခြူးမြတ်နွယ်က အကြည့်ကို လွှဲထားဆဲ။

"ကောင်းပြီလေ"

လင်းဝေ မတ်တတ်ထ,ရပ်လိုက်ရင်း ဧည့်ခန်းဝဆီသို့ တစ်ခါတည်း လှည့်လျှောက်ခဲ့သည်။ အပေါက်ဝသို့အရောက်မှာ သူ့စိတ်ထဲ တစ်မျိုးဖြစ်လာ၏။

ဖျတ်ခနဲ ငဲ့ကြည့်လိုက်တော့ သူ့နောက်ကျောကို စိုက်ကြည့်နေသည့် ခြူးမြတ်နွယ်၏မျက်ဝန်းများနှင့် တည့်တည့်ဆုံသည်။ သူမက လင်းဝေ စိတ်ထဲကို ထွင်းဖောက်မြင်နေသည့်အလား။

"ဘာကျန်ခဲ့လို့လဲ လင်းဝေ"

"စကားပါ၊ ဒါပေမဲ့ အဲဒီစကားက ခြူးခြူးပြောရမယ့်စကား"

"ကျွန်မပြောရမယ့်စကား ... ဟုတ်လား"

"ဟုတ်တယ်၊ ခြူးခြူး ကျွန်တော့်အပေါ်ကို ဘယ်လိုသဘောထား ထဲဆိုတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ခြူးမြတ်နွယ်က ခေါင်းခါသည်။

"မဖြစ်နိုင်ဘူးလို့ ဆိုလိုတာလား"

"ကျွန်မ မပြောတတ်ဘူး"

လင်းဝေ ပြုံးလိုက်ရင်း . . .

"ကျွန်တော်ကလည်း အခုချက်ချင်းကြီး မဆိုလိုပါဘူး။ ရှိုးအိနေတဲ့စကားလုံးတွေအတိုင်း ပြောရရင် ခြူးခြူး စဉ်းစားပေါ့၊ ကျွန်တော်ကတော့ သတိရမိတဲ့အချိန်တိုင်း ခြူးခြူးဘက်က သဘောထားကို စောင့်မျှော်နေမယ်ဆိုတာပဲ"

လင်းဝေက ပြောပြီးသည်နှင့် လှည့်ထွက်သွားလေသည်။ လင်းဝေ၏နောက်ကျောကို လှမ်းငေးကြည့်မိရင်း ခြူးမြတ်နွယ်ရင်ထဲမှာ မွန်းကျပ်လာရသည်။

ဟင့်အင်း . . . ဟင့်အင်း . . . ရှင် ကျွန်မကို မချစ်ရဘူး လင်းဝေ ရှင် ကျွန်မကို မချစ်ပါနဲ့။ အဲဒါ . . . ဘာကြောင့်လဲဆိုတော့ . . . ရှင့်ကို . . . ရှင့်ကိုလေ . . .

သူမနှုတ်ခမ်းသားများ တဆတ်ဆတ်တုန်ယင်လာသည်။

"ခြူးခြူး . . . ခြူးခြူး . . . ဘာဖြစ်တာလဲ"

ဇင်မာက သူမ၏ပခုံးတစ်ဖက်ကို ကိုင်လှုပ်ရင်း စိုးရိမ်သံနှင့်မေးသည်။ သူမ အသိဝင်လာပြီး ဇင်မာ၏ပခုံးပေါ် ခေါင်းကို အပ်ချမိကာ-

"ငါ . . . ငါ . . . အသက်ရှင်နေရတာကို မုန်းလာပြီ ဇင်မာ"

ဇင်မာ့ဆီမှ သက်ပြင်းသံသာ တိုးတိုးထွက်လာ၏။

ခြူးမြတ်နွယ်အတွက် အသက်ရှူရတာ ခက်ခဲလွန်းနေသည်။

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

တကယ်တော့ ဇင်မာမြင့်နှင့် ဆုလှိုင်တို့ဘက်ကစ၍ လင်းဝေကို နှုန်းဆိုလိုက်ခြင်းဖြစ်သည်။

သူမတို့ စကားတွေအပြီးမှာ လင်းဝေက ...

"အဲဒါကိုပဲ ကျွန်တော့်စိတ်ထဲ ဘဝင်မကျတာ"

"ဘာကိုလဲ လင်းဝေ"

ဇင်မာဖြင့် မေးလိုက်သည်။ လင်းဝေက ...

"ခြူးခြူးကို စိတ်ဝင်စားလို့ ချဉ်းကပ်လာတဲ့ လူတွေအားလုံး တစ်ခုမဟုတ်တစ်ခု အန္တရာယ်ကြုံရတယ်ဆိုတာကိုပေါ့"

ဇင်မာမြင့် သက်ပြင်းချလိုက်သည်။

"ကျွန်မလည်း ဘယ်လိုပြောရမှန်း မသိတော့ဘူး။ ဒါပေမဲ့ ခြူးခြူး ကို ချဉ်းကပ်လာသူတိုင်း အဲလိုဖြစ်သွားရတာတွေကတော့ ကျွန်မတို့ အသိ

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးပဲ"

"ဟုတ်တယ် ... တချို့တွေဆိုရင် ကျွန်မတို့ မျက်မြင်ကိုယ်တွေ့ပဲ"

ဆုလှိုင်က ဝင်ပြောသည်။ လင်းဝေက ...

"ဟုတ်ပြီလေ၊ ကျွန်တော်လည်း သတင်းကြားလိုက်ပါတယ်၊ ဟိုတစ်နေ့ကပဲ ကျော်သန်းလွင်ဆိုတဲ့ လူတစ်ယောက် ကားတိုက်ခံရပြီး အရေးပေါ် ရောက်သွားတယ်ဆိုတာ"

ဖင်မာမြင့်က ခေါင်းညိတ်၍ ...

"ဟုတ်တယ်၊ အဲဒီလူဖြစ်တာ အဆိုးဆုံးပဲ၊ မသေတာပဲ ကံကောင်းတာပေါ့"

ဆုလှိုင်က ...

"ခြူးခြူးက အဲဒီသတင်းကိုလည်း ကြားရော၊ တော်တော်စိတ်မကောင်းဖြစ်သွားတာ၊ အဲဒီနေ့က ရှင် ခြူးခြူးကို လာတွေ့တဲ့နေ့လေ"

"အင်း ... သိပါတယ်"

"ရှင့်ကို ဆင်းတွေ့ဖို့ကိုတောင် သူ တော်တော်အားမွေးသွားရတာ"

လင်းဝေက သက်ပြင်းတစ်ချက် ချသည်။ ပြီး ...

"အဲဒီဖြစ်ရပ်တွေကို မေးစရာတွေတော့ အများကြီးပဲ၊ ဒါပေမဲ့ ... အဓိက မေးစရာကတော့ ဘာကြောင့်လဲ ... ဘယ်သူကြောင့်လဲဆိုတာ"

"လင်းဝေ"

ဖင်မာမြင့်က ဖြတ်ခေါ်လိုက်သည်။

"ကျွန်မတို့လည်း အဲဒီအကြောင်းကို ပြောပြချင်လို့ ရှင့်ကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတာပါ၊ ဘာကြောင့်လဲဆိုတော့ ရှင့်ကို ကျွန်မတို့ ယုံကြည်မိလို့ပဲ"

ဆုလှိုင်က ...

"အစကတော့ ခြူးခြူးစာကို ကောက်သွားတဲ့ရှင့်ကို ကျွန်မတို့ တစ်မျိုးထင်မိသေးတယ်၊ ဒါပေမဲ့ ရှင့်ပုံစံကိုကြည့်ရတာ ခြူးခြူးအတွက် အထောက်အကူတစ်ခု ဖြစ်မယ်ထင်လို့"

လင်းဝေက ...

"ကျွန်တော် ခြူးခြူးအတွက်ဆိုရင် ဘာမဆိုလုပ်ပေးနိုင်ပါတယ်၊ ကျွန်တော့်ကို ယုံကြည်ပေးတဲ့အတွက်လည်း ခင်ဗျားတို့နှစ်ယောက်ကို ကျေးဇူးပါပဲ"

ဇင်မာမြင့်က အသက်တစ်ချက်ရှိုက်လိုက်ပြီးမှ ...

"ခြူးခြူးမှာ အစွဲအလမ်းတစ်ခုရှိတယ် လင်းဝေ"

"ဘာအစွဲအလမ်းလဲ"

"သူဟာ သိုက်ကလာတဲ့ မိန်းကလေးတစ်ယောက်လို့ သူ့ကိုယ်သူ ယုံကြည်နေတာပဲ"

"ဗျာ"

လင်းဝေ အမှန်တကယ်ပင် အံ့သြတကြီး ဖြစ်သွားရသည်။

"သိုက်က လာတာ ... ဟုတ်လား"

"ဟုတ်တယ်"

"ဟာ ... အဲဒီကိစ္စက"

ဇင်မာမြင့်က သူ့ကိုကြည့်၍ ...

"ရှင့်အနေနဲ့ လက်မခံနိုင်စရာ အကြောင်းတစ်ခုတော့ ဖြစ်ချင်ဖြစ်သွားလိမ့်မယ်၊ ဒါပေမဲ့ ... ဒါဟာ ခြူးခြူး လက်ခံထားတဲ့ကိစ္စအမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



*လှိုင်းဝေ ခေါင်းယမ်းလိုက်မိသည်။* ဖင်မာမြင့်က ...

"ရှင် ဒီအကြောင်းကိုသိရတော့ ခြူးခြူးအပေါ် အမြင်တစ်မျိုး ပြောင်းသွားလား"

"ဟင့်အင်း ... သူ ဘာကြောင့် ဒီလို ယုံကြည်နေရတာလဲဆိုတာ သိချင်တယ်"

"သူ ငယ်ငယ်က မေးဖူးတဲ့ ဗေဒင်ဆရာမတစ်ယောက်က ဟော လိုက်တာ၊ ပြီးတော့ ... အဲဒီနောက်ပိုင်း သူမက်တဲ့ အိပ်မက်တွေကြောင့် ပေါ့"

"အိပ်မက် ... ဟုတ်လား"

လင်းဝေ ရေရွတ်မိရင်း ...

"ဒါက ရှင်းနေတာပဲ၊ အဲဒီဗေဒင်ဆရာမကြောင့် သူ့စိတ်ထဲမှာ အစွဲအလမ်းဖြစ်ပြီး"

"ခဏနေဦး လင်းဝေ၊ အဲဒီအိပ်မက်တွေက အမြဲတမ်း တစ်ထပ် တည်းဖြစ်နေတယ် ဆိုရင်ကော"

"ဘယ်လို"

"ခြူးခြူးက အိပ်မက်တစ်ခုတည်းကိုပဲ ထပ်တလဲလဲမက်တာ၊ ပြီးတော့ ... အဲဒီအိပ်မက်ရဲ့အကြောင်းအရာကြောင့် အခုဖြစ်ပျက်နေတဲ့ ကိစ္စတွေအပေါ် သူ မခံစားနိုင်အောင်ဖြစ်နေတာ"

"ဘယ်လို ... အဲဒီအိပ်မက်နဲ့ အခုကိစ္စတွေက ဆိုင်တယ်ပေါ့"

ဖင်မာမြင့်က ခေါင်းကို ခပ်လေးလေးညိတ်ကာ ...

"ကျွန်မတို့လည်း အဲလိုယုံရမလို ဖြစ်နေတယ်"

လင်းဝေစိတ်ထဲ ထူးဆန်းသွားရပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အိပ်မက်က ဘာကိုမက်လို့လဲ"

"ပြောရရင်တော့ သူ့ရဲ့သိုက်ဘဝကို ပြန်မက်တယ်လို့ပဲ ပြောရမှာပဲ"

"အင်း . . . ပြောပါဦး"

"အတိုပြောရရင်တော့ အိပ်မက်ထဲမှာ ခြူးခြူးက သိုက်က စောင့်မင်းသမီးလေးတစ်ပါးပေါ့၊ အဲဒီသိုက်မှာပဲ လူတစ်ယောက်က . . . အဲ . . . လူ့ပဲ ထားပါတော့၊ အဲဒီလူက သူ့ကို တစ်ဖက်သတ် စွဲလမ်းနေတယ်ဆိုပါတောလေ၊ ခြူးခြူးကတော့ ဘာကြောင့်မှန်းမသိဘဲ အဲဒီလူကို ခါးခါးသီးသီးမုန်းတဲ့"

"အင်း"

"အဲဒီလူကတော့ ခြူးခြူးကိုရဖို့အတွက် နည်းမျိုးစုံနဲ့ ကြိုးပမ်းတယ်ဆိုပါတော့လေ၊ တစ်ရက်မှာ ခြူးခြူးကို မတရားသိမ်းပိုက်မယ်လုပ်တော့ ခြူးခြူးက . . . အဲ . . . ဘယ်လိုပြောရမလဲ၊ လူဆိုရင်တော့ ကိုယ့်ကိုယ်ကိုယ်သတ်သေတဲ့ပုံစံမျိုးပေါ့၊ ခြူးခြူးလည်း အဲဒီဘဝကို စွန့်လွှတ်လိုက်တယ်ဆိုတဲ့ သဘောပဲ"

"အင်း"

"ဒါပေမဲ့ . . . ခြူးခြူး ဘဝပြောင်းမသွားသေးခင်မှာ အဲဒီလူက ကျိန်စာတိုက်သလိုမျိုး လုပ်တယ်တဲ့၊ သိုက်စောင့်တွေဆိုတော့ တန်ခိုးတွေရှိချင်ရှိမှာပေါ့"

"အင်း . . . ဆက်ပါဦး"

"ကျိန်စာက ဘယ်လိုလဲဆိုတော့ . . . ခြူးခြူး ဘယ်ဘဝရောက်ရောက် သူကလွဲပြီး ဘယ်သူနဲ့မှ မပေါင်းစေရဘူး၊ သူကလွဲပြီး ခြူးခြူးအနား



www.burmeseclassic.com

www.burmeseclassic.com



ကိုရောက်လာတဲ့ သူမှန်သမျှ အန္တရာယ်အမျိုးမျိုး ကြုံရစေမယ်ဆိုပြီးပေါ့ လေ၊ ပြီးတော့ ခြူးခြူး ဘယ်ရောက်ရောက် သူလိုက်လာမယ်တဲ့၊ အိပ်မက်ကတော့ အဲဒါပဲ"

"ဒါဆို ...အခု ကြုံနေရတာတွေက အဲဒီကျိန်စာကြောင့်လို့ ခြူးခြူးက ယူဆနေတာလား"

လင်းဝေ မေးခွန်းကို ဖင်မာမြင့်က ...

"ယူဆနေတာမဟုတ်ဘူး လင်းဝေ၊ ခြူးခြူးက ယုံကြည်နေတာ၊ အိပ်မက်ထဲက လူလို့ သူ ယုံကြည်သွားရမယ့် လူတစ်ယောက်ကိုလည်း သူကိုယ်တိုင် ကြုံခဲ့ပြီးပြီလေ"

"ဘယ်လို"

လင်းဝေ ပါးစပ်အဟောင်းသားဖြစ်မိရင်း ...

"အဲဒီလူက သူ ကြုံခဲ့ပြီးပြီ ...ဟုတ်လား"

"ဟုတ်တယ် လင်းဝေ"

လင်းဝေစိတ်ထဲ အထူးဆန်းကြီး ထူးဆန်းသွားရသည်။

"သူ ...သူက ဘယ်သူလဲ၊ အဲဒီလူက ဘယ်သူလဲ"

ဖင်မာမြင့်က သက်ပြင်းတစ်ချက်ကို လေးပင်စွာ ချလိုက်ကာ ...

"ဘယ်သူလဲဆိုတော့ ရှင့်ဆီမှာ အခုထိ ရှိနေသေးတဲ့စာကို ရေးတဲ့လူပဲ"

"ဗျာ"

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

လင်းဝေစိတ်ထဲမှာ ဂမ္ဘီရဝတ္ထုတစ်ပုဒ်ကို ဖတ်နေရသလို ခံစားနေရသည်။

"ချိုးချိုးနဲ့ ကျွန်မတို့ခင်တာ ပထမနှစ်ကတည်းကပါပဲ၊ တစ်ဆောင်တည်း နေကြတာဆိုတော့ ညီအစ်မတွေလို ပြောမနာ ဆိုမနာ ဆိုပါတော့၊ ချိုးချိုးက မကြာခဏ အိပ်မက်ထယောင်တတ်တယ်၊ ကျွန်မတို့မေးတော့ ချိုးချိုးက သူ့အိပ်မက်အကြောင်းကို ပြောပြတယ်၊ အဲဒီတုန်းကတော့ ကျွန်မတို့စိတ်ထဲမှာ ကြီးကြီးကျယ်ကျယ်ကိစ္စတစ်ခုလို့ မထင်ခဲ့မိဘူး၊ သူ့ရဲ့စိတ်အစွဲအလမ်းကြောင့်လို့ပဲ သတ်မှတ်ခဲ့ကြတယ်၊ သူ့အိပ်မက်ထဲက အတိုင်းသည်း အဲဒီတုန်းက ဘာမှဖြစ်လာတာ မရှိသေးဘူးလေ၊ ဒါပေမဲ့ ဒုတိယနှစ်လည်း ရောက်ရော ကြုံလာရတာက"

"ဘာလဲ ... အဲဒီလူနဲ့ တကယ်တွေ့တာလား"

www.burmeseclassic.com



"ဟုတ်တယ်၊ သူက ကျောင်းသားတစ်ယောက်ပါပဲ၊ သူ့နာမည်က ရဲထက် . . . တဲ့"

"ရဲထက်"

"အင်း . . . သူ့ပုံစံက အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ပါပဲ၊ အင်း . . . တည်ငြိမ်တယ်ဆိုတာထက် ဘယ်လိုပြောရမလဲ . . . စကားအရမ်းနည်းတယ်၊ သီးသန့်နေတတ်တယ်၊ တစ်ခုခုကို အမြဲတမ်းတွေးနေတဲ့ ပုံစံမျိုး ပြီးတော့ သူ့ပုံစံကိုကြည့်ရတာ လျှို့ဝှက်တယ်"

"အင်း"

"ဒါပေမဲ့ . . . သူ ခြူးခြူးကို စိတ်ဝင်စားနေတယ်ဆိုတာ ကျွန်မတို့ သိတယ်၊ ခြူးခြူးရှိတဲ့နေရာတွေတိုင်းမှာ သူ့ကို မကြာမကြာ တွေ့လာရတယ်၊ တစ်ခါတလေ ခြူးခြူးကို စိုက်ကြည့်ပြီဆိုရင် အကြာကြီးပဲ၊ သူ့အကြည့်က ဘာမှန်းမသိပေမယ့် ကြက်သီးထစရာကောင်းတာတော့ အမှန်ပဲ၊ ဒါပေမဲ့ ခြူးခြူးကို စကားလာပြောတာတို့ ဘာတို့တော့ မရှိဘူး။ ခြူးခြူး သွားလေရာကို လိုက်ကြည့်နေတတ်တာပဲ ရှိတယ်၊ အဲဒီတစ်ချက်ကလွဲပြီး စိတ်အနှောင့်အယှက်ဖြစ်စရာ မရှိဘူးဆိုတော့ ခြူးခြူးကလည်း မသိလိုက် မသိဘာသာပါပဲ၊ အဲ . . . တစ်ရက်မှာတော့ . . ."

"ဘာဖြစ်လို့လဲ"

"ခြူးခြူး ကျောင်းဝရန်တာမှာ ရပ်နေတုန်း ရဲထက် ရောက်လာတယ်၊ ပြီးတော့ ပြောတဲ့စကားတွေက ထူးထူးဆန်းဆန်းတွေ"

"ဘာတွေပြောလို့လဲ"

"ခြူးခြူးဟာ သူ့ဘဝဟောင်းက ချစ်သူဆိုတာရော၊ သူ ခြူးခြူးကို ရှာနေတာ ကြာပြီဆိုတာတွေရောပဲ၊ အဲဒီမှာ ခြူးခြူး အရမ်းလန့်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ပိုပြီး လန့်စရာက 'ဘာဝဟောင်းမှာ ပြန်ပေါင်းမယ်' ဆိုပြီး ရဲထက် လုပ်လိုက်တဲ့ကိစ္စပဲ၊ ခြူးခြူးကို အတင်းချုပ်ပြီး သူကိုယ်တိုင်ပါ ဝရန်တာပေါ်က ခုန်ချဖို့ လုပ်တယ်လေ"

"ဟင်"

"ကျောင်းသားတွေ ပိုင်းဆွဲလို့ ဘာမှတော့မဖြစ်ဘူး၊ ဒါပေမဲ့ ... အဲဒီကိစ္စကြောင့် ရဲထက်ကတော့ ကျောင်းထုတ်ခံလိုက်ရတယ်၊ ခြူးခြူး လည်း အရမ်းလန့်သွားပြီး သုံးလေးရက်လောက် စကားမပြောနိုင်အောင် ဖြစ်ခဲ့တယ်"

"အဲဒီနောက်ပိုင်း ဘာဖြစ်သေးလဲ"

"ရဲထက်ကတော့ ဘယ်ရောက်သွားတယ် မသိဘူး၊ တချို့ကတော့ အဲဒီကိစ္စကြောင့် ထောင်ကျသွားသလိုလို ပြောကြတယ်၊ တချို့ကတော့ ရဲထက်က စိတ်ဝေဒနာရှင် ဖြစ်မယ်ဆိုပြီး ပြောကြတာပဲ၊ သူ တကယ်ပဲ ထောင်ကျသွားတာလား၊ စိတ်ရောဂါဆေးရုံကိုပဲ ရောက်သွားတာလားဆို တာတော့ ကျွန်မတို့လည်း စုံစမ်းလို့ မရဘူး"

"စာ,ကိစ္စကရော"

လင်းဝေ မေးခွန်းထုတ်လိုက်သည်။ ဇင်မာမြင့်က အသက်တစ် ချက် ရှိုက်ပြီး ...

"အင်း ... အဲဒီစာတွေကြောင့်ပဲ ခြူးခြူး အခုလိုဖြစ်နေရတာပေါ့၊ အဲဒီစာတွေထဲက အကြောင်းအရာတွေက ခြူးခြူးကို ထိတ်လန့်စရာတွေ ချည်းပဲ"

"ဟာ ... ဘာတွေကြောင့်လဲ၊ အဲဒီစာတွေက ရဲထက်ဆီကလာဆို တာ တကယ်ပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပဲပေါ့ လင်းဝေ၊ အဲ . . . ပြောရမယ်ဆိုရင်တော့ ရဲထက် ကျောင်းထုတ်ခံလိုက်ရပြီး ခြောက်လလောက်အရောက်မှာပဲ ပထမဆုံးစာ တစ်စောင် ရောက်လာတာ၊ အဲဒီနောက်ပိုင်း သူ့ဆီက စာတွေက တစ်လ တစ်စောင်ဆိုသလို ရောက်လာတာ အခုချိန်ထိပဲ"

"စာထဲက အကြောင်းအရာကရော"

"အင်း . . . ချူးချူးကို သူပဲပိုင်တယ်၊ သူကလွဲပြီး ချူးချူးအနားကို ဘယ်သူမှ မရောက်စေရဘူး၊ ချူးချူးအနားကိုရောက်လာတဲ့ သူမှန်သမျှ အန္တရာယ်ကြုံရမယ်ပေါ့၊ စာတိုင်းမှာတော့ အဲဒီသဘောတွေချည်းပဲ"

"ဒါ . . . ဒါဆို အခုကြုံနေရတာတွေက"

"သူ့ကြောင့်လို့ ပြောရမှာလည်း ခပ်ခက်ခက်ပဲ လင်းဝေ၊ ရဲထက် ကျောင်းထုတ်ခံရပြီးကတည်းက ဒီပတ်ဝန်းကျင်မှာ သူ့ကို မတွေ့ရတော့ ဘူး၊ ဒါပေမဲ့ . . . သူ့စာတွေထဲကအတိုင်း ချူးချူးကို စိတ်ဝင်စားပြီး ချဉ်း ကပ်လာတဲ့သူတွေမှာ တစ်ခုမဟုတ်တစ်ခု ကြုံလာရတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဖြစ်ရပ်ဆယ်ခုလောက်မှာ ခုနစ်ခုလောက်က တစ်ယောက်ယောက် ဖန်တီးတဲ့ ပုံစံမျိုးလို့ ယူဆမရဘူးဆိုပြီး ကျွန်မတို့ တွက်မိတယ်"

"ဒါဆို ကျန်တဲ့ သုံးခုလောက်ကတော့ ယူဆလို့ရတယ်ပေါ့"

"အင်း . . . အဲလို ပြောရမလားပဲ"

"ချူးချူးကရော ဘယ်လိုယူဆလဲ"

"သူကတော့ အရင်ဘဝက ကျိန်စာကြောင့်ပဲလို့ ယူဆနေတယ်"

လင်းဝေ ခေါင်းယမ်းလိုက်မိသည်။ ပြီး . . .

"စာအိတ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com


"စာတွေရောက်လာတယ်ဆိုတော့ စာအိတ်တွေပေါ်မှာ"

ဖင်မာမြင့်က လက်ကာပြသည်။

"ဘာမှမပါဘူး လင်းဝေ၊ အဲဒီစာတွေက စာတိုက်က ပို့တာမဟုတ်ဘူး၊ စာအိတ်အပေါ်မှာ ခြူးခြူးနာမည်ကလွဲပြီး တခြားဘာမှမပါဘူး"

"ဒါဆို"

"ဟုတ်တယ်၊ အဆောင်မှာရှိတဲ့ စာတိုက်ပုံးထဲကို တစ်ယောက်ယောက်က လာထည့်သွားတာ"

လင်းဝေ ငြိမ်သွားမိသည်။ အတွေးစ,တွေကို စုစည်းရင်း အသက်ပြင်းတစ်ချက် ရှူလိုက်သည်။

"ဒါနဲ့ ... ခြူးခြူးရော၊ ခင်ဗျားတို့ အခုထွက်လာတာကို သူမသိဘူးလား"

"ဟင့်အင်း ... ခုလောက်ဆို သူ တစ်ခုခုကို ဆုတောင်းနေမှာပေါ့"

ဆုလှိုင်က ဝင်ပြောသည်။

"ဆုတောင်းနေတယ် ... ဟုတ်လား၊ ဘာအတွက်လဲ"

"ရှင့်အတွက်ပေါ့"

"ကျွန်တော့်အတွက်"

"ဟုတ်တယ်၊ ဘယ်သူ့အတွက်မှ အခုလောက်ထိ စိုးရိမ်စိတ်မဖြစ်ဖူးတဲ့ ခြူးခြူးဟာ ရှင့်အပေါ် ကျရောက်လာမယ့် အန္တရာယ်တစ်ခုခုကို စိုးရိမ်ပြီး ဆုတောင်းပေးနေမှာပဲ၊ သူ မနက်အစောကြီးကပဲ ဘုရားသွားတယ် လင်းဝေ"

"..."


www.burmeseclassic.com

www.burmeseclassic.com



လင်းဝေရင်ဘတ်ထဲ နွေးကျင်သောလှိုင်းတစ်ခုက တုန်ခါစီးဆင်းသွားသည်။

▲▲▲

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ဘုရားဝတ်ပြုပြီးသည်နှင့် သူမစိတ်တွေ အနည်းငယ် အေးချမ်းသွားရတာတော့ အမှန်ပင်။

ဆည်းလည်းသံချိုချိုကို နားထောင်ရင်း ခြူးမြတ်နွယ် မျက်လုံးအစုံကို မှေးမှိတ်ထားမိသည်။ နှုတ်ခမ်းအစုံကို ခပ်ဖွဖွလေး လှုပ်ရှားလိုက်ရင်း တစ်စုံတစ်ခုကို တောင်းမိသည်။

ဆုတောင်းအပြီး မျက်လုံးအစုံကို ပြန်အဖွင့်မှာ သူမ ခပ်ဖွဖွလေး ပြုံးမိသွားသည်။

အို . . . သူမ ဆုတောင်းနေတာ ဘယ်နှစ်ကြိမ်တောင် ရှိသွားပါလိမ့်။

ဘုရားတောင် နားညည်းသွားပြီလားမသိဘူး။

တစ်ကိုယ်တည်း ကျိတ်ပြုံးမိရင်း စေတီတော်ကို ဦးသုံးကြိမ် ချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ပြီးနောက် . . . စေတီတော်ကို လက်ျာရစ် တစ်ပတ်,ပတ်ကာ ထပ်မံပူဇော်လိုက်ရင်း စောင်းတန်းတစ်ခုမှ ဆင်းခဲ့လိုက်သည်။

စောင်းတန်းတစ်လျှောက် ဆိုင်များကို ငေးကာ ဆင်းလာရင်း သူမမျက်ဝန်းတို့က တစ်နေရာမှာ ရပ်တန့်သွားရသည်။ ပြီး . . . ထိုဆိုင်ခန်းရှေ့သို့ အသိမဲ့သလို တရွေ့ရွေ့ လျှောက်သွားမိသည်။

ဆိုင်ခန်းရှေ့မှ ဆိုင်းဘုတ်ကို သူမ အတန်ကြာ ရပ်ကြည့်နေမိသည်။

သင်၏လက်ရှိကံကြမ္မာကို သိလိုပါသလား။
အကြားအမြင်နှင့် ဓာတ်စီးပြီး ဟောပေးမည်။
ကျေနပ်မှုမရှိပါက ဥဏ်ပူဇော်ကြေးပေးရန် လုံးဝမလို။

တစ်စုံတစ်ခုသော ဆွဲအားက သူမကို ဖိတ်ခေါ်နေသလို ခံစားနေရသည်။ နှုတ်ခမ်းကို ခပ်ဖွဖွကိုက်လိုက်မိ၏။

"မေးချင်ရင် ဝင်ခဲ့လေ သမီး"

အတွင်းမှ ဖိတ်ခေါ်သံ။

ထိုဖိတ်ခေါ်သံနှင့် မရှေးမနှောင်းမှာပဲ ခြူးမြတ်နွယ်၏ခြေလှမ်းတို့က ဆိုင်လေးအတွင်းသို့ ရောက်ရှိသွားသည်။

"ထိုင်လေ သမီး"

ခြူးမြတ်နွယ်က အကြားအမြင် ဆရာမကြီးရှေ့မှာ ဝင်ထိုင်လိုက်ရင်း . . .

"ကျွန်မ,သိချင်တာကို တကယ်သိရပါ့မလား"

သူမအမေးကြောင့် အကြားအမြင်ဆရာမကြီး၏ မျက်ခုံးအစုံ ပင့်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ သူမကို စေ့စေ့ကြည့်ပြီးမှ ...

"သမီး ... ဆိုင်းဘုတ်ကို သေသေချာချာ မဖတ်လာခဲ့ဘူးနဲ့ တူတယ်"

ဆရာမကြီး၏ လေသံတင်းတင်းကြောင့် ခြူးမြတ်နွယ် ကပျာကယာပဲ ...

"တစ်မျိုးမထင်ပါနဲ့ ဆရာမ၊ ကျွန်မမေးမယ့်ကိစ္စက ကျွန်မအတွက် အရမ်းအရေးကြီးလို့ပါ၊ ဟို ... ဆရာမပညာကို စော်ကားတာမဟုတ်ပါဘူး၊ ကျွန်မ ... ကျွန်မ"

ဆရာမကြီးက လက်ဝါးကာပြကာ ...

"ရတယ် သမီး၊ တောင်းပန်စရာ မလိုပါဘူး။ သမီးက ပူပင်သောကတွေကို အတော်လွယ်ထားရတာပဲ၊ သမီးအတွက်သာမက တခြားတစ်စုံတစ်ယောက်အတွက်ပါ ထပ်ဆင့်ပြီး သောကဖြစ်နေရတယ်၊ အဲဒီအကြောင်းအရင်းကလည်း သာမန်ထက်ပိုတဲ့ စိတ်နယ်လွန် အကြောင်းအရာတစ်ခုကြောင့်ပဲ"

"ရှင်"

ခြူးမြတ်နွယ် မျက်လုံးဝိုင်းသွားရသည်။ အံ့ဩစိတ်နှင့်အတူ ဆရာမကြီးကို အားကိုးတကြီး ကြည့်လိုက်ရင်း ...

"ဟုတ် ... ဟုတ်ပါတယ် ဆရာမ၊ ဆရာမပြောတာ မှန်ပါတယ်"

"ကဲ ... သမီး သိချင်တာကိုသာ မေးတော့"

"ဟုတ် ... ဟုတ်ကဲ့"

ဆရာမကြီးက သူမ အမေးကို စောင့်နေသည်။ ခြူးမြတ်နွယ်က အတန်ကြာ စဉ်းစားလိုက်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"သိချင်တာ နှစ်ချက်ရှိပါတယ် ဆရာမ၊ ပထမတစ်ချက်က ... ဟို"

"ရဲရဲမေးပါ သမီး၊ သမီးမေးမှ ဆရာမ ဖြေလို့ရမှာပေါ့"

"ဟုတ်ကဲ့၊ ပထမတစ်ချက်က ကျွန်မအပေါ် လွှမ်းမိုးနေတဲ့ အရိပ်ဆိုးတစ်ခု၊ အဲဒီအရိပ်ဆိုးကို ကျွန်မ ကျော်လွှားချင်နေတယ်၊ အဲဒါ ဘယ်လိုလုပ်ရမလဲ ... ဘာဆက်ဖြစ်လာမလဲဆိုတာ သိချင်တယ်"

"ဒုတိယတစ်ချက်"

"အဲ ... အဲဒါက ကျွန်မရဲ့ ... ဟို ... ကျွန်မရဲ့"

ကိုယ့်အတွေးကို ကိုယ့်ဘာသာ ရှက်ကြည့်နူးမိရင်း ...

"ကျွန်မရဲ့ချစ်သူအတွက်ပါ၊ သူ့အပေါ်မှာရော အဲဒီအရိပ်ဆိုးကျရောက်နိုင်သလား ဆိုတာပါ"

ဆရာမကြီးက ခေါင်းတစ်ချက် ညိတ်သည်။ ပြီး ... သူမကိုစိုက်ကြည့်နေရင်းက မျက်လုံးအစုံ မှေးမှိတ်သွား၏။

ခြူးမြတ်နွယ် ငြိမ်သက်စွာ စောင့်ကြည့်နေရင်း ရင်ထဲမှာတော့မီးရထားတစ်စီး အပြင်းခုတ်မောင်းသွားသလို တုန်ခါမှုကို ခံစားနေရသည်။

ခဏအကြာမှာတော့ ဆရာမကြီး မျက်လုံးပွင့်လာသည်။

"ဆရာမ ပြောတော့မယ်နော် သမီး"

"ဟုတ် ... ဟုတ်ကဲ့ပါ"

စိတ်လှုပ်ရှားမှုကြောင့် သူမအသံက တုန်ခါနေသည်။

"ပထမအချက်ကိုပြောရရင် အဲဒီအရိပ်ဆိုးကို ကျော်လွှားဖို့ဆိုမဟုတ် အဲဒီအရိပ်ဆိုးနဲ့ ထိပ်တိုက်တွေ့ရမယ့်အချိန်ဟာ ရောက်လာပြီဖြစ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"အဆုံးအဖြတ်ကတော့ ကံကြမ္မာမှာ မူတည်တယ်"

"ဟုတ် . . . ဟုတ်ကဲ့"

"ဒုတိယအချက်ကို ပြောရရင်တော့ သမီးရဲ့ချစ်သူအပေါ်မှာလည်း အဲဒီအရိပ်ဆိုး သက်ရောက်နေတယ်"

"ရှင် . . . သူ . . . သူ တစ်ခုခုဖြစ်နိုင်လားဟင်"

"သူက သမီးရဲ့ ကံကြမ္မာတစ်ဝက်ကို လွှဲပြောင်းယူထားတာပဲ၊ သူ့ကို တစ်ခုခုမဖြစ်စေချင်ဘူးဆိုရင် သမီးကို သူ မုန်းသွားအောင် လုပ်ရလိမ့်မယ်"

"အို"

"ဒါပေမဲ့ . . . သူ သမီးကို မုန်းသွားမယ့်အကြောင်းကိစ္စဟာ ဘယ်လိုမှ မရှိနိုင်ဘူးလို့ ဆရာမ မြင်နေရတယ်၊ အဲဒီတော့ ဒုတိယတစ်ချက်ကို ဆရာမ ပြောမယ်၊ သူ အရမ်းပျော်ရွှင်သွားမယ့်အရာတစ်ခုကို သူ့ကို ပေးလိုက်ပါ၊ အဲဒီလိုဆိုရင် သူ သမီးကို အကူအညီ အများကြီး ပေးနိုင်ပါလိမ့်မယ်၊ သမီးအတွက်လည်း အများကြီး သက်သာလိမ့်မယ်"

"သူ ပျော်ရွှင်သွားမယ့်အရာ"

ခြူးမြတ်နွယ်နှုတ်မှ တီးတိုးရေရွတ်မိသည်။ နှုတ်ခမ်းကို ခပ်တင်းတင်းဖိကိုက်လိုက်မိရင်း သူမ၏ရင်ခုန်သံ တဒိတ်ဒိတ်ကို ပြန်ကြားလိုက်ရ၏။

သူ ပျော်ရွှင်သွားစေမယ့်အရာဟာ အဲဒီရင်ခုန်သံတွေကလွဲပြီး ဘာရှိဦးမှာလဲ။

အဲလိုသာဆိုရင် သူ အရမ်းပျော်သွားမှာ သေချာတယ်။



www.burmeseclassic.com

www.burmeseclassic.com



အတွေးက သူမတစ်ကိုယ်လုံးကို ကြည်နူးသွားစေကာ အပြုံးတစ်ခုကို ပီပြင်စွာ ပြုံးလိုက်မိသည်။ ဘယ်တုန်းကမှ မခံစားဖူးသေးသည့် စိတ်တစ်မျိုးကို ဖက်တွယ်မိရင်း ...

အို ... ဒါ ဘယ်ကရောက်လာတဲ့ အားအင်တစ်မျိုးပါလိမ့်။

သူမအတွေးထဲမှာ ထူးဆန်းနေလေသည်။

▲▲▲

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ကန်ရေပြင်ကို ငုံ့ငေးရင်း ခြူးမြတ်နွယ် ငြိမ်သက်စွာပင် ရပ်နေမိသည်။ ကန်ရေပြင်ထဲမှာ သူမ၏ပုံရိပ်ကို မြင်နေရ၏။ ကောင်းကင်ပြာပြာနှင့် အတူ ရွေ့လျားနေသော တိမ်ဖြူဖြူတွေကိုလည်း ကန်ထဲရှိ သူမ ခေါင်း အထက်မှာ မြင်နေရသည်။

ငှက်တစ်အုပ် ပျံသန်းသွား၏။

ခြူးမြတ်နွယ်က သူမ၏အကြည့်တွေကို ကန်တစ်ဖက်ဆီသို့ ပို့လွှတ် လိုက်သည်။ ကန်ရေပြင်အကျယ်က ပေတစ်ရာမျှ ရှိမည်ထင်သည်။

ကန်၏တစ်ဖက်မှာတော့ သူမနေသည့် 'တော်ဝင်နှင်းဆီ' အဆောင်။ အဆောင်၏နောက်ကျောမှာ ဤကန်ကြီးရှိနေခြင်းဖြစ်သည်။ လောလောဆယ်မှာတော့ သူမနှင့်သူမနေသော အဆောင်ကြားမှာ ဤကန် ကြီးက ခြားနားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အပေါင်း"

ခြူးမြတ်နွယ် ကိုယ့်အတွေးနှင့်ကိုယ် ပြုံးမိရင်း ရေကန်အစပ်မှာ ငုတ်တုတ်ထိုင်ချလိုက်သည်။

"အို"

ကြည်လင်နေသော ရေအောက်မှာ ကူးခတ်နေသော ငါးကလေးတွေကို မြင်လိုက်ရသည်။ ကြည့်ပါဦး . . . သူတို့ အရမ်းပျော်နေကြပုံပဲ။

အုပ်စုဖွဲ့ကာ လူးလွန့်နေသော ငါးလေးတွေကိုကြည့်ကာ ခြူးမြတ်နွယ် ဘာကြောင့်မှန်းမသိ အသည်းယားလာသည်။

ထိုအချိန်မှာပဲ သူမနောက်ကျောဘက်ဆီမှ ခပ်ဖွဖွခြေသံကို ကြားလိုက်ရ၏။

သူမ ဖြည်းညင်းစွာ ထ,ရပ်လိုက်သည်။

ခြေသံက သူမနှင့် လက်တစ်ကမ်းအကွာလောက်မှာ ရပ်တန့်သွားသည်။

အတန်ကြာ ငြိမ်သက်နေပြီးမှ . . .

"လင်းဝေ"

သူမဘက်က စ,တင် ခေါ်ငင်လိုက်သည်။ နောက်ကျောဆီမှ သက်ပြင်းချလိုက်သံသဲ့သဲ့နှင့်အတူ . . .

"ပြောပါ ခြူးခြူး၊ ခြူးခြူး ပြောစရာရှိတယ်ဆိုပြီး ချိန်းလိုက်လို့ ကျွန်တော် ရောက်လာတာပါ"

"ကျွန်မ ရှင့်ကို ဘာကြောင့် တွေ့ချင်နေတာလဲဆိုတာ ရှင်သိလား"

"ဟင့်အင်း . . . ကျွန်တော် မသိဘူး ခြူးခြူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအကြောင်းကိုတော့ ကျွန်မသူငယ်ချင်းတွေဆီက ရှင် သိလိုက်ရပြီမလား"

"ဟုတ်ပါတယ် ... အဲဒါက"

"ကျွန်မအကြောင်းကို သိလိုက်ရတော့ ရှင့်စိတ်ထဲ ဘယ်လိုထင်သလဲ"

"ကျွန်တော် အံ့ဩသွားမိတယ်"

ကန်အစပ်သို့ရောက်လာသော ဘဲတစ်အုပ်က ရေကန်ထဲကို အငမ်းမရ ပြေးဆင်းသွားကြသည်။ အုပ်စုကြီးမားလွန်းသော ဘဲတစ်အုပ်ကြောင့် ကန်ရေပြင်က သူ၏မျက်နှာပြင်ကို လှိုင်းတွန့်များ အများအပြားဖြစ်အောင် ဆွပ်ထပေးလိုက်သည်။

ခြူးမြတ်နွယ်က ...

"ကျွန်မကို အစွဲအလမ်းကြီးလွန်းတဲ့ မိန်းကလေးတစ်ယောက်လို့ ရှင်မထင်မိဘူးလား"

"..."

"ပြီးတော့ ... ကျိန်စာဆိုတာကို ရှင် ဘယ်လိုလက်ခံထားလဲ"

"ကျိန်စာ ... ဟုတ်လား၊ ကျိန်စာဆိုတာ ကျွန်တော်ကတော့ နာဇဝင်ထဲမှာပဲ ကြားဖူးတယ်၊ ပြီးတော့ ... အဲဒါက သီလတစ်စုံတစ်ခု ဆောက်တည်ပြီးတော့မှ လုပ်လို့ရတဲ့အရာပဲ"

"သီလဆောက်တည်ပြီးမှ"

"ဟုတ်တယ်"

"ဒါဆို ... ကျွန်မ အိပ်မက်ထဲက ကျိန်စာက အဓိပ္ပာယ်မရှိဘူးလို့ ဆိုလိုချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"…"

ခြူးမြတ်နွယ်က ခန္ဓာကိုယ်ကို ဖြည်းညင်းစွာ လှည့်လိုက်သည်။ လင်းဝေက ကန်ရေပြင်တစ်နေရာကို ငေးနေ၏။

"လင်းဝေ … ရှင် ကျိန်စာဆိုတာကို မယုံကြည်တာမျိုးလား"

လင်းဝေ၏အကြည့်က သူမဆီသို့ နူးနူးညံ့ညံ့ရောက်ရှိလာသည်။

"အဲဒါတွေကို တွေးပြီး စိတ်သောက ရောက်နေမယ့်အစား ကြုံလာရမယ့်ကိစ္စကို ရင်ဆိုင်တွေ့လိုက်တာက ပိုမကောင်းဘူးလား။ ဘဝမှာ သတ္တိကြောင်ရင် နစ်ခါသေရတယ်တဲ့၊ တကယ်တော့ … အချိန်တိုင်း ရှုံးနိမ့်နေရတာပါ"

ရုတ်တရက် တိုက်ခတ်လာသော လေစီးကြောင်းတစ်ခုက သူမ၏ ဆံနွယ်တွေကို လွင့်ခါထွက်သွားစေသည်။

အဝတ်လေတိုးသံတစ်ဖျပ်ဖျပ်ကို ကြားနေရ၏။

ခြူးမြတ်နွယ် ငြိမ်သက်နေမိသည်။ လေစီးကြောင်း ငြိမ်သက်သွားပြီး ခဏအကြာမှာတော့ သူမ၏နှုတ်ခမ်းထောင့်မှာ အပြုံးတစ်ခုက, တစ်စ ခိုချိတ်လာသည်။

ပြီး … သူမ ရဲဝံ့စွာပင် …

"လင်းဝေ … ရှင် ကျွန်မကို ချစ်တယ်ဆိုတဲ့စကားကို ပြန်ရုပ် သိမ်းချင်လား"

"ဟင့်အင်း … စစ်ကြေညာပြီးမှ နောက်ဆုတ်လို့မရသလိုပဲ ကျွန်တော် ခြူးခြူးကို ချစ်တယ်ဆိုတာလည်း နောက်ဆုတ်လို့မရဘူး"

"အဟင်း"

သူမ နှစ်ခြိုက်စွာပင် ပြုံးရင်း ရုတ်တရက် ချိုလွင်လွင် ရယ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

"လင်းဝေ"

"ပြောပါ ခြူးခြူး"

"ကျွန်မလည်း ရှင့်ကို ချစ်တယ်"

"ဗျာ"

ရုတ်တရက်မို့ လင်းဝေ ကြောင်သွားမိသည်။ နားကြားမှားသွား လေသလားဟု တွေးရင်း . . .

"ခြူးခြူး . . . ခြူးခြူး ဘာပြောလိုက်တာလဲ"

"ဩော် . . . ရှင်ကလဲ"

ခြူးမြတ်နွယ်က မျက်လွှာနှစ်ဖက်ကို သိမ်းချလျက် . . .

"ကျွန်မလည်း ရှင့်ကို ချစ်ပါတယ်လို့"

"ဟာ"

ကလေးတစ်ယောက်လိုပင် လင်းဝေ ပျော်ရွှင်မြူးတူးသွားမိသည်။ သူအကြားချင်ဆုံး စကားတစ်ခွန်းကို ချစ်ရသောကောင်မလေး၏နှုတ်ဖျားမှ ကိုယ်တိုင်ပြောသည်ကို ကြားလိုက်ရပြီ မဟုတ်ပါလား။

"အားဟား . . . ရဟူး"

သူ ခုန်ပေါက်မတတ် ပျော်ရွှင်နေသည်ကိုကြည့်၍ ခြူးမြတ်နွယ်က တလွှင်လွှင်ရယ်သည်။

လင်းဝေက . . .

"ဒါဆို . . . အစက ကျွန်တော့်ကို 'မချစ်နဲ့' လို့ ခြူးခြူးပြောတာ"

"အဲဒါ သူ့ အန္တရာယ်ဖြစ်မှာစိုးလို့"

"ဒါဆို . . . အခု ချစ်တယ်လို့ ပြောတာကရော"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလည်း သူ အန္တရာယ်ဖြစ်မှာစိုးလို့"

"ဟင်"

"နှစ်ခုစလုံးအတွက်က သူ့ကိုချစ်လို့"

လင်းဝေမျက်နှာက တွေခနဲဖြစ်သွားသည်။ ခြူးမြတ်နွယ်က သူမ လက်ညှိုးထိပ်လေးဖြင့် လင်းဝေ၏နှုတ်ခမ်းကို တို့ထိလိုက်ရင်း ...

"ဘာမှစဉ်းစားမနေနဲ့တော့လေ၊ သူပြောသလိုပဲ ကြုံလာရမယ့် အရာတွေကို ရင်ဆိုင်ကြလိုက်တာပေါ့"

လေစီးကြောင်းတစ်ခုက တိုက်ခတ်လာပြန်သည်။ ကန်ရေပြင်ပေါ် မှာ လှိုင်းကလေးတွေ ကြက်သီးထသွားသည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်နေမိကြ ခဏအကြာမှာတော့ ...

တစ်ယောက်အနားသို့ တစ်ယောက် တိုးကပ်မိသွားကြရင်း ...

လွတ်ထွက်သွားတော့မည့်အလား ...

အတင်းဖက်တွယ်ထားလိုက်ကြသည်။

မိုးကုတ်စက်ဝိုင်းတစ်ဖက်ဆီမှ နေမင်းကြီးက အရှက်သည်းသွား သည့်အလား ပုစွန်ဆီရောင် သမ်းပြနေလေသည်။

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ချစ်သူတွေ ဖြစ်သွားကြတော့လည်း မိုးမမြင် လေမမြင်ပင်။

လင်းဝေနှင့်ခြူးမြတ်နွယ်တို့ နေရာအနှံ့ လျှောက်လည်ကြသည်။ ခြူးမြတ်နွယ်တစ်ယောက်လည်း သူမ၏ပူပင်သောကတွေကို မေ့လျော့နေသည့်အလား ပျော်ရွှင်နေလေသည်။

နှစ်ဖက်သူငယ်ချင်းတွေမှာ သူတို့နောက်သို့ တကောက်ကောက် လျှောက်လိုက်၍ မတတ်နိုင်သည့်အဆုံး ကျန်နေခဲ့ရသည်သာ များလာသည်။

ဒီနေ့လည်း ချစ်သူသက်တမ်း တစ်လပြည့်ဟုဆိုကာ နှစ်ယောက်စလုံး ကျောင်းကို မလာကြချေ။ သူတို့ဘာသာ တစ်နေရာရာမှာ ကြည်နူးနေကြပေလိမ့်မည်။

ကြည်နူးစရာမရှိသေးသည့် သူတို့မှာတော့ ကင်န်တင်းထဲမှာ ထုံးစံ



www.burmeseclassic.com

www.burmeseclassic.com



တိုင်းပင်။

"ဟိုတစ်ယောက်ကွာ"

"ဘယ်တစ်ယောက်လဲ"

"ယုယလွင်လေကွာ . . . ရှေ့ဆုံးတန်းက ကောင်မလေး"

"မင်း ယုယလွင်က ဘာဟုတ်သေးလို့လဲ၊ ဟိုဘက်ခြမ်းမှာထိုင်တဲ့ တင်မာမြင့်သူဆိုရင် ယုယလွင်ထက် ပိုပြီးဘော်ဒီတောင့်တယ်"

"ဒါဆို ဖြူဖြူလွင်ကွာ၊ အဲဒီထက်တောင် အပုံကြီးတောင့်သေး တယ်"

"နားထား သူငယ်ချင်း။ နွယ်နွယ်ဝင်းကို ဘယ်မှာသွားထားမလဲ"

ညီညီထွန်းနှင့်ဝင်းလင်းထွန်းက သူတို့ရည်းစားမဟုတ်သည့် ကောင်မလေးတွေ၏နာမည်ကို အပြိုင်အဆိုင်ရွတ်ဆိုကာ အားအားယားယား အလှချင်းပြိုင်နေကြခြင်း ဖြစ်သည်။ သို့သော် သူတို့ပြိုင်ဆိုင်သည့်အလှ တွေထဲမှာ လည်ပင်းမှစ၍ အပေါ်ပိုင်း လုံးဝမပါချေ။

"ငရဲအိုး ချိုးကပ်မယ့်ကောင်တွေ၊ တောက်တဲ့ နာဗူးတွေ"

နွယ်နီနီလင်းက အမြင်ကပ်ဟန်နှင့် လှည့်ပြောပြီး ဖင်မာမြင့်နှင့် ဆုလှိုင်တို့ဘက်သို့ ပြန်လှည့်ကာ သူမပြောလက်စ,စကားကို ပြန်ဆက်သည်။

"အဲဒီမှာ နောက်ထပ်တစ်ယောက် လုပ်ကြံခံလိုက်ရတယ်"

သူမ ကြည့်ဖူးသည့် လျှို့ဝှက်သည်းဖို စုံထောက်ဇာတ်ကားတစ် ကားအကြောင်းကို အပီအပြင် ပြန်လည်ပြောကြားနေခြင်း ဖြစ်သည်။ သူမ ကိုယ်တိုင် သရုပ်ဆောင်နေသလိုပင် အမူအရာအမျိုးမျိုးလုပ်ကာ ပြောနေ ခြင်းလည်း ဖြစ်၏။

ဖင်မာမြင့်နှင့်ဆုလှိုင်တို့ကလည်း 'ဟာ . . . ဟင် . . . အို . . . အဲလို



www.burmeseclassic.com

www.burmeseclassic.com



လား၊ ဩော်' ... စသဖြင့် အာမေဋိတ်သံအမျိုးမျိုးပြုကာ စိတ်ဝင်စားချင် ယောင်ဆောင်ပြီး နားထောင်ကြသည်။

"နောက်ဆုံးကျတော့ လူသတ်တရားခံက အဲဒီစုံထောက်ကိုယ်တိုင် ဖြစ်နေတယ်၊ သူ့စိတ်အစွဲအလမ်းကြောင့် စိတ်ဖောက်ပြန်ပြီး သတ်ခဲ့တာ ဖြစ်နေတယ်"

"အဲလိုလား၊ အဲလိုစိတ်ဖောက်ပြန်တာတွေက တွေးကြည့်ရင် အံ့သြစရာပဲနော်"

"ကြုံဖူးတာတွေ ပြောရဦးမယ်"

စကားဝိုင်းက စုံထောက်ဇာတ်ကားမှနေ၍ စိတ်ဝေဒနာရှင်တွေ အကြောင်း ရောက်သွားကြသည်။ နွယ်နီနီလင်းက ပြောအားရှိ၏။ သူမ အဖေက စိတ်ရောဂါကု ဆရာဝန်ကြီးပေကိုး။

"ငါ့အဖေ ဆေးရုံကို လိုက်သွားတုန်းကဆိုရင် ကြုံရတာအမျိုးမျိုး ပဲ"

"ပြောပါဦး"

ညီညီထွန်းက လှည့်၍ ...

"နွယ်နီ ... လင်းဝေပြောတဲ့ စုံထောက်ရှုးအကြောင်းကို အရင် ပြောလိုက်လေ"

"သေနာ ... နင်တို့ပဲ မယားတ,ရှုး ရှုးပြီး အဲဒီကိုရောက်မှာ"

နွယ်နီနီလင်းကို လင်းဝေ စ,ထားသည့်ကိစ္စကို သိထားကြသဖြင့် ခင်မာမြင့်နှင့် ဆုလှိုင်တို့ပါ ရယ်မိကြသည်။ နွယ်နီနီလင်းက အမှုမထားဘဲ

"တချို့ ဝေဒနာရှင်တွေဆိုရင် ရယ်ရခက် ငိုရခက်ပဲ ... သိလား"

"အင်း ... ဘယ်လိုလဲ၊ ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်ဆိုရင်ဟာ အသန့်အရှမ်းကြိုက်လွန်းလို့ ယဉ်ယဉ်လေးရှူးသွားတာ"

"ဟင် ... ဘယ်လိုမျိုးလဲ"

"ဒီလိုဟာ ... ဘယ်လောက်တောင် အသန့်ကြိုက်လဲဆိုရင် ပိုက်ဆံအသစ်ကိုမှ သူက သုံးတာ၊ ပိုက်ဆံအဟောင်းဆိုရင် သူက ရေနဲ့ သေသေချာချာ ဆေးကြောနေလှန်းပြီးမှ ပြန်သုံးတာတဲ့"

"ဟယ် ... အဟိ"

"နေဦး ... ထပ်ပြောပြဦးမယ်၊ အဲဒီလူ လက်ဖက်ရည်တစ်ခါ သောက်ရင် ငါးထောင့်သုံးရာကုန်တယ်"

"ဟမ်"

"သူသောက်တာ ဘာလက်ဖက်ရည်မှမဟုတ်ဘူး၊ ဆိုင်က လက်ဖက်ရည်ပဲ၊ ဒါပေမဲ့ သူက အသန့်ကြိုက်လွန်းတော့ ဆိုင်ရွေးတယ်ဟာ၊ သန့်တယ်လို့ သူထင်တဲ့ဆိုင်ကပေါ့၊ အဲဒီဆိုင်က သူ့အိမ်နဲ့ ဝေးတော့ တက်စီငှားပြီး သွားရတယ်၊ ဘတ်(စ်)ကားက လူများတော့ မသန့်ဘူးပေါ့လေ၊ အဲဒီမှာ အသွားအပြန် တက်စီခ,က ငါးထောင် လက်ဖက်ရည်က သုံးရာဆိုတော့ ငါးထောင့်သုံးရာကျသွားတယ်"

"ဩော်"

"ခိ ... ခိ"

နွယ်နီနီလင်းက ဆက်၍ ...

"နောက်တစ်ယောက်ဆိုရင် ဘုန်းကြီးရှူးဟာ၊ သူ့အဖြစ်ကမှ ရယ်စရာ ခက် ငိုရခက်"

"ဘယ်လိုလဲ ... ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ရယ်ရသဖြင့် ဖင်မာမြင့်နှင့်ဆုလှိုင်တို့ စိတ်ဝင်စားလာကြသည်။

"ဆေးရုံမရောက်ခင်ကတော့ သူက တကယ့်ဘုန်းကြီးပါပဲ"

"အင်း ... ဘယ်လိုဖြစ်လို့လဲ"

"ကျောင်းထိုင်ဘုန်းကြီးလုပ်ချင်လို့ဆိုပြီး ကျောင်းထိုင်ဘုန်းကြီးကို နောက်ကနေ တုတ်နဲ့ရိုက်လိုက်တာ ကျောင်းထိုင်ဘုန်းကြီး မသေရုံတမယ်ပဲ ... အဲ ... မပျံလွန်ရုံတမယ်ပဲ၊ သူကတော့ အဲလိုလုပ်ပြီး ကျက်သရေခန်းထဲ တံခါးဂျက်ပိတ်ပြီး ဝင်နေတယ်တဲ့"

"ဟယ် ... ကြည့်စမ်း"

ဖင်မာမြင့်နှင့်ဆုလှိုင်တို့ စိတ်မသက်မသာဖြင့် ရယ်ကြလေသည်။

ညီညီထွန်းက ဝင်းလင်းထွန်းနှင့် အပြိုင်အဆိုင် လုပ်နေရာမှ လှည့်လာပြီး ...

"နွယ်နီ ... လင်းဝေတို့က နေ့တစ်ဝက် ကျောင်းလာတက်မယ်ဆိုပြီး အခုထိ ဘာလို့ ရောက်မလာသေးတာလဲ၊ ညနေပိုင်းအချိန်က နှစ်ချိန်တောင်ကျော်ပြီ"

"အင်း ... ဟုတ်တယ်၊ ခြူးခြူးလည်း အဲလိုပြောသွားတာပဲ၊ ဘာလို့နောက်ကျနေတာလဲ မသိဘူး"

ဖင်မာမြင့်ကလည်း ဝင်ပြောသည်။

ဝင်းလင်းထွန်းက ...

"ခါတိုင်းဆိုရင် သူတို့ပြန်လာမယ်ဆိုတဲ့ အချိန်အတိုင်း ပြန်လာနေကျပဲ၊ ဒီနေ့ ပြန်မရောက်ကြသေးဘူးဆိုတော့ ... အင်း ... ကောင်းတော့ တော့ပဲ"

နွယ်နီနီလင်းက မျက်မှောင်ကြုတ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာကေန္တလဲ"

"အလည်လွှန်နေပြီ ထင်တယ်လို့ ပြောတာ၊ ကေန္တ ခိုးပြေးသွား တာလားတော့ မသိဘူး"

"သူတို့က ဘာကိစ္စ ခိုးပြေးရမှာတုန်း"

"မသိဘူးလေ၊ မနက်ကတော့ ပြောနေသံကြားတယ်"

"ဘာလဲ"

"နွယ်နီ အရှူးမတဲ့"

"သေနာကောင်"

နွယ်နီနီလင်း သဘောပေါက်သွားကာ ထောပနာပြုတော့သည်။

"ကဲ ... ဘယ်လိုလဲ ငါတို့ ဒီမှာပဲ ဆက်စောင့်နေမှာလား၊ အတန်း တက်မှာလား"

"အခုမှတော့ မထူးတော့ဘူး၊ သူတို့ပြန်လာတဲ့အထိ စောင့်ကြ တာပေါ့"

"အတန်းမတက်ချင်ရင် မတက်ချင်ဘူးလို့ မပြောဘူး"

"နင်ကော ဘာထူးလဲ"

ထိုသို့ဖြင့် လင်းဝေနှင့်ခြူးမြတ်နွယ်ကို သူတို့အားလုံး စောင့်နေခဲ့ ပါသည်။ သို့သော် သူတို့နှစ်ယောက်စလုံးက ကျောင်းဆင်းချိန်အထိ ရောက် မလာခဲ့ချေ။

ထိုအထိလည်း သူတို့ စိတ်မပူမိသေး။ နွယ်နီနီလင်းက စုံထောက် ကားတစ်ကားကြည့်ရန် ကျန်သေးသည်ဟုဆိုကာ ပြန်သွား၏။

ကျန်သည့် သူတို့လေးယောက်ကတော့ ဦးအောင်စိုး၏ဆိုင်မှာ ထပ် ထိုင်ရင်း ဆက်စောင့်ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...ညနေစောင်း၍ လျှပ်စစ်မီးထွန်းညှိလာချိန်အထိ လင်းဝေတို့ ပြန်ရောက်မလာသောအခါ သူတို့၏စိတ်တွေထဲ တစ်စုံတစ်ရာသော အတွေးတို့ဖြင့် ပူပင်စပြုလာလေသည်။

▲▲▲

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

တကယ်တော့ လင်းဝေတို့ အပြန်နောက်ကျခြင်းက တခြားကြောင့် မဟုတ်ချေ။

ခြူးခြူးက ကလေးဆိုးတစ်ယောက်လိုပင် ...

"ကို ... ခြူးခြူးကို လှော်ကားလိုက်ပို့"

"ဟင် ... လှော်ကားက အဝေးကြီး ခြူးခြူးရဲ့၊ တခြားနေရာပဲ သွားပါလား"

"ဟင့်အင်း ... လှော်ကားပဲ"

"အသွားအပြန်နဲ့တင် တစ်နေကုန်သွားလိမ့်မယ် ခြူးခြူးရဲ့၊ တခြား နေရာပဲသွားပါကွာ ... နော်"

"ဟင့်အင်း ... လှော်ကားဆို လှော်ကားပဲ၊ တစ်ခါမှ မရောက်ဖူး လို့ လိုက်ပို့ခိုင်းပါတယ်ဆိုမှ"



www.burmeseclassic.com

www.burmeseclassic.com


ခြူးခြူးက ချစ်သူသက်တမ်းတစ်လလုံးလုံး စိတ်မကောက်စဖူး စိတ်ကောက်လေသည်။

"ကန်တော်ကြီး သွားကြမယ်လေ ခြူးခြူးရဲ့၊ အဲဒီမှာ ရေရှိုငါးမြ တိုက်လည်း ရှိတယ်၊ အဲဒီမှာ ငါးတွေဆိုရင် အကြီးကြီးပဲ၊ တချို့ကောင်တွေဆို လူပေါင်လုံးလောက်ရှိတယ်"

လင်းဝေက မစားရဝခမန်း ပြောလိုက်သည်။ ခြူးခြူးက ခေါင်းတွင်တွင်ခါပြီး …

"ရောက်ဖူးသားပဲ … မသွားချင်ပါဘူး"

"ဒါဆို … တိုင်းရင်းသားကျေးရွာ"

"လှော်ကားပဲ"

"ဟက်ပီးဝေါလ်"

"လှော်ကားပါဆိုမှ"

"ဟို"

"လှော်ကားနော်"

ဘယ်လိုမှ မတတ်သာသည့်အဆုံးမှာ ချစ်သူလေး၏ဆန္ဒကို ဖြည့်ဆည်းရလေသည်။ ဒီနေ့မှာမှ ခြူးခြူးက ဖွတ်တရွက်ဆန်နေ၏။ ကားငှားသွားမည်ဆိုတော့လည်း …

"လိုင်းကားနဲ့ပဲ သွားမှာနော်၊ ကားငှားရင် ပိုက်ဆံကုန်တယ်၊ ဆာတွေပေးတဲ့ ပိုက်ဆံက ကားငှားစီးဖို့မဟုတ်ဘူး"

"ဒါဆို … ကိုနဲ့တွေ့ဖို့ပေါ့ ဟုတ်လား"

သူက ပြောင်စပ်စပ်မေးလိုက်တော့ ခြူးခြူးက သူ့လက်မောင်းကို ဆွမ်းကိုက်လေသည်။ သူမ၏ခွေးသွားစွယ်လေးတွေက အတော်သက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အား ... နာတယ် ခွေးမလေးရဲ့"

သူမက အပေါ်စီးဆန်သောလေသံနှင့် ...

"အားမနာပါနဲ့ ... လိုရင် ထပ်ကိုက်ပေးဦးမယ်"

ပြီး ... သူမက 'ဖွ ... ဖွ ... ပျောက်စေတည်း' ဟု ပြောင်စပ်စပ် ပြန်ပြောသည်။ ချစ်သူသက်တမ်း တစ်လပြည့်မှာ သူမ၏အမူအကျင့်လေးတွေက ထူးခြားနေ၏။

သူမ၏အလိုဆန္ဒအတိုင်း လိုင်းကား တိုးစီးပြီး သွားရသည်။ လော့ကားရောက်တော့ လင်းဝေ လျှာပင်ထွက်ချင်နေ၏။ ချိုးချိုးကတော့ အသစ်အဆန်းတွေ့ရသည့် ကလေးလေးတစ်ယောက်လို ပျော်ရွှင်နေလေသည်။

လော့ကားရောက်ပြီး ဆယ်မိနစ်အကြာ ...

လင်းဝေက ...

"ချိုးချိုး ... ပြန်ရအောင်လေ"

"ဟင် ... အခုမှရောက်တဲ့ဥစ္စာကို၊ မပြန်ပါဘူး"

လင်းဝေက ဖုန်းကို ထုတ်လိုက်တော့ ...

"ဘာလဲ ... ဓာတ်ပုံရိုက်မလို့လား"

"မဟုတ်ဘူး။ နာရီကိုပြတာ၊ ပြန်ရမယ့်အချိန်ကို တွက်ကြည့်ဦး။ ဒီမှာဆက်နေမယ်ဆိုရင် မနက်ဖြန်မှ အဆောင်ကို ပြန်ရောက်လိမ့်မယ်"

"ဟွန်"

သူမက နှုတ်ခမ်းစူသည်။ သူမနှုတ်ခမ်းစူထားပုံမှာ ငှက်နှုတ်သီးလေးနှင့်ပင် တူနေသေးသည်။ လင်းဝေမှာ အသည်းယားသွားသော်လည်း (ပြန်ရမည့်အချိန်ကိုတွက်ရင်း) မစားရ ဝခမန်းပဲ လုပ်လိုက်ရသည်။

"ကိုက ချိုးချိုးကို စိတ်မရှည်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ခြူးခြူးရဲ့၊ အပြန်နောက်ကျရင် ခြူးခြူးအတွက် မကောင်းဘူးလေ၊ ခြူးခြူးအတွက် ကိုယ်က ပြောတာပါ"

သူမက သိလျက်နှင့် ဂျစ်တိုက်နေခြင်းဖြစ်သည်။ နောက်ထပ် ဆယ်မိနစ်လောက် ချော့မော့ပြောလိုက်တော့မှ ...

"ပြီးရော ... ပြီးရော"

ဟု ခပ်ဆတ်ဆတ်ပြန်ပြော၏။

အပြန်မှာလည်း သူမက လိုင်းကားစီးမည်ဟု လုပ်သေးသည်။ ဆင်းဝေက အချိန်ကို တွက်ပြပြီး ...

"အဲလိုဆိုရင် လမ်းမှာတင်ပဲ ကားပြတ်သွားလိမ့်မယ် ခြူးခြူးရဲ့၊ အားငှားသွားရအောင်နော်"

သူမက လက်ခံသည့်အမူအရာနှင့် ခေါင်းညိတ်ပြပြီးမှ ...

"အင်း ... ငှားလေ၊ ဒါပေမဲ့ ခရီးတစ်ဝက်လောက်ကျမှ ငှားမယ်၊ အခု ခရီးတစ်ဝက်ကိုတော့ လိုင်းကားပဲ စီးမယ်"

"အဲ ..."

"အဲလိုမှမဟုတ်ရင် လုံးဝမပြန်ဘူး"

ထိုသို့ဖြင့် လိုင်းကားနှင့်တစ်သွယ်၊ ကားငှား၍တစ်ဖုံ ပြန်လာခဲ့ကြသည်။ သူတို့ပြန်ရောက်တော့ အချိန်က ညနေရီစောင်းကို အနည်းငယ်မျှ ကျော်လွန်နေပြီ။

အိမ်တန်းပြန်သောငှက်တွေပင် ကောင်းကင်ပြာမှိုင်းမှိုင်းမှာ လူးလာ ခတ်နေကြပြီ။ အဆောင်သို့ အနီးဆုံးပြန်ရောက်မည့်လမ်းကို လိုက်သည်။ ဂဝံကျောက်ခဲလေးများ ခင်းကျင်းထားသည့် အနီရောင် ကလေးအတိုင်း ဆင်းလာတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ကို"

"ဟင်"

"ဒီနေ့ ... ခြူးခြူးကို ထူးဆန်းတယ်လို့ မထင်မိဘူးလား"

"အင်း"

"အဲဒါ ဘာကြောင့်လဲ သိလား"

"ဟင့်အင်း ... ခြူးခြူးပြောမှ ကိုယ်သိမှာပေါ့"

"ကို ခဏရပ်"

သူမက သူ့ကို ရပ်ခိုင်းကာ ရုတ်တရက်မပြောမဆိုနှင့် ဖျတ်ခနဲ လှမ်းပြီး နမ်းလေသည်။ သူ့ပါးပြင်တစ်ဖက်မှာ နွေးခနဲ ခံစားလိုက်ရ၏။

"ခြူးခြူး ... ကို့ကို အရမ်းချစ်တယ်"

တိုးဖွဖွစကားသံနှင့်အတူ သူမက မျက်လွှာကိုချလျက် ...

"ကို ခြူးခြူးကို ဘယ်လောက်ချစ်သလဲဆိုတာ စမ်းကြည့်တာပါ။ ကို ခြူးခြူးကို ချစ်တဲ့အချစ်ကို ခြူးခြူး ကျေးဇူးတင်ပါတယ်"

လင်းဝေ မျက်မှောင်ကြုတ်လိုက်မိသည်။

"ခြူးခြူး ဘာဖြစ်နေတာလဲ ကိုယ့်ကိုပြောစမ်း။ ခြူးခြူး တစ်ခုခု ဖြစ်နေတယ်ဆိုတာ ကိုယ်သိတယ်"

"ဟင့်အင်း"

ခြူးခြူးက သူမျက်နှာပြင်ပေါ်မှ အရိပ်အယောင်တွေကို ဖုံးကွယ်ရန် ကြိုးစားသည်။

"ဟင့်အင်း ... ခြူးခြူး ဘာမှမဖြစ်ပါဘူး ကိုရဲ့"

လင်းဝေက သူမပခုံးနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်လိုက်ရင်း

"ခြူးခြူး ကိုယ့်ကိုပြောပါ၊ ခြူးခြူးမပြောရင် ကိုယ်ကိုယ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု လုပ်မိလိမ့်မယ်"

သူမက သူ့ကို အတန်ကြာအောင် စိုက်ကြည့်သည်။ ထို့နောက် နှုတ်ခမ်းအစုံက တဆတ်ဆတ်တုန်ယင်လာပြီး ...

"သူ ... သူလာပြီတဲ့"

"ဟင် ... ဘာလဲ ချုံးချုံး"

"ရဲထက်ဆီက စာတစ်စောင် မနက်ကပဲ ရောက်လာတယ် ကို၊ အဲဒီထဲမှာ သူ ချုံးချုံးဆီကို လာပြီဆိုပြီး ရေးထားတယ်"

"ဟင်"

ချုံးချုံး၏ပခုံးကို ဆုပ်ကိုင်ထားသော သူ့လက်အစုံက ပြေလျော့ကျသွားသည်။

"ဘယ်လို ချုံးချုံး ... သူလာပြီ ... ဟုတ်လား"

သူ့အမေးကို ချုံးချုံးမဖြေ။ သူမ၏မျက်လုံးအစုံက တစ်နေရာသို့ ရောက်ရှိနေသည်။

ထိတ်လန့်မှုကြောင့် သူမ အသက်မဲ့သလို ဖြစ်နေ၏။

သူမ့ကြည့်ရာဆီ လင်းဝေ ကြည့်လိုက်တော့ ...

"ဟာ"

သူ့ကို ရန်လိုမုန်းတီးစွာ စိုက်ကြည့်နေသော မျက်လုံးတစ်စုံ။ တုတ်ကိုယ်စီကိုင်ထားသည့် ထိုလူ၏အနောက်မှာ လူသုံးယောက်။

ချုံးချုံးက တုန်လှုပ်စွာနှင့် ...

"အဲ ... အဲဒါ ... ရဲထက်ပဲ ကို"

သူမစကားသံအပြီး ထိုခဏမှာပဲ ...

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"လင်းဝေ"

"..."

"လင်းဝေ"

"..."

"လင်းဝေ"

အာရုံတွေကို စုစည်းမိသည့်ခဏမှာပဲ သူ အထိတ်တလန့်နှင့် ...

"ခြူးခြူး ... ခြူးခြူးရော ... အား ... ကျွတ် ကျွတ်"

"ဖြည်းဖြည်းထ, လင်းဝေ ... မင်း တစ်ကိုယ်လုံးမှာ ဒဏ်ရာတွေ ချည်းပဲ"

သူ့ကို စိုးရိမ်တကြီး ကြည့်နေကြသည့် မျက်လုံးများနှင့် တွေ့လိုက်ရသည်။

www.burmeseclassic.com

ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ လင်းဝေ၊ ငါတို့အားလုံး မင်းတို့ကို လိုက်ရှာနေကြတာ ညနေကတည်းကပဲ၊ တွေ့မယ့်တွေ့တော့ မင်းက ဒဏ်ရာတွေနဲ့၊ သတိမေ့နေတယ်၊ ဘယ်လိုဖြစ်ကြတာလဲ၊ ပြီးတော့ ... ချိုးချိုးရော"

"ချိုးချိုး ... ချိုးချိုး"

သူ အထိတ်တလန့်နှင့်ပဲ ...

"ချိုးချိုးကို သူတို့ခေါ်သွားကြပြီ ... ဟာ"

သူ့ခေါင်းထဲ မိုက်ခနဲ ဖြစ်သွားသည်။

"ငါ ... ငါ ချိုးချိုးကို မကာကွယ်နိုင်ခဲ့ဘူး။ ချိုးချိုးကို သူတို့"

"သူတို့ဆိုတာ ဘယ်သူတွေလဲ"

ဖင်မာမြင့်က စိုးရိမ်တကြီး ဝင်မေးသည်။ ဆုလှိုင်က မျက်လုံးအဝိုင်းသားနှင့် ...

"လင်းဝေ ... ချိုးချိုးကို ခေါ်သွားတာ ... ဟို ... ဟို"

"ဟုတ်တယ် ... ရဲထက်ပဲ"

"ဟင်"

"ချိုးချိုးကို သူတို့ မေ့ဆေးပဝါနဲ့ အုပ်ပြီး ခေါ်သွားကြတာ၊ ငါသတိမေ့နေတာ ဘယ်လောက်ကြာသွားပြီလဲ"

"ငါတို့ စ,တွေ့တုန်းကပဲဆိုရင် တစ်နာရီလောက်ရှိပြီ လင်းဝေ"

"ဟာ ... ဒါဆို"

လင်းဝေ သွေးပျက်သွားရသည်။ ဒီအချိန်အတွင်းမှာ ချိုးချိုး တစ်စုံတစ်ခုဖြစ်သွားခဲ့လျှင် ...

သူ မတွေးရဲ။

"ငါ ... ငါလိုက်သွားမယ်၊ ချိုးချိုးကို ရအောင် ပြန်ခေါ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းလင်းထွန်းက သူ့ကိုလှမ်းဆွဲပြီး ...

"သူတို့ ဘယ်ကိုခေါ်သွားတယ်ဆိုတာ မင်းသိလို့လား၊ မင်းက ဘယ်လို လိုက်မှာလဲ"

"အား"

လင်းဝေ အာခေါင်ခြစ်ပြီး အော်လိုက်မိသည်။

ခြူးခြူးကို သူတို့ ဘယ်ခေါ်သွားတာလဲ။ သူ မသိ။

သူ ဘာလုပ်ရမှာလဲ။

"တီ ... တီ ... တီ ... တီ"

"ဟာ ... အရေးထဲ ဒီဖုန်းက"

လင်းဝေ ဖုန်းကိုဆွဲထုတ်ကာ ပစ်ပေါက်မိမလိုဖြစ်သွားသည်။ ညီ ညီထွန်းက သူ့ကို လှမ်းဆွဲရင်း ...

"မလုပ်နဲ့ လင်းဝေ၊ ဒီအချိန်မှာ ဖုန်းက အရေးကြီးတယ်"

ညီညီထွန်းက ဖုန်းကိုယူကာ နားထောင်သည်။ အမူအရာ ပြောင်း သွားပြီး ...

"လင်းဝေ ... ခြူးခြူး ဘယ်မှာလဲဆိုတာ သိပြီ"

"ဟင်"

"နွယ်နီ ဆက်နေတာ၊ မင်းနဲ့ ပြောမယ်တဲ့"

လင်းဝေ ဖုန်းကို ကမန်းကတန်း ယူကာ နားထောင်လိုက်သည်။

"နွယ်နီ ... ခြူးခြူး ဘယ်မှာလဲဆိုတာ နင်သိတယ် ဟုတ်လား"

တစ်ဖက်မှ နွယ်နီနီလင်း၏အသံက ...

"ဟုတ်တယ် လင်းဝေ၊ ငါ ကိစ္စတစ်ခုနဲ့ အပြင်ထွက်ဟုန်း ... လိုက်ရတာ၊ ခြူးခြူးကို ကားတစ်စီးပေါ်မှာ မြင်လိုက်ရတယ်၊ သတိ...



www.burmeseclassic.com

www.burmeseclassic.com



တဲ့ပုံပဲ၊ သူနဲ့အတူ လူတစ်ယောက်လည်း ပါတယ်"

"အဲဒါ ... ရဲထက်ပဲ နွယ်နီ"

"ငါသိတယ်၊ ပြီးတော့ ... သူဟာ စိတ်ဝေဒနာရှင်တစ်ယောက် ဆိုတာလည်း ငါသိတယ်"

"ဟင် ... ဘယ်လို"

"ဟုတ်တယ် လင်းဝေ၊ ငါ့အဖေဆေးရုံကိုရောက်တုန်းက ငါ သူ့ကို မြင်ဖူးတယ်၊ အဲဒါကြောင့် သေချာပေါက်ပြောနိုင်တာ"

လင်းဝေ တုန်လှုပ်သွားမိသည်။

"ငါ ရဲစခန်းကို အကြောင်းကြားပြီးပြီ လင်းဝေ၊ ပြီးတော့ ... ဆေးရုံကတစ်ဆင့် ရဲထက်မိဘတွေဆီကိုလည်း အကြောင်းကြားထားတယ်"

"ခြူးခြူးက အခု ဘယ်မှာလဲ"

"ကားလမ်းပေါ်မှာပဲ ရှိသေးတယ် လင်းဝေ၊ ငါက ကားငှားပြီး သူတို့အနောက်က နောက်ယောင်ခံလိုက်နေတာ"

"ဘယ်နေရာလဲ"

"... နားမှာ"

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ကို ...

ကို ဘယ်မှာလဲ ...

ကို ဘာဖြစ်သွားသေးလဲ ...

တုတ်တွေကိုင်ထားတဲ့လူတွေက ကို့ကို ...

မျက်လုံးထဲမှာ အရိပ်တွေကို ပြန်မြင်နေရသည်။ သူမ အော်ဟစ်လိုက်မိ၏။

"..."

အော်သံက ထွက်ပေါ်မလာနိုင်ခဲ့။ နှုတ်ခမ်းကို တင်းကျပ်စွာ စည်းနှောင်ခံထားရသည့် အထိအတွေ့အောက်မှာ ပျောက်ကွယ်သွားရသည်။

"..."

"ဟား ... ဟား ... ဟား ... ဟား"



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်လုံးရှေ့မှာ မြင်နေရသည်က ရဲထက်။ ရဲထက်က တဟားဟားရယ်ရင်း ...

"ရှုန်းမနေပါနဲ့ ခြူးခြူးနွယ်၊ အဲဒီကြိုးတွေက ငါကိုယ်တိုင် သေသေချာချာ ချည်ထားခဲ့တဲ့ ကြိုးတွေပါ"

သူမတစ်ကိုယ်လုံး လှုပ်ရှား၍မရချေ။

သူမတစ်ကိုယ်လုံးကို ထိုင်ခုံတစ်ခုံနှင့် တွဲလျက် ချုပ်နှောင်ချည်နှောင်ထားခြင်းကို ခံထားရခြင်း ဖြစ်သည်။

ထိတ်လန့်တကြားဖြစ်နေသော သူမမျက်ဝန်းတွေကို ရဲထက်က သေသေချာချာ စိုက်ကြည့်လျက် ...

"မင်းက ဘဝအသစ်မှာ ချစ်သူအသစ်နဲ့ ပျော်ချင်နေတယ်ပေါ့ ... ဟုတ်လား။ ဘဝဟောင်းက ငါ့ကိုတော့ မင်းက မေ့ထားချင်တယ်ပေါ့"

ရဲထက်၏မျက်လုံးများက မီးဟုန်းဟုန်းတောက်နေသည့်အလား။ ထိတ်လန့်မှုကြောင့် သူမတစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေသည်။

ကိုရေ ...

ကို ... ဘယ်မှာလဲ ... ကို တစ်ခုခုဖြစ်နေပြီလား။

ခြူးခြူးကို လာကယ်ပါဦး ...။

ရဲထက်က တဟားဟားရယ်ရင်း ...

"မင်းမေ့နေတဲ့ ဘဝဟောင်းအကြောင်းကို ငါ ပြန်ပြောပြရမှာပေါ့။ မင်းက အတိတ်ဘဝတုန်းက ငါ့ချစ်သူဖြစ်ခဲ့သလို အခုဘဝမှာလည်း ငါပဲ ပိုင်ဆိုင်ရမယ်"

ဟင့်အင်း ... ဟင့်အင်း ...။

ခြူးမြတ်နွယ် ခေါင်းကို ယမ်းခါလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ခြူးမြတ်နွယ်၊ မင်းမမှတ်မိဘူး ... ဟုတ်လား၊ သေချာ စဉ်းစားပါဦး ခြူးမြတ်နွယ်၊ မင်းနဲ့ငါက ဘဝအဆက်ဆက် ပေါင်းခဲ့ကြတဲ့ ချစ်သူတွေလေ၊ ဘဝအဆက်ဆက် ... ဘဝအဆက်ဆက် ... ဘဝ"

ရဲထက်က သူရူးတစ်ယောက်လို တတွတ်တွတ်ရေရွတ်သည်။ သူ၏စကားသံက တဖြည်းဖြည်း တိမ်ဝင်သွားပြီး သူမကိုကြည့်နေသော အကြည့်ကလည်း ရုတ်တရက် ဖျော့မှိန်သွားသည်။

"စဉ်းစားကြည့်ပါဦးလား ခြူးမြတ်နွယ်ရယ်၊ မင်း မှတ်မိလာနိုင်မှာပါ"

အသံနှင့်အမူအရာက ခုနကနှင့်မတူဘဲ ပျော့ပျောင်းညင်သာသည်။ သူမအနားသို့ တိုးကပ်လာပြီး ...

"ဒီတစ်ညလုံး မင်း စဉ်းစားဖို့ အချိန်ရှိပါတယ်၊ အဲ ... မှတ်မိအောင် စဉ်းစားဖို့တော့ လိုမယ် ခြူးမြတ်နွယ်၊ ဒီညအတွင်းမှာ စဉ်းစားမရဘူးဆိုရင်တော့"

ရဲထက်မျက်နှာက သူမ၏မျက်နှာနှင့် အနီးဆုံးသို့ ငုံ့ကိုင်းကျလာသည်။ မျက်လုံးထဲမှ အရိပ်အယောင်တစ်မျိုးကို မြင်လိုက်ရပြီး ခြူးမြတ်နွယ် ရင်ထိတ်သွားသည်။

"အဟင်း"

ရဲထက်က တစ်ချက်ရယ်ပြီး ကိုယ်ကို ပြန်မတ်လိုက်သည်။

"ကိုယ် အကြမ်းမဖက်ချင်ပါဘူး၊ ဒါပေမဲ့ ဒီညအတွင်းမှ ခြူးမြတ်နွယ် စဉ်းစားလို့မရဘူးဆိုရင် ကိုယ်အစီအစဉ် ပြောင်းရလိမ့်မယ်၊ မင်းကို ကိုယ် ရတဲ့နည်းနဲ့ သိမ်းပိုက်ရလိမ့်မယ်"

အရှူး ... နင် အရူးပဲ ရဲထက်။


www.burmeseclassic.com

www.burmeseclassic.com



ခြူးမြတ်နွယ် စိတ်ထဲမှ ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။ ကြော်စီစီဖြစ်လာသော ရဲထက်၏အကြည့်တွေကိုလည်း သူမ ထိတ်လန့်စွာ မြင်လိုက်ရသည်။

ရဲထက် တဟားဟား အော်ရယ်လိုက်ရင်း ...

"စဉ်းစားပါ ခြူးမြတ်နွယ်၊ ကိုယ် တစ်ဖက်ခန်းမှာ ကိုယ်တို့နှစ်ယောက်အတွက် မင်္ဂလာအိပ်ခန်းကို သွားပြီး ပြင်ဆင်လိုက်ပါဦးမယ်၊ အဲ ... ကိုယ်ပြန်လာရင်တော့ 'မှတ်မိပြီ' ဆိုတဲ့စကားကိုပဲ ကြားချင်တယ်၊ ဒီလိုမှ မဟုတ်ရင်တော့"

ရဲထက်၏လက်တစ်ဖက်က သူမမျက်နှာအနီးသို့ ရုတ်ခနဲ မြောက်တက်လာသဖြင့် ခြူးမြတ်နွယ် အလန့်တကြားနှင့် မျက်လုံးမှိတ်လိုက်သည်။

သို့သော် သူမထင်သလိုမဟုတ်။ ရဲထက် သူမပါးစပ်ကို စည်းနှောင်ထားသော ပဝါကို ဆွဲဖြုတ်ယူသွားခြင်းဖြစ်သည်။

"စဉ်းစားနေရစ်ပါ ခြူးမြတ်နွယ်"

အခန်းတံခါးဖွင့်သံနှင့် ရဲထက် ထွက်သွားသော ခြေသံကို ကြားရသည်။

သူမ အသက်ရှူမှန်အောင် ကြိုးစားရင်း စိတ်ကို တည်ငြိမ်အောင်ထိန်းလိုက်သည်။ ရောက်နေသော နေရာကို အကဲခတ်လိုက်၏။

အခန်းတစ်ခန်းအတွင်းမှာဆိုသည်က လွဲ၍ ဘာမှမသိနိုင်ချေ။ သူမနှင့် မလှမ်းမကမ်းမှာ စားပွဲတစ်လုံး။ ထိုစားပွဲပေါ်မှာ ပုလင်းတစ်လုံးနှင့် ခွက်နှစ်ခွက်။ ပြီး ... စားပွဲ၏အနောက်မှာ ထိုင်ခုံတစ်လုံး။

ထိုမျှသာပင် ...။

ရဲထက် ဖွင့်ထားခဲ့သော တံခါးပေါက်ဆီ အကြည့်ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုအချိန် သူမကို ချည်ထားသည့် ကြိုးတွေကို ဖြည်နိုင်လျှင် ...

သူမ စတင်ပြီး ရုန်းကန်လိုက်သည်။

"..."

လက်ကောက်ဝတ်ဆီမှ နာကျင်မှုကို သူမ အသည်းခိုက်အောင် ခံစားလိုက်ရသည်။ ထိန်းထားသည့်ကြားမှပင် ညည်းညူသံက မသဲမကွဲ ထွက်သွားရသည်။

"အ"

တံခါးပေါက်ဆီကြည့်ရင်း သူမ အသက်ရှူသံတွေ ပြင်းထန်လာသည်။

ငါ ... လွတ်မှဖြစ်မယ် ... ငါလွတ်မှဖြစ်မယ်။

နာကျင်မှုကို အံကြိတ်ခံစားရင်း ခြူးမြတ်နွယ် ဆက်လက်ရုန်းကန်နေမိသည်။ လောလောဆယ် သူမ သိတာက ဤအနှောင်အဖွဲ့မှ လွတ်မြောက်ဖို့ပဲ ဖြစ်သည်။

သို့သော် ...

လွတ်မြောက်သွားသည်ပဲ ထားဦး ...

ဒီအိမ်မှာ ရဲထက်တစ်ယောက်ပဲ ရှိတာလား။

တခြား ဘယ်သူတွေ ရှိသေးလဲ။

ပြီးတော့ ... ဒီအိမ်က ဘယ်နားမှာလဲ။

ရဲထက်ကရော အခုအချိန်မှာ ဒီအိမ် လုံခြုံရေးကို အထိအခိုက် ခံမှာတဲ့လား။

ထိုအတွေးတွေက ခြူးမြတ်နွယ်ခေါင်းထဲမှာ ရှိမနေချေ။ သူမကို ချည်နှောင်ထားသော အချုပ်အနှောင်ကိုသာ ဆက်လက်ရုန်းကန်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကံတရားသည် သူမဘက်မှာ ရှိသည်ထင့်။

သူမကို ခုံနှင့်တွဲလျက် ချည်နှောင်ထားသည့် ကြိုးတွေ၏ပြေလျော့သွားမှုကို သိလိုက်ရသည်။

"ဟော"

အာမေဋိတ်နှင့်အတူ သူမ ဝမ်းသာသွားမိသည်။ ကြိုးတွေကို သူမကိုယ်ပေါ်မှာ ခပ်မြန်မြန် ဖြေလျော့ရင်း ထရပ်လိုက်၏။

ငါ ... ငါလွတ်ပြီ။

တံခါးပေါက်ဆီသို့ လှမ်းရန် ပြင်လိုက်စဉ်မှာပဲ သူမခြေလှမ်းတွေက အနောက်သို့ အလိုလို ဆုတ်သွားရလေသည်။

ထို့နောက် ...

သူမ အထိတ်တလန့်နှင့် အော်လိုက်မိ၏။

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

ဆိတ်ငြိမ်ရပ်ကွက်လေးတစ်ခုအတွင်းရှိ ခြံဝန်းကျယ်တစ်ခုအရှေ့သို့မရောက်မီ မလှမ်းမကမ်းမှာ Taxi ကားတစ်စီး ထိုးရပ်လိုက်သည်။

ကားပေါ်မှ ကောင်မလေးတစ်ယောက် ဆင်းလာသည်။ Taxi ကတော့ ရှေ့ဆက်မောင်းထွက်သွားလေ၏။

အချိန်က ည (၈) နာရီစွန်းစွန်း။

ကောင်မလေးက ခြံဝန်းရှေ့ မလှမ်းမကမ်းမှာပင် ရပ်ရင်း ဟိုကြည့်ဒီကြည့် လုပ်နေသည်။

ထို့နောက် ... သူ့လက်ထဲမှ ဟမ်းဖုန်း၏ခလုတ်တွေကို နှိပ်ကာ အလုပ်များနေသည်။

မကြာခင်မှာပဲ ...

နောက်ထပ် Taxi တစ်စီးက ရောက်ရှိလာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



Taxi ပေါ်မှ ကောင်လေးသုံးယောက်နှင့် ကောင်မလေးနှစ်ယောက် ဆင်းလာကြသည်။ ထို့နောက် နဂိုရောက်ရှိနေသော ကောင်မလေးဆီသို့ အပြေးအလွှား လျှောက်သွားကြသည်။

ပတ်ဝန်းကျင်ရှိ အိမ်များမှ သတိထားမိမည်ဆိုပါက သူတို့အားလုံး တစ်စုံတစ်ခုကို အရေးတကြီးပြောဆိုနေသည်ကို သိနိုင်လေသည်။

မည်သို့သော ကိစ္စတွေကို တိုင်ပင်နေကြသည်လဲ?။

ဒါကတော့ . . . သူတို့ပဲ သိနိုင်မည်။

မကြာခင်မှာပဲ ကောင်လေးတစ်ယောက်က ခြံတံခါးကို ကျော်ကာ ခြံဝန်းထဲသို့ တိတ်တဆိတ်ဝင်သွားသည်။

ထိုကောင်လေး ဝင်သွားပြီး ချက်ချင်းဆိုသလိုပဲ နောက်ထပ် ကောင်လေးနှစ်ယောက်ပါ ခြံဝန်းတံခါးကိုကျော်ကာ ဝင်သွားလေသည်။

အပြင်မှာ ကောင်မလေးသုံးယောက်သာ ကျန်ခဲ့၏။

ဆိတ်ငြိမ်ရပ်ကွက်လေးကတော့ နဂိုအတိုင်း အေးအေးလူလူပင်။

မရှေးမနှောင်းမှာပဲ မီးရောင်စူးစူးနှင့်အတူ ကားနှစ်စီးက ရှေ့ဆင့် နောက်ဆင့် ဆိုက်ရောက်လာသည်။

"ဂူး . . . ဗလူး"

ကောင်မလေးသုံးယောက်က ကားနှစ်စီး၏မီးအလင်းရောင်စူးစူး ကို လက်ကာရင်း ကြည့်နေကြသည်။

ကားနှစ်စီးအပေါ်မှ အမျိုးအစားမတူညီကြသော လူတွေ ဆင်းလာကြပြီး . . .

ထို့နောက် . . .

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"အား"

အခန်းတံခါးကို တွန်းဖွင့်ကာ ဝင်လာသော ရဲထက်ကိုကြည့်ပြီး ခြူးမြတ်နွယ် အထိတ်တလန့် အော်ဟစ်လိုက်မိသည်။

ရဲထက်လက်မှာ ကိုင်ထားသည်က ပြောင်လက်နေသော ဓားမြှောင် တစ်လက်။

ပြီး . . . ရဲထက်၏အမူအရာက ခုနကထက်ပို၍ ကြောင်စီစီ ဖြစ်နေ သည်။

ရဲထက်က . . .

"ခြူးမြတ်နွယ် . . . မင်း . . . မင်း ဘယ်သွားမလို့လဲ၊ ငါ့ကိုထားပြီး မင်းက ဘယ်ထွက်သွားမလို့လဲ"

ခြူးမြတ်နွယ် တုန်လှုပ်စွာနှင့်ပင် အနောက်သို့ ခြေလှမ်းဆုတ်ရင်း-



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ... ကျွန်မ မသွားပါဘူး"

ရဲထက်က ခါးကိုင်လျက်ပင် ရှေ့တိုးလာပြီး ...

"ဒါ ... ဒါဆို မင်း ဘာဖြစ်လို့ ထလာတာလဲ၊ မင်းကို ဘယ်သူက ကြိုးဖြည်ပေးလိုက်တာလဲ"

ခြူးမြတ်နွယ်က ...

"ရှင်ပဲ ကျွန်မကို ကြိုးဖြည်ပေးခဲ့တာလေ၊ ဘယ်သူက ဖြည်လို့ရမှာလဲ"

"ဟာင်"

ရဲထက်၏မျက်နှာက တွေခနဲ ဖြစ်သွားသည်။ မျက်မှောင်ကြုတ်သွားပြီး ...

"ဟုတ်လို့လား ... ငါ မင်းကို ကြိုးဖြည်သွားခဲ့ပေးတာလား"

"ဟုတ်တယ်"

သူမ အရဲကိုးလိုက်ခြင်းဖြစ်သည်။ အသက်ကို မှန်မှန်ရှူရင်း ရဲထက်၏မျက်နှာကို ကြည့်နေလိုက်သည်။

ရဲထက်က မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ...

"ငါက ဒီခါးကိုယူလာတာ မင်းကို ကြိုးဖြည်ပေးမလို့ပဲ၊ ဒါပေမဲ့ ... အခု"

ရဲထက်က စကားကိုရပ်ကာ သူမကို ကြောင်စီစီအကြည့်နှင့် ကြည့်နေသည်။ ထိတ်လန့်မှုကြောင့် သူမ အသက်ရှူမိသလို ဖြစ်သွား၏။

ရဲထက်က ...

"ငါက ကြိုးဖြည်ပေးခဲ့တယ်ဆိုတော့ ... ဘာလဲ ... ငါလိုချင်တဲ့ အဖြေကို မင်းက ပေးပြီးသွားပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဘယ်လို"

"ကျွန်မ နည်းနည်းမှတ်မိလာပြီလေ၊ အဲဒါကြောင့်ပဲ ရှင်ကိုယ်တိုင် ကြိုးဖြည်သွားခဲ့တာပဲ၊ ရှင် မမှတ်မိဘူးလား"

"တကယ်"

ရဲထက်က ကြောင်စီစီပြုံးပြီး ရှေ့တိုးလာသည်။

"တကယ် . . . တကယ်ပဲပေါ့ ခြူးမြတ်နွယ်၊ မင်း မှတ်မိလာပြီပေါ့"

သူမ မသိမသာပင် နောက်သို့ တစ်လှမ်းဆုတ်ရင်း . . .

"အင်း . . . ကျွန်မ မှတ်မိလာပြီလေ၊ ဒါပေမဲ့ . . . ပြည့်ပြည့်စုံစုံ သိရအောင် စဉ်းစားပါရစေဦး၊ ရှင် ခွင့်ပြုနိုင်တယ် မဟုတ်လား"

ရဲထက် ခေါင်းညိတ်ပြသည်။

"ရှင့်လက်ထဲက ဓားကို မလိုအပ်တော့ဘူးဆိုရင် ခဏလောက် ဘေး ချထားလိုက်ပါလား"

"အား . . . ဟုတ်တာပေါ့၊ မင်းလန့်သွားရင် ဘယ်လိုစဉ်းစားလို့ရ တော့မှာလဲ၊ သွားစမ်း . . . ဒီဓား"

ရဲထက်က ဓားကို မလှမ်းမကမ်းသို့ ပစ်ချလိုက်သည်။ သူမကို ကြည့် နေသော အကြည့်တွေကတော့ ကြောင်စီစီပင်။

"မင်း . . . စဉ်းစားလေ . . . စဉ်းစား ကိုယ်စောင့်နေတယ်၊ ပြီးရင် တော့ . . . ဟီးဟီး'

သူမ၏နောက်ကျောက နံရံနှင့် ကပ်သွားရသည်။ အကြည့်တွေက တော့ ရဲထက် လွှတ်ချလိုက်သော ဓားကိုတစ်လှည့်၊ အခန်းပေါက်ဝဆီသို့ တစ်လှည့်။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ...

ရဲထက်အလစ်မှာ သူမ ပြေးထွက်လိုက်သည်။

သို့သော် ...

"ဟာ ... မင်း"

"အမေ့"

ရဲထက်၏သန်မာသော လက်များ၏ ထိန်းချုပ်မှုအောက်သို့ သူမ ရောက်ရှိသွားရသည်။

ရဲထက်က အသံဝါကြီးနှင့် ...

"မင်း ... မင်း ငါ့ကိုလိမ်တယ်၊ ငါ့ကို လိမ်တယ်"

ရဲထက်က သူမ၏ခန္ဓာကိုယ်ကို နံရံတစ်ဖက်သို့ ပစ်တွန်းချလိုက်သည်။ သူမ၏ခန္ဓာကိုယ်က လွင့်ခနဲ ဖြစ်သွား၏။

"အင့်"

ဦးခေါင်းနှင့် ကြမ်းပြင် ဆောင့်မိကာ သူမမျက်လုံးတွေ ပြာဝေသွားသည်။ ကယ်မည့်သူ မရှိသည့်ဘဝမှာ ချူးမြတ်နွယ် အားယူကာ ကြိုးရုန်းထလိုက်သည်။

ရဲထက်က သူမကို စူးစူးဝါးဝါး ကြည့်လျက် ...

"ငါ့ကို လိမ်တဲ့အတွက် မင်းကို ငါသတ်မယ်၊ ပြီးတော့ ... တမလွန်ဘဝမှာ မင်းနဲ့ငါ ပေါင်းကြတာပေါ့ ချူးမြတ်နွယ်"

ရဲထက်က သူလွှတ်ချလိုက်သော ဓားကို ကောက်ကိုင်ဟန်ပြင်သည်။

သို့သော် ထိုအချိန်မှာပဲ အခန်းထဲသို့ ပြေးဝင်လာကာ ဓားကို ကန်လိုက်သူတစ်ယောက်ကြောင့် ဓားက အခန်းထောင့်တစ်နေရာသို့ လွင့်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်း"

ထိုအတူ ရဲထက်၏ခန္ဓာကိုယ်ကလည်း ထိုလူ၏ထိုးနှက်ချက်တစ်ချက်ကြောင့် ပစ်လဲကျသွား၏။

"ကို"

ခြူးမြတ်နွယ် အံ့ဩတကြီး ခေါ်လိုက်မိသည်။

ကို ...။

သူမ၏ 'ကို' ...။ လင်းဝေ။

ဒါဆို ... ကို ဘာမှမဖြစ်ဘူးပေါ့။

ဝမ်းသာစိတ်က သူမ၏ရင်ထဲမှာ အတိုင်းအတာမရှိ ဖြစ်သွားရသည်။

"ခြူးခြူး"

လင်းဝေ၏ခန္ဓာကိုယ်ကို သူမ အားကိုးတကြီး ဖက်တွယ်လိုက်သည်။

"ကို ... ကိုရယ်"

"ခြူးခြူးရယ် ... တော်သေးတာပေါ့၊ ကိုယ် အားလုံးကို သိလိုက်ရတဲ့အချိန်မှာ အချိန်မီသွားလို့သာပေါ့၊ ကိုယ်သာ တစ်ခုခုမှားခဲ့ရင်"

"အား ... ကို ... ကို"

ခြူးမြတ်နွယ် အထိတ်တလန့်ဖြင့် အော်လိုက်မိသည်။

ခါးကိုကိုင်ကာ လျှောက်လာသော ရဲထက်။

လင်းဝေက လှမ်းကြည့်ရင်း ...

"ခြူးခြူး ... ကိုယ့်နောက်မှာနေ"

လင်းဝေစကားအဆုံးမှာပဲ အနားရောက်လာသော ရဲထက်က အသံနက်ကြီးနှင့် ...

"သေပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ရဲထက်၏လက်မှာ ကိုင်ထားသော ဓားဓါဦးတည်ချက်က ခြူးမြတ်နွယ် ဆီသို့ ဖြစ်သည်။

"ခြူးခြူး"

လင်းဝေ၏အော်သံ။

ခြူးမြတ်နွယ်၏ခန္ဓာကိုယ်က ပုံလျက်လဲသွားရသည်။ လင်းဝေက သူမကို တွန်းထုတ်လိုက်ခြင်းဖြစ်၏။

ရဲထက်လက်မှာကိုင်ထားသော ဓားဓါဦးတည်ချက်က . . . ခြူးမြတ်နွယ် ကို တွန်းထုတ်လိုက်သော လင်းဝေဆီသို့ . . .

"အား"

အခြေအနေအဖြစ်အပျက်က မြန်ဆန်လွန်းလှသည်။ အော်သံနှင့် အတူ ရဲထက် လဲကျသွား၏။ သူ့လက်ထဲမှ ဓားကလည်း လင်းဝေဆီသို့ မရောက်မီမှာပင် လွတ်ကျသွားသည်။

ညီညီထွန်းက တုတ်တစ်ချောင်းကိုင်လျက် ရပ်နေသည်။

"ကျေးဇူးပဲ ညီညီထွန်း။ မင်းရောက်တာ မြန်လို့"

"ရတယ် . . . လင်းဝေ"

ထိုအချိန်မှာပဲ အပြေးအလွှားခြေသံတွေနှင့်အတူ . . .

အခန်းထဲသို့ ရဲသားတွေ ရောက်လာသည်။ လဲကျနေသော ရဲထက်ကို သက်ထိပ်ခတ်လိုက်၏။

▲▲▲



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ကောင်းကင်က ပကာတိပြာစင်နေသည်။

'ခုနစ်စင်ကြယ်' ဆိုင်လေးအတွင်းမှာရှိနေကြသော လင်းဝေတို့အားလုံးမှာလည်း လွတ်လပ်ပေါ့ပါးသော စိတ်ကိုယ်စီနှင့်အတူ။

ဆိုင်ရှင်ဦးအောင်စိုးက ...

"မင်းတို့အဖြစ်က တကယ့်ကို လန့်စရာပဲကွ၊ ဒါဆို ... အဲဒီရဲထက်ဆိုတဲ့ ကောင်လေးက စိတ်ဝေဒနာရှင်ပေါ့"

နွယ်နီနီလင်းက ခေါင်းကို ဟန်ပါပါ ညိတ်ကာ ...

"ဟုတ်တယ်၊ ပြောရရင် ရဲထက်က ကျွန်မအဖေရဲ့အဓိက လူနာထဲမှာ ပါတယ်၊ သူက စိတ်ကူးယဉ်တာတွေ အရမ်းများပြီး အဲလိုဖြစ်သွားတာ၊ သူ့စိတ်ကူးထဲမှာ ဖန်တီးထားတဲ့ ဇာတ်လမ်းကို သူ့ကိုယ်သူ တလွဲယုံထင်နေတာ၊ ခြူးခြူးကိုလည်း သူ့ဇာတ်လမ်းထဲက သူ့ချစ်သူဆိုပြီး ထင်သွားတာပဲ


www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာပဲ သူ့အပေါင်းအသင်းတွေဆီကတစ်ဆင့် ချိုးချိုးဆီကို စာတွေပို့တာ"

"အင်း"

ဦးအောင်စိုးက ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး . . .

"အဲလို ဝေဒနာရှင်မျိုးတွေကို ဦးလည်း တွေ့ဖူးပါတယ်၊ စိတ်ကူးယဉ်လွန်းပြီး စိတ်ဝေဒနာ ဖြစ်သွားတာတွေပဲပေါ့၊ အခုကိစ္စမှာတော့ မင်းတို့ တကယ်ကံကောင်းတယ်ဟေ့ လင်းဝေ၊ မင်း သူငယ်ချင်း နွယ်နီသာ မင်းကောင်မလေးကို မတွေ့လိုက်ရဘူးဆိုရင် အခြေအနေက တွေးတောင်မတွေးဝံ့ဘူး"

လင်းဝေနှင့်ချိုးမြတ်နွယ် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကာ သက်ပြင်းပြိုင်တူချမိသည်။

နွယ်နီနီလင်းက . . .

"လင်းဝေ . . . နင် ငါ့ကို စုံထောက်ရှူးမလို့ ပြောဦးမှာလား"

"ဟင့်အင်း"

"နင်သောက်နေကျ ဆေးပေါ့လိပ်ကိုရော ငါ့ကို ဖွာခိုင်းဦးမှာလား"

"မဖွာခိုင်းတော့ပါဘူး"

နွယ်နီနီလင်းက သူ့အကွက်ဝင်တုန်းမို့ လင်းဝေကို ဖိပြောလေသည်။ လင်းဝေမှာလည်း ဘာမှပြန်မပြောသာပါ။ သူက ကိုယ့်ကျေးဇူးရှင်ဖြစ်နေသည်ကိုး။

အမှန်တကယ်လည်း နွယ်နီနီလင်းကို လင်းဝေ ကျေးဇူးတင်ပါသည်။ သူမ,သာ ချိုးချိုးကို မတွေ့ခဲ့လျှင် ချိုးချိုးဘဝသည် ရဲထက်လက်ထဲမှာ မည်သို့ဖြစ်သွားမည်ကို မတွေးရဲ။

"ဟော့"

"ဟော့ . . . ဟော့ . . . ဒီမှာလေ . . . ဒီမှာ အချစ်လေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်းအလှည့် မဟုတ်သေးဘူးလေကွာ၊ နောက်တစ်ယောက်ကျမှ မင်းအလှည့်"

"မသိဘူးကွာ"

ညီညီထွန်းနှင့်ဝင်းလင်းထွန်းက လမ်းပေါ်မှ ဖြတ်သွားသည့် ကောင်မလေးတွေကို အလှည့်ကျ လိုက်စ,နေကြလေသည်။

"အရေးထဲ ... သူတို့က"

"ဟုတ်ပ"

ဖင်မာမြင့်နှင့်ဆုလှိုင်တို့က မျက်စောင်းတခဲခဲ။

"သူတို့ကိုပါ ရွာသားကြီး ပိုပစ်ရမှာ၊ နှာဗူး, တောက်တဲ့, မယားတရှူးတွေ"

နွယ်နီနီလင်းစကားကြောင့် အားလုံး ရယ်ကြရသည်။

ဦးအောင်စိုးက တစ်စုံတစ်ခုကို သတိရသွားပုံနှင့် ...

"ဟာ ... လင်းဝေ၊ ရှိတယ်ကွ ရှိတယ်"

"ဗျာ ... ဘာလဲ ဦးစိုး"

"မင်းကို မေးစရာ ဉာဏ်စမ်းအသစ်လေးတွေ ရှိနေပြီလို့ ပြောတာ၊ ပထမတစ်ခုကို မေးရမယ်ဆိုရင်ကွာ ... ဒီလို"

ဦးအောင်စိုးက မနေနိုင်တော့ဟန်ဖြင့် မေးခွန်းစ,ရန် ပြင်သည်။

လင်းဝေ စိတ်ညစ်ချင်သွားသည်။ အရေးထဲ ဦးအောင်စိုးကလည်း တစ်မျိုးပင်။

ဒီအချိန်မှာတော့ သူ ခေါင်းစားချင်တိုင်း လင်းဝေ ခေါင်းစားမခံနိုင်။

"နွယ်နီ"

"ဟော ... ဘာလဲ လင်းဝေ"



www.burmeseclassic.com

www.burmeseclassic.com


"နင့်ကို ဆရာတင်တဲ့ အထိမ်းအမှတ်နဲ့ ဦးစိုးမေးမယ့် မေးခွန်းကို နင်ပဲ ဖြေလိုက်တော့ဟာ၊ ငါတို့ကတော့ သွားပြီ"

"ဟဲ့ ... ဘယ်တုန်း"

လင်းဝေ အဖြေပြန်မပေးခဲ့တော့။

ခြူးခြူး၏လက်ကလေးတစ်ဖက်ကို ဆွဲကိုင်လိုက်ပြီး ဆိုင်ထဲမှနေ၍ နှစ်ယောက်သား အပြေးထွက်ခဲ့ကြတော့သည်။

▲

ခြူးခြူးက ကန်ရေပြင်ကို ငုံ့ငေးရင်း ...

"ကို"

"ဟင်"

"ဟိုးမှာတွေ့လား ... ငါးလေးတွေ အရမ်းလှတယ်"

"အင်းနော်"

ကြည်လင်နေသော ရေပြင်အောက်မှာ အရောင်စုံငါးလေးတွေက သူ့အုပ်စုနှင့်သူ ကူးခတ်နေကြသည်။

ပြာလွင်သော ကောင်းကင်ပြင်က ကန်ရေပြင်မှာ အရိပ်ထင်နေ၏။ ခြူးခြူးက ကဗျာဆန်စွာ ပြောလာသည်။

"ကြည့်ပါဦး ... မသိရင် ငါးလေးတွေက ကောင်းကင်မှာ ပျံနေသလိုပဲ"

လင်းဝေ သဘောတကျ ရယ်လိုက်မိသည်။ တစ်ဆက်တည်း ...



www.burmeseclassic.com

www.burmeseclassic.com


"သူတို့ကိုကြည့်ရတာ ခြူးခြူးစိတ်ထဲ ဘယ်လိုနေလဲ"

"လွတ်လပ်သလို ခံစားရတယ်"

"ခြူးခြူးကိုယ်တိုင်ရော အဲလိုမလွတ်လပ်ချင်ဘူးလား"

"အင်း"

"ဒါဆို ကိုယ်ပြောသလို လုပ်ကြည့်လေ"

"ဘာလဲ"

"ခြူးခြူးကိုယ် ခြူးခြူး သိုက်ကလာတယ်ဆိုတဲ့အစွဲကို ဖျောက်ပစ်လိုက်"

ခြူးခြူးက သူ့ကို စိုက်ကြည့်သည်။ ပြီးတော့ ...

"အဲဒါ ... အစွဲအလမ်းသက်သက်မဟုတ်ဘဲ တကယ်ဟုတ်တယ်ဆိုရင်ကော"

လင်းဝေ နှုတ်ဆွံ့သွားမိသည်။ ခြူးခြူးက သူ့မျက်လုံးအိမ်ထဲကို အတော်ကြာအောင် စိုက်ကြည့်နေပြီးမှ ရုတ်တရက် ရယ်ကာ ...

"အဲဒီအစွဲက ဖျောက်စရာတောင် မလိုတော့ပါဘူး ကိုရဲ့၊ ခြူးခြူးဆီမှာ အဲဒီအစွဲက လုံးဝကို မရှိတော့တာ"

"ဟင် ... တကယ်လား ခြူးခြူး"

ခြူးခြူးက ခေါင်းလေးညိတ်ကာ သူ့ပခုံးတစ်ဖက်ပေါ် စောင်းမှီလာရင်း ...

"ဟုတ်တယ် ကို၊ ဘာကြောင့်လဲတော့ မသိဘူး။ ဒီအဖြစ်အပျက်တွေအားလုံး ကြုံပြီးတဲ့အချိန်မှာ ခြူးခြူးဆီမှာ အဲဒီအစွဲ လုံးဝမရှိတော့ဘူး။ ပြီးတော့ ... ခြူးခြူး မက်နေကျ အိပ်မက်တွေလည်း မမက်တော့ဘူး၊ အဲဒါ ထူးဆန်းဘူးလား ကို၊ ဟင် ... အဲဒါ ဘာကြောင့်လို့ ကို ထင်လဲ"


www.burmeseclassic.com

www.burmeseclassic.com



လင်းဝေ ကန်ရေပြင်ဆီသို့ အတန်ကြာအောင် ငေးမိသွားသည်။ ခြူးခြူး၏မေးခွန်းအတွက် လင်းဝေမှာ အဖြေစကား ရှိမနေပါ။ ဘယ်တော့မှလည်း အဖြေပေးနိုင်လိမ့်မည် မဟုတ်ပါ။

လင်းဝေက ခြူးခြူးပခုံးတစ်ဖက်ကို အသာအယာ ဆွဲဖက်လိုက်ရင်း–

"ဘာကြောင့်ပဲဖြစ်ဖြစ်ပေါ့ ခြူးခြူးရယ်၊ ကံတရားက ကိုယ်တို့ကို ဖေးကူလိုက်တယ်လို့ပဲ သတ်မှတ်လိုက်ပေါ့"

"အင်းနော်"

ခြူးခြူးက တစ်စုံတစ်ခုကို အတွေးရောက်သွားသလို တွေငေးငေးလေး ဖြစ်သွားသည်။

"ခြူးခြူး ... ဘာတွေစဉ်းစားနေတာလဲ"

"ဟင် ... မစဉ်းစားပါဘူး ကိုရဲ့"

"ကိုယ်နဲ့ လိုက်ခဲ့မယ်မလား"

"ဟင် ... ဘယ်ကိုလဲ"

လင်းဝေက လက်ညှိုးညွှန်ပြလိုက်သည်။

"ဟိုး ... ကောင်းကင်ကြီးဆီ"

ခြူးခြူးက တခစ်ခစ်ရယ်ပြီး ...

"ကို ခေါ်ရင် လိုက်မှာပေါ့၊ ကိုက တကယ်ခေါ်သွားနိုင်လို့လား"

"အင်း .. ခေါ်သွားနိုင်တယ်၊ ခြူးခြူး လိုက်မယ်ဆို မျက်လုံးမှိတ်ထား"

ခြူးခြူး၏မျက်လုံးလေးများက အသာအယာမှေးမှိတ်ကျသွားသည်။ ပင့်မော့ထားသောမျက်နှာလေးက လင်းဝေ ခေါ်ဆောင်သွားမည့် အချစ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကင်ကြီးဆီသို့ လိုက်ပါရန် အသင့်။

ရင်ခုန်သံများကသာ သူတို့နှစ်ယောက်၏ကောင်းကင်ထက်မှာ မုန်တိုင်းဖွဲ့နေလေသည်။

ထိုမုန်တိုင်းသည် အယောင်ဆောင်မုန်တိုင်းတစ်ခုမဟုတ်။

တစ်နာရီလျှင် မိုင် (၁၅၀၀) နှုန်းဖြင့် ဘဝတစ်လျှောက်လုံး ဆက်လက်ရွေ့လျားတိုက်ခတ်နေတော့မည့် အချစ်မုန်တိုင်းတစ်ခု ဖြစ်ပါတော့သည်။

လေးစားစွာ . . .

သွန်းဆစ်

www.burmeseclassic.com

www.burmeseclassic.com

# သွန်းဆစ်

## ထွက်ပြီးလုံးချင်းဝတ္ထုများ


၁။ လှုလှုသုသုအချစ်

၂။ ပန်းပေးပြီလား

၃။ အရှုပ်ထုပ်တစ်ကောင်ရဲ့ဖြောင့်ချက်

၄။ လိမ်ဆင်

၅။ မေ့ခ

၆။ ပုံတူ

၇။ လေးကြောင်းမျဉ်း

၈။ ဗီလိန်မပါတဲ့ဇာတ်လမ်း

၉။ ကစားပွဲ


**ယခုလ**


၁၀။ မြတ်ပိုင်း


www.burmeseclassic.com

www.burmeseclassic.com

# " ဝက်ကြီးရှင် "

- တစ်ကာယ်တမ်းတော့
  နှစ်ယောက်ပေါင်းတစ်ဘဝ
  နှစ်ကိုယ့်တစ်စိတ်နဲ့
  ဘဝကိုရပ်တည်မယ်လို့
  အိပ်မက်မက်ခဲ့ဖူးတယ်....။

- နင်ပါမှပြီး
  နင်ရှိမှပျော်
  နင်စေရာကခဲ့တာလဲပါပဲ့
  ငါ့အသွေးပေးရ ပေးရ
  ပဒါနမထား
  နင့်ကိုအရှုံးအမှုးငါမြတ်နိုးခဲ့တယ်....။

- အမှန်တော့
  ဝက်ခနကိုမက်မော
  ငွေကိုရေလိုသုံးတဲ့
  နင်တို့အသိုင်းအဝိုင်းကို
  ငါအသိနောက်ကျခဲ့ပြီ
  ဝက်ကြီးရှင်နင့်ကို ငါမိုက်မဲစွာ
  မြတ်နိုးခဲ့မိတာ ငါ့အမှားတွေပါ..။

နှင်းသီရှင် (ရွှေကျင်)

www.burmeseclassic.com